


www.burmeseclassic.com
ရှင်မိထယ်
မင်္ဂလာ ဂွတ်ဒ် ရှယ်
L လင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိထယ်

မော်လာ ဂွတ်(ဒ်)ရှယ်

တာမူခွင့်ပြုချက်အမှတ်
၅၀၁၆၀၃၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၅၈၄၁၂၀၉

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မိထယ်
မော်လာဂွတ်(ဒ်)ရှယ်/ရှင်မိထယ်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈– စာ၊ ၁၂×၁၈ စင်တီ။
(၁) မော်လာဂွတ်(ဒ်)ရှယ်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိတယ်


## မင်္ဂလာ ဂွတ်ဒ်ရှယ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com








မင်္ဂလာရှိရာမှာ
မင်္ဂလာအထူးကောင်းတယ် ဆိုတာ
ကြားဖူးပါလိမ့်မယ်။
အဲဒီလို မင်္ဂလာအထူးကောင်းတဲ့
နေရာကိုလည်း
မင်္ဂလာတည်နေရာလို့
ခေါ်လို့ရပါတယ်
ဟုတ်တဲ့ယ်နော် ...။

www.burmeseclassic.com

www.burmeseclassic.com







# ၁

"ဟဲ့ ... ထူးဆန်းလိုက်တာ၊ လာကြည့်စမ်း၊ လာကြည့်စမ်း"

နော အသံ ကျယ်လောင်လောင်ကြီးက သူ့နားထဲကို တစ်လုံးတစ်ခဲကြီး ပစ်ဝင်လာခဲ့သည်တွင် သူ့မျက်လုံးတွေ မှေးနေရာမှ ပြူးကျယ်ပွင့်ထွက်သွားသည်အထိ လန့်နိုးသွားခဲ့ရလေသည်။

အင်း ... နောတို့က လုပ်လိုက်မှဖြင့် အထိတ်တလန့်။ အချိန်မရှိသည် ရှိသည် အပထား။

အရေးကြီးတာ သူမ ပြောချင်သည့် စကားကို အနေးလောလောဆယ် ပြောလိုက်ရမှ ကျေနပ်ခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကလေးဆန်ဆန်လေးနှင့် ဆိုးနွဲ့တတ်သည့် ညီမလေးကို သူ ငုံထားမတတ် ချစ်ခဲ့မိသေမယ့် အခုလို သန်းခေါင်ကျော်ကြီး အိပ်ရာထဲကိုပြူးတူးပြဲတဲ ရောက်လာတာကိုတော့ လက်မခံနိုင်လောက်အောင် ထပြီးဟိန်းဟောက်ပစ်လိုက်မိတော့သည်။

"ဟာ ... ဘာလဲကွ မိနော့ရ၊ နင် လုပ်လိုက်မှဖြင့် ဒီမှာ ငါ အိပ်ပျော်နေတာ၊ တယ် ... နားရင်းပြေးတီးလိုက်ရ နားပင်းဘ၀ ရောက်သွားဦးမယ်"

"ဟမ်း ... ကိုကိုနော်၊ ဘာမှ အိမ်တွင်းရေးရာ မသိဘဲနဲ့ လျှောက်ပြီး ဟောင်ဖွာ ဟောင်ဖွာ လုပ်ဖို့ပဲ တတ်တယ်"

"အောင်မယ် ... နင်က ငါ့ကိုများ ဟောင်ဖွာ ဟောင်ဖွာ ပြောရအောင်၊ ဟင်း ... လုပ်လိုက်လို့ သေဦးမယ်"

"အမ်း"

နောက ပိုပိုသာသာလေး "အမ္ဗး"ခနဲအော်ပြီး လက်သီးဆုပ်ကြီးနှင့် နောမျက်နှာလေးနား ကပ်လာသည့် ကိုကို့လက်သီးကြီးကို ပိတ်ဆွဲပစ်လိုက်ကာ မျက်စောင်းလှလှလေး ဒိုင်းခနဲ ခဲပစ်လိုက်လေသည်။





"မျောက်ရုပ်နဲ့ ငါ့ကို မျက်စောင်းထိုးပြမနေနဲ့"

"ကိုကိုနော် ... ကိုကိုက ကိုကို့ရည်းစားတွေကျ ဒီလိုပြောလား"

"မပြောဘူး"

"ဘယ်ပြောမလဲ၊ ကိုကိုက နှာရေတဲ့လျှောက်ကိုး၊ တရှုးဟောတောက်လျှောက်ဖြစ်နေတာ"

"ဟဲ့ ဟဲ ... ဟုတ်တယ်၊ ဟုတ်တယ်၊ ဟာ ... မှုတ်ဘူး ... မှုတ်ဘူး"

မောင်နှမနှစ်ယောက် စကားဝိုင်းကျသွားရင် ပေါ်တာအမြဲတမ်း ပေါ်လွင်သွားခဲ့တာကြီးကလည်း နောတို့ မောင်နှမနှစ်ယောက်ရဲ့ ရိုးသားပွင့်လင်းမှုတွေပဲ ဖြစ်ခဲ့သည်။

ရိုးသားပွင့်လင်းမှုစိတ်ဓာတ်ရှိပြီး လှကတော့ မောင်နှမနှစ်ယောက်စလုံး လည်လိုက်တာ ဂျင်ပါပဲ။

လည်ဝယ်ပါးနပ်သည့် ဒီမောင်နှမထဲမှာတောင် နောက ပိုပြီးပါးရည်နပ်ရည် ရှိခဲ့လေသည်။

အဲဒီလို ပါးရည်နပ်ရည် ရှိလို့လည်း မာမီရဲ့အထာကို ညကြီးအချိန်မတော် ကိုကိုနဲ့အတင်းအုပ်ဖို့ ကိုကို့အခန်းထဲကို အခုလို ခိုးကြောင်ခိုးဝှက် ရောက်လာခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ကိုကို ... ကိုကို အခုတလောမှာ မာမီ ယောက်ယက်ခတ်နေတာကို ဘာမှမသိပါလား။

"ဟင်"

အခုမှ နော လာရင်းကိစ္စကို သတိရသွားကာ သူမ နဖူးကလေးကို ဖတ်ခနဲ ပိတ်ရိုက်ပြီး ဂျင်းဘောင်းဘီခါးချိုးထဲ စတိုင်မိုက်မိုက် လက်နှိုက်ကာ ...

"ကိုကို ... လိုရင်း တိုရှင်း စကားမရောက်ဘူး၊ ဒီမှာ ပြောမလို့ နားငှထောင်"

"အင်း ... အင်း ပြော၊ ငါ ပြန်အိပ်တော့မယ်၊ မျက်စိတွေက စပ်လိုက်တာကွာ၊ ဘယ်နနာရီထိုးပြီလဲ၊ နာရီကြည့်စမ်း နော"

"အင်း ... အခုမှ ဆယ့်နှစ်နာရီ ရှိပါသေးတယ်၊ ဒီအချိန်က လူငယ်တွေအိပ်တဲ့အချိန် မရောက်သေးပေမယ့် လူကြီးတွေအိပ်တဲ့အချိန်တော့ ရောက်ပြီနော် ကိုကို"

"အေးလေဟာ"

"ဒါပေမဲ့ မအိပ်သေးတဲ့ လူကြီးတစ်ယောက်ရှိတယ်"

"နော ... မရစ်နဲ့ကွာ၊ ပြောမှာဖြင့် တည့်တည့်ပြော"





"ဒါဆိုလည်း တည့်တည့်ပြောမယ်၊ တည့်တည့်ပြမယ်"

"ဟ ... ဘာလဲ ရွှေနော။ ငါကွာ သေချင်ပါတယ်"

ကိုကိုက နော စကားကို တစ်မျိုးကောက်သွားပြီး ရှုံ့ရှုံ့တွတွ မျက်နှာကြီးနှင့် ခေါင်းက သူ့ရဲ့အထောင်ကလေးကို ပြားသွားအောင် တဖြီးဖြီး ကုတ်လိုက်လေသည်။

ကိုကို့ကိုကြည့်ပြီး နော ရယ်ချင်သလို ရှိသွားခဲ့ပေမယ့် မာမီ့လုပ်ရပ်ကြီးကို သည်းနာလွန်းလို့ နှုတ်ခမ်းလေးကို စုမဲ့ပစ်လိုက်ပြီး ကိုကို့ကိုယ်လုံးကြီးကို အနောက်ကနေ သိုင်းဖက်ကာ အခန်းအပြင်သို့ ဆွဲခေါ်လာခဲ့လိုက်သည်။

"ဟ ... ဘယ်လဲ နော၊ ငါ အိပ်ချင်တယ် ပြန်အိပ်မပျော်မှာစိုးလို့ ငါ မျက်စိမှိတ်ပြီး လိုက်လာရတာ၊ ရှုပ်လိုက်တာကွာ"

"အင်း ... ကိုကို တော်ကြာမှ မေးနေတဲ့ ကိုကို့မျက်စိပေါက် ဆန်ကောလောက် ကျယ်ထွက်သွားမယ်"

"အေးနော် ... ဟုတ်ချင်ဟုတ်၊ မဟုတ်လို့ကတော့ ငါ့တော့ အတွေ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကိုကိုက နောက်ကို အရှုံးပေးလိုက်ရပြီး နောခေါ်တဲ့အနောက် မာမီအိပ်ခန်းဆီသို့ ရောက်ရှိလာရလေသည်။

မာမီအခန်းရှေ့ရောက်တော့ ကိုကိုက မျက်လုံးကလေး ပြူးကျယ်သွားသလို နောက်ကို တစ်ချက်ငုံ့ကြည့်ပြီး ...

"ဘာလဲ နော၊ မာမီ ဘာဖြစ်လို့လဲ"

"တိတ်တိတ်ချောင်း၊ အေးအေးဆေးဆေးကြည့်၊ ငါ တံခါးဖြည်းဖြည်းဖွင့်မယ်"

"အင်း ... အင်း"

ဒီတော့မှ ကိုကိုကလည်း ဒီရက် ဒီလပိုင်းမှာ ထူးခြားလွန်းနေသည့် မာမီ့ကို စိတ်ဝင်စားသွားသည်။

နောကတော့ စောစောက သူ့စိုးချောင်း ချောင်းတဲ့အတိုင်းပင် မာမီ အိပ်ခန်းတံခါးဘုသီးလေးကို ထိန်းပြီး ခပ်ဖြည်းဖြည်းကလေးဖွင့်လျက် ကိုကို့ကို ခေါင်းပြူကြည့်စေလိုက်သည်။

အဲဒီအချိန်မှာပဲ ...

မာမီက အရွယ်နဲ့မလိုက်အောင် ဖုန်းတစ်လုံးနှင့် အီလုံးရိုက်နေတာကို ကိုကိုရော နောပါတွေ့မြင် ကြားသိလိုက်ရလေသည်။



"အင်း ... အင်းပါ ... အစ်ကိုရဲ့၊ ကလေးတွေ အခုလောလောဆယ် သိလို့ ဘယ်ဖြစ်ဦးမလဲ၊ အဟင်း ဟင်း ... ဟုတ်တယ် အစ်ကို၊ ဟာ ... အစ်ကိုကလည်း ဘာတွေလျှောက်မေးနေတာလဲ၊ ကလေးကလားနော်၊ အဟင်း ... အင်းပါဆိုမှ၊ ဟုတ်တယ်၊ အဲဒါက နောက်မှ ဖြည်းဖြည်းစဉ်းစားရမှာ၊ ဃမီးငယ်က အရမ်းဆိုးတာ အစ်ကိုရဲ့၊ အစ်ကို့သားက စိတ်ကြွပ်ကြွပ်နဲ့ ဖြစ်ပါ့မလား"

"ဟင်"

ဒီတစ်ခါတော့ ယောက်ျား ဘယ်လိုမှ သည်းမခံနိုင်အောင် စိတ်က လွတ်ထွက်သွားခဲ့ရလေပြီ။

ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ တံခါးလေးဟရုံ့ဖွထားသည့် နောလက်ကလေးကို အတင်းဆွဲခါပြီး တံခါးကို "ဝုန်း"ခနဲ ဆွဲဖွင့်ဖို့ လက်ကိုအမြှောက် ...

"အမယ်လေး ... ကိုကို၊ လာ ... မလုပ်နဲ့၊ သေတော့မှာပဲ၊ ကိုယ့်သေတွင်း ကိုယ်တူးချင်နေတာ၊ လာ ... လာ ... တို့ပြန်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



နော ကိုယ့်အစ်ကို့ကို မနည်းထိန်းပြီး ဘရိတ်ပြန်အုပ်လိုက်ရသည်။

အဲဒီနောက် မာမီ အိပ်ခန်းတံခါးကို ဖြည်းဖြည်းကလေး ပြန်တွန်းပိတ်ပေးခဲ့ပြီး ကိုကို့ကိုယ်လုံးကြီးကို ချုပ်ကိုင်ကာ ကိုကို့ကို စိတ်မကြီး မပေါက်ကွဲဖို့ တတွတ်တွတ် နားသွင်းလိုက်ရသည်။

"လာစမ်းပါ ကိုကိုရာ၊ ဒီကိစ္စက ပါးပါးလေးပါ၊ မနောရှေ့ဆုပ်ပြုပါ့မယ် ... ဟင်း ဟင်း"

ကိုကို စိတ်ကျေနပ်အောင် ညကြီးအချိန်မတော် ထမသောင်းကျန်းရအောင် ကိုကို့ကို ချော့မော့နှစ်သိမ့်နေခဲ့ရပေမယ့် နော စိတ်ထဲမှာ မာမီ့ကို လုံးဝမကျေနပ်ခဲ့ပါ။

မုဆိုးမဖြစ်တာ သုံးနှစ်ပဲ ရှိသေးပြီး အသက်ကြီးကာမှ နောက်ယောက်ျားယူဖို့ တာစူနေသည့် မာမီ့ကို စိတ်နာမိကာ ငိုဖို့ စိတ်မကူးထားမိပါဘဲ မျက်ရည်တွေက ပါးပြင်လေးပေါ်သို့ တစ်ပေါက်ချင်း စီးကျလာခဲ့တော့သည်။

နော မငိုဘူးလို့ ဘယ်လောက် ထိန်းထား ထိန်းထား မာမီ့ရဲ့ နောက်မီးမွေးချင်သည့် ဆန္ဒတွေကို အရမ်းရွံမုန်းခါးသီးစွာ ဝမ်းနည်းပက်လက် ခံစားလိုက်ရပါသည်။





"မာမီ ငါတို့မောင်နှမကို ရက်စက်တယ်၊ ငါတို့မျက်နှာမှ မထောက်၊ သိပ်ရှက်ဖို့ ကောင်းတယ်၊ သိပ်ရှက်ဖို့ကောင်းတယ် ကိုကိုရဲ့"

နော ကိုကို့ပခုံးကြီးပေါ် ခေါင်းကလေး မှေးတင်ပြီး တအိအိ ငိုချလိုက်ပါတော့သည်။

ကိုကိုကလည်း နော မှီလိုက်သည့် ခေါင်းကလေးကို ခပ်ဖွဖွ ပွေ့ဖက်ချော့မော့ နှစ်သိမ့်ပေးပြီး ဟန်မဆောင်နိုင်တော့ဘဲ အသံတုန်တုန်ကြီးဖြင့် ...

"ငါလည်း မာမီ့လုပ်ရပ်ကို လုံးဝခွင့်မလွှတ်ဘူး ညီမလေး၊ ဒီကြားထဲ မာမီက နှင့်ကိုပါ အဆစ်ထည့်နေသေးတယ်၊ နော ... နင် ကြားလား၊ သူ့လူကြီးရဲ့သားနဲ့ နင့်ကိုလျှော်နေတာ၊ သူ့လူကြီးက လူပါးဝပြီး တောင်းဆိုနေတာ နင်ကြားလား"

"ကြားသားပဲ၊ ဟင်း ဟင်း ... တွေ့ကြသေးတာပေါ့၊ နောတဲ့ ... တစ်နောတည်း ရှိတယ်"

နောရဲ့ကြိမ်းဝါးသံက တိတ်ဆိတ်ချိန် ညခင်းကလေးမှာ အကျယ်ဆုံး လွှင့်ရိုက်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ကိုကိုကတော့ မာမီ့ရဲ့ခြေလှမ်းအသစ်တွေကို အခုမှသိရသည့် (ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ရှက်ရွံ့ခါးသီးခြင်းတွေ ရောထွေးနေသည့်)အသံကြီးနှင့် မျက်ရည်တွေ တပေါက်ပေါက်ကျကာ ခေါင်းကြီးတယမ်းယမ်းနှင့် ကလေးဆိုးကြီးလို ပေါက်ကွဲလာခဲ့သည်မှာ ...

"နော ... ငါတို့ မာမီ့ကို အသေအချာ စောင့်ကြည့်ပြီး သူ့ကိစ္စကိုဖျက်အောင် အပြင်းအထန် တိုက်ကွက်ထုတ်မှ ဖြစ်တော့မယ်"

"အင်း ... ငါလည်း အပိုင်ကိုထုပ်စ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ အခုလောလောဆယ်တော့ တို့ ငိုနေလို့ မပြီးဘူး"

"အင်း ... အဲဒီတော့ ..."

"အိပ်မယ်၊ အိပ်ပြီး တစ်ညလုံး စဉ်းစားမယ်"

နောက ကိုကို့ကို ပါးပါးလေးစတိုင်ခင်းပြီး မျက်စိမှိတ်ကာ လက်မြှောက်ခါပြလိုက်ရင်း ကိုယ့်အိပ်ခန်းထဲကို အင်အားအပြည့်ပါသည့် (အငြိုးအင်အား) ခြေလှမ်းတွေနှင့် သွက်သွက်ကြီး လှမ်းထွက်လာခဲ့လိုက်တော့သည်။





နော လှမ်းထွက်လာခဲ့တော့မှ ကိုကိုကလည်း သူ့အခန်းထဲကို ချာခနဲ ကျောခိုင်းပြီး လှည့်ဝင်သွားခဲ့လေပြီဖြစ်သည်။

ဒီအချိန်မှာ ...

မာမီ့အတွက်နဲ့ မောင်နှမနှစ်ယောက် ရင်ထဲမှာ ဗလောင်ဆူ ကြေကွဲခံစားနေခဲ့ရတာကို မာမီက မသိဘဲ အသက်ကြီးမှ အချစ်သစ် မွေးဖွားကာ လန်းဆန်းကော့ပျံလျက် ရှိနေတာက နောတို့ရင်ထဲမှာ ပိုပြီး ပူလောင်ကြေကွဲ ခံစားခဲ့ရလေသည်။

မာမီ့ကိုလည်း ပိုပြီးမျက်မုန်းကျိုး၊ မုန်းမိသွားရသည်။

မာမီ ... မာမီ ...

အသက်ကြီးခါမှ နောက်လင် လိုချင်တဲ့ဘဝကို ရောက်ခဲ့ရပြီတဲ့လား။

အဟင်းဟင်း ... သူ့ကိုယ်သူများ အသက်သုံးဆယ်ကျော် မှဆိုးမလေးများ အောက်မေ့နေသလား မသိ။

အသက်ကဖြင့် လေးဆယ့်လေးနှစ် ရှိနေပြီ။ (စကားလုံးတွေက နတုန်း ရှတုန်း သစ်တုန်း)။

အခုထိ အနုအရွတွေကို ဆင်ချင်သေးသည့် မာမီ့ကို နော ရင်ထဲကနေပဲ တိတ်တိတ်ကလေး ပြောလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ကြသေးတာပေါ့ မာမိရယ်၊ နော ဆိုတဲ့ မနောရာ သမီးဆိုးလေးဟာ ဒီထက်ဆိုးတဲ့ နာမည်ကို ထပ်ယူပြဦးမယ်၊ အဲဒီတော့မှ မာမိ လက်ဖျားမခံနဲ့"

○❦○



တစ်နေ့ တစ်နေ့ ဖုန်းနဲ့ပဲ အလွမ်းပြေနေသည့် မာမိ၊ ဒီတစ်ခါမှာတော့ ထူးထူးခြားခြား နောတို့ မောင်နှမကို မျက်နှာချင်းဆိုင်ပြီး လွမ်းရသွင်း သိမ်းသွင်းဆွဲဆောင်လိုက်လေသည်။

"သားကြီးနဲ့ သမီးငယ် ... ခဏ"

နော ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်အထိ ထိတ်လန့်သွားရကာ ကိုကို့ကို မျက်လုံးအဝိုင်းသား စိုက်ကြည့်လိုက်တော့ ကိုကိုက ရှုတည်တည် မျက်နှာပေးကြီးနှင့် မာမို့ကို ကြည်ကြည့်ကြည့်ပြီး ဆိုဖာရှည်ကြီးမှာ ဆောင့်ခနဲ ဝင်ထိုင်လိုက်လေသည်။

ပြီးတော့မှ မာမို့ကို ခပ်တည်တည်ကြည့်ကာ

"ဘာပြောမလို့လဲ မာမိ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မကျွေးက မာမိုဩည့်သည်တွေ မနက်ဖြန်ရောက်မယ်၊ အဲဒါ သားကြီးနဲ့ သမီးငယ် မနက်ဖြန် ဘယ်မှမသွားနဲ့လို့ မာမီ ပြောထားချင်တယ်"

မာမိုစကားကြီးက အပြီးသိထားသည့် နောတို့မောင်နှမရင်ကို လျှောင်အကြီးစား လုပ်သွားသလို တုန်ခနဲ ခါသွားလျက်။

မောင်နှမနှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် အံခဲကြည့်လိုက်ရင်းမှ နောက မကျေနပ်သည့် အသံအင့်အင့်လေးဖြင့် ...

"မကျွေးကဧည့်သည် ရောက်တာနဲ့ နောတို့နဲ့ ဘာဆိုင်လို့လဲ၊ ဧည့်သည်ကိုပဲ နောတို့က ဘယ်မှမသွားဘဲ ခြေထောက်ရိုက်ချိုးထားသလို ထိုင်စောင့်ရအောင်"

"ဟဲ့ ... ခြေထောက်ရိုက်ချိုးသလို မာမိုက စောင့်ခိုင်းတာမှ မဟုတ်တာ၊ သမီးငယ် ... စကားကို ဘယ်လိုပြောတာလဲ"

မာမိုရဲ့ဒေါသသံခဲခဲကြီးနှင့် မျက်လုံးဝိုင်းဝိုင်းကြီးက နောကို ဒီတစ်ခါတော့ ကြောက်ရွံ့မှုမပေးတော့ဘဲ ကြောက်ရွံ့မှုအစား နော ဒေါသက ငယ်ထိပ်ကို ရောက်သွားရလေပြီ။





"ဘာပြောလို့လဲ မာမီ၊ နောတို့မောင်နှမကို မမဲပါနဲ့၊ ဧည့်သည်လာတာပဲ လာပေါ့၊ အိမ်ရှိရင် ဧည့်သည်ပဲ လာမှာပေါ့၊ ဆန်းသလား"

"ဟင် ... နော၊ ညည်း ပြောလေဆိုးလေ မန်းလေပြီလေပါလား၊ မာမိုကို ညည်း ဘာရန်ထောင်တာလဲ"

ဒေါသတကြီး ထိုင်နေရာမှ "ဝုန်း"ခနဲ ထရပ်လိုက်သည့် မာမိုကို နောက အံခဲကြည့်လိုက်ပြီး ဝမ်းနည်းမှုနဲ့ စိမ့်တက်လာသည့် မျက်ရည်စတွေကို မျက်တောင်ရှည်များနှင့် တစ်ချက် ဖင့်ထုတ်လျက် ငိုရှိုက်သံမပါအောင် မာမိုမျက်နှာဝင်းဝင်းကြီးကို စိုက်ကြည့်ကာ တစ်လုံးချင်း ပြောချလိုက်သည်။

"အဲဒီဧည့်သည်က ဘယ်သူ့ဧည့်သည်လဲ"

နောနဲ့ မာမီ အခြေအတင် ဖြစ်နေတာကို ကိုကိုကတော့ ပွဲကြည့်ပရိသတ် (ပရိသတ်တောင် ၂၀၀ တန်းပရိသတ်) လုပ်နေတာက အသည်းယားစရာ ကောင်းသလို ...

နေရာတကာတိုင်းမှာ သူက တယ်ပေးပြီး နောနဲ့ချည်း ပြဿနာဖြစ်ရတာချည်း ဖြစ်ခဲ့ရတာကလည်း မုန်းစရာကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်းပဲ မာမီနှင့် နော ပြဿနာကို သူက တစ်ခွန်းဝင်မပါဘဲ မျက်လုံးအပြူးသား စောင့်နားထောင်နေတုန်း မှာပဲ မာမီအသံ မာထန်ထန်ကြီးက မာမီ့ရုပ်ရည် ချောချောကြီးနဲ့မှ မလိုက်ဖက်အောင် စီခနဲ ထွက်လာခဲ့လေသည်။

"ငါ ညည်းသည်ပေါ့၊ ညည်းက ဘာပြောချင်သေးလို့လဲ"

"ဘာမှမပြောချင်ပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောချင်တယ်"

"အင်း ... ကဲ ... ပြောစမ်းပါဦး"

မာမီက ခေါသကို တစ်ထစ်လျှော့ချပြီး ခါးကြီး ထောက်ကာ နောကို တကဲကဲကြည့်လျက် မေးဆတ်ပြလိုက်သည်။

အဲဒီလို မာမီရဲ့အမူပိုပိုကို နော အမြင်ကတ်စွာ တစ်ချက်စိုက်ကြည့်လိုက်ပြီး တစ်လုံးချင်းပဲ အေးအေးဆေးဆေး ပြောလိုက်သည်။

"မာမီ့ညည်းသည်ကို မာမီပဲ ညည်းခံပေါ့၊ နော်တို့မောင်နှမကို ဆွဲထည့်စရာ မလိုပါဘူး"

အဲဒီစကားကိုပဲပြောပြီး နော မာမီ့အရှေ့ကနေ ဆောင့်ဆောင့်အောင့်အောင့် ထထွက်လာခဲ့သည်။





အဲဒီအချိန်မှာပဲ အနောက်ဘက်ဆီက စီခနဲအသံက နောနားထဲကို ကျယ်လောင်စွာ ကြားလိုက်ရသေးသည်။

"ယေဘုံရ ... မင်းတို့မောင်နှမအရိုးက ဘာအရိုးလဲ ... ဟင်၊ မင်းတို့ ငါ့ကို မချေမငံ ဆက်ဆံနေရအောင် မင်းတို့က ဘာလဲ၊ ပြောစမ်း ... ပြောစမ်း"

"ဟာ ... မာမီ၊ မာမီ သားကို မရမ်းပါနဲ့"

"မရမ်းရအောင် ဒီပစ်မှတ်က နင်ထွင်တာ ငါမသိဘူး အောက်မေ့နေလား"

"မာမီ ... သားတို့ကို နင်လုံး ငါလုံး ရိုက်ပြောစရာမလို ပါဘူး"

"အောင်မယ် ... မင်းက ... မင်းက ..."

"ဟာ ... မာမီ သားနဲ့ဘာဆိုင်လဲ၊ အသားလွတ်ကြီးများ သားကို ... သားကို ..."

မာမီရဲ့ရိုက်ကွက်တွေက သူ့ဖင်ပိုးကို တဖြန်းဖြန်း ထိသွားချိန်မှာ သူ ငိုသံပါကြီးနှင့် မာမီ့ကို ကုန်းအော်လိုက်ပေမယ့် မာမီကတော့ ဒေါသခေါင်ခိုက်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟယ် ... ကဲဟယ် ... မအေကို မချေမငံ ပြန်ပြောဦး၊ မိမဆုံးမ ဖမဆုံးမ သားသမီးနှစ်ယောက်၊ မင်းတို့က ငါ မုဆိုးဘဝနဲ့ အဆင့်အတန်း အမြင့်ဆုံး ထားတာကိုတောင် အားမရကြသေးဘူးလား၊ ဟင် ... ဟင် ... ဟိုကောင်မ အငယ်မ၊ သင်းကို မနက်ဖြန်ညသည်တွေရှေ့မှာ မချေငံ တာလုပ်ပြလို့ကတော့ ဟင်း ... ငါနဲ့အတွေ့ပဲ၊ သင်းက ငါ့ကိုများ အာခံတာ ... အာခံတာ၊ အကြောက အမေ့ အကြော၊ အမြဲတမ်း ဆောင်းထောင်းနေတာ"

"သေသွားတာ သုံးနှစ်ရှိတဲ့ ဒက်ဒီကို မာမီဆွဲထည့်ပြော စရာ မလိုဘူး"

"ပြောတယ် ... ပြောတယ်၊ နင့်ဒက်ဒီက လူကောင်းမ ဟုတ်ဘူး၊ လူမိုက်၊ လူရမ်းကား၊ သူများရည်းစားကို လု ယူခဲ့တဲ့ လူရမ်းကားကြီး"

ကြားလိုက်ရသည့် ဓာတ်ထုပ်တစ်ခုက နော့ကို ဘယ်လိုကြီး ခံစားရမှန်းမသိ ခံစားလိုက်ရချိန်မှာ ဟီးခနဲ ဝမ်း နည်းတကြီး ငိုချလိုက်သည့် မာမီ့အသံကြီးက နော့နှလုံးသား နုနုကလေးကို ထုတ်ချွင်းပေါက် ထွက်သွားသလို နင်ခနဲ ခံစား လိုက်ရလေတော့သည်။





ဒီအချိန်မှာ ကိုကိုကတော့ မာမီ့ကိုကြည့်ပြီး ဘယ် လိုနှလုံးသားမျိုးနှင့် ဘယ်လိုခံစားနေမည်မသိ။

နော့ကတော့ အဖြူထည်နှလုံးသားလေး ...

သွေးစွန်းသွားသလို အရောင်ရင့်သွားခဲ့ရလေပြီ။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂

အိမ်ရှေ့ဆီသို့ ဝေါခနဲ ကားဆိုက်သံကြားလိုက်ရချိန်မှာ ကိုကိုနှင့် နော်ကတော့ နော့အခန်းထဲကို စွတ်ခနဲ ဝင်ချပြီး တံခါးလော့ခ် ချပစ်လိုက်တော့သည်။

အင်း ... မာမီကတော့ ဟိုမကွေး သားအဖကို ဘယ်လောက်အထိ အယ်ပေါလှိုင်အောင် ဧည့်ခံနေမည်မသိ။ (မုန်းစရာ ကောင်းလိုက်တာနော်)။

"ကိုကို မကွေးသားတွေ တစ်ယောက်တည်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ့သားပါ ပါရင်ပါမယ်"

"ဘာလဲ ... နင်က စိတ်ဝင်စားလို့လား"

"ဝေးသေး၊ ဘာနဲ့ပညာပြရ ကောင်းမလဲလို့ ကြံတင်တွက်ဆနေတာ"





"တွေ့တော့မှ ကြည့်သမ,လိုက်ကြတာပေါ့ကွာ၊ လွယ်ပါတယ်၊ နယ်သားတွေက ရိုးတယ် အ,တယ်လေ"

"အံမယ် ... တချို့နယ်သားတွေကျ နိုင်ငံခြားသားထက်တောင် မွှတ်သေးတယ်"

"အသာနေစမ်း၊ ရှူး ... တိုးတိုး ... တိုးတိုး၊ ခြေသံကြားတယ်"

မောင်နှမနှစ်ယောက်သား မျက်နှာချင်း အနီးဆုံးမူးသွားအောင် စိတ်ဝင်တစား ဖြစ်သွားကြပြီး မကွေးသားတွေကို ဧည့်ခံဖို့ နော့က ပိုပြီးရင်ခုန်ထိတ်လန့်သွားကာ သူမရဲ့ကြယ်တာရာမျက်ဝန်းလေးက တလက်လက် ထသွားရသည်။

"အင်း ... အင်း ... ဟုတ်တယ်၊ မာမီပဲနေမယ်"

နော့ တိုးတိုးလေး မှတ်ချက်ကောက်လိုက်သည့်အချိန်မှာပဲ တံခါးထုသံနှင့်အတူ ...

"သမီးငယ် ... သမီးငယ်"

မာမီ့အသံ ချိုကြည်ကြည်ကြီးကို နားခါးစွာ နော့က နားထဲထိုးကလော်ပြီး ခေါင်းတယမ်းယမ်း လုပ်လိုက်ရင်းမှ ...

"အိပ်ပျော်နေတယ်လို့ ပြောစမ်း ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီအချိန်က အိပ်ချိန်မှ မဟုတ်တာ"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောဆိုရင် ပြောလိုက်"

ဆင်ခြေပေးနေသည့် ကိုကို့ကို နော တံတောင်နဲ့ လှမ်းတွက်ပြီး ဆောင့်အော်လိုက်ချိန်မှာပဲ အခန်းအပြင်မှ မာမီရဲ့ ခပ်ပြတ်ပြတ် အသံကြီးကို ကြားလိုက်ရလေသည်။

"သမီးငယ် အခု အခန်းထဲက ထွက်ပြီး၊ ဧည့်ခန်းကို လာခဲ့"

"ဟော ... အမိန့်ပေးသွားပြီ၊ အိပ်ပျော်လို့ မရတော့ဘူး"

ကိုကို့အသံက နော ဒေါသကို မွှေနှောက်ပေးသလို ဖြစ်သွားရလေသည်။

နော ဒေါသထွက်လွန်းလို့ ကိုကို့မျက်နှာကို ဒေါသ အမျက်ချောင်းချောင်း မျက်လုံးတွေဖြင့် စိုက်ကြည့်ကာ ...

"ပြောနိုင်းတုန်းက ပြောမှမပြောတာ၊ အသုံးကိုမကျဘူး၊ သွား ... သွား ... နင်ပဲသွားဧည့်ခံပြီး မာမီ့ကို ငါအိပ်ပျော်နေတယ်လို့ ပြောလိုက်"

"ဟာ ... ဖြစ်မလား၊ ခေါ်တာက နင့်ကို ငါကသွားလို့"





"ရှည်လိုက်တာ၊ ငါ့အခန်းထဲက မြန်မြန်ထွက်တော့နော် ကိုကို၊ ငါ နင့်ကို တစ်ခုခုနဲ့ ကောက်ပေါက်မိတော့မယ်"

စိတ်အင်မတန်ဆတ်ပြီး အပြောနဲ့ လက်နဲ့ တစ်ထပ်တည်းကျသည့် ညီမလေးကို ငယ်ငယ်ကတည်းက သည်းခံကျင့်က ဝါနေပြီနေမို့ သူမပြောသည့်အတိုင်းပင် သူမအခန်းထဲက ခပ်ကုပ်ကုပ်ကလေး ထွက်လာခဲ့ရတော့သည်။

အင်း ... ဒီအဆိုးမလေးကတော့ အိမ်မှာမိုက်ပဲ ပြောရမလောက်ပင် ဆိုးခဲ့တာကို မကွေးသားကတော့ သိနှင့်ဦး မည်မထင်။

အခု ရောက်လာပြီဆိုတော့ အဆိုးမလေးအကြောင်း သားအဖနှစ်ယောက်စလုံး လန်ထွက်သွားမှာ။

သူက ကိုယ့်အတွေးနဲ့ကိုယ် တစ်ယောက်တည်း ကျိတ်ကျေနပ်ပြီး ဧည့်ခန်းထဲကို ကြွကြွရွရွ လှမ်းဝင်လိုက်သည် ဆိုရင်ပဲ မာမီ မျက်လုံးတင်းတင်းကြီးနှင့် အကြည့်ကြီးက သူ့ကို ကြက်သီးထသွားခဲ့ရလေသည်။

အင်း ... ကြက်သီးထသွားပေမယ့် မကွေးသား သားအဖနှစ်ယောက်ကိုတော့ တစ်ချက် သာမန်ကာလျှံကာ အကဲခတ်ပြီးသား ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား … သားအဖနှစ်ယောက်စလုံးကတော့ အထက်သားဆိုတဲ့အတိုင်း အထက်စတိုင်တွေနဲ့ ပြည့်လို့ပါကလား။

မျက်နှာတွေက ဟိတ်ကြီးဟန်ကြီး တစ်ခွဲသားနှင့် သူဌေး(ဧရာမ)ပုံစံ စတယ်ဖြင့် ယောကျ်ားချင်းတောင် ကြည့်လို့ကောင်းအောင် ခန့်ညားချောမောတာ သူ ရင်ထိတ်စွာ သက်ပြင်းရှိုက်လိုက်မိလေသည်။

အင်း … သူတို့အရွယ် ဘိုးတော်သားလေးကတော့ ဘိုးတော်လောက် မချောပေမယ့် ယောကျ်ားပီသပြီး ခန့်ညားသည်။ အဲဒီလို တည်ကြည်ခန့်ညားသည့် ဒီကောင့် မျက်နှာက ခေတ်စနစ်နဲ့ညီပြီး စတိုင်ကျတာကို သူ ဝေဖန်သုံးသပ်နေတုန်းမှာပဲ အဲဒီကောင်လေးက သူ့ကိုနူးညံ့သည့် အပြုံးတွေဖြင့် ခေါင်းတစ်ချက်ဆတ်ကာ …

“ညီလေးက ယောဘုံရလား”

“ဟုတ်ပါတယ်”

“ညီလေးက တော်တော်ငယ်သေးတာပဲနော်၊ အသက်နှစ်ဆယ့်သုံးဆို ဖေဖေ”





“အေးလေ … သား ယောဘုံရက နှစ်ဆယ့်သုံး၊ သမီးမနောရက နှစ်ဆယ်၊ သား ယောဘုံရက သားထက် နှစ်နှစ်ငယ်တယ်”

“အင်း … ဟွန်း … ညီလေးကရော အစ်ကို့ကို သိလား”

သူ အသာအယာ ခေါင်းခါလိုက်ရသည်။

ရင်ထဲမှာ ပြောချင်သည့် စကားကတော့ No; No ပါပဲ။ ဒီအချိန်မှာ အိမ်ကိုလာသည့် ဧည့်သည်က စကားလုံးတွေ ရိုက်နေတာ သူ့ရင်ထဲမှာ ဘယ်လိုကြီး ရက်မှန်းမသိ ခံစားလိုက်ရသည်။ အဲဒီမှာတင် တစ်ချိန်လုံး ရေငုံနှုတ်ပိတ် ဖြစ်နေသည့် မာမီ့ကို သူ မော့ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာမှ မာမီနှင့် အချင်းချင်း ဆုံသွားကြပြီး မာမီက မကျေမနပ်သံကြီးနှင့် …

“သမီးငယ်က မလာသေးဘူးလား”

“အိပ်ပျော်နေတယ် မာမီ”

“ဒီအချိန်က အိပ်တဲ့အချိန်လား”

“မသိဘူး မာမီရာ၊ သူ့ဘာသာ အိပ်ချင်တဲ့အချိန် အိပ်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



သူ ဒါပဲပြောပြီး မာမီ ကြွေနေတဲ့ ဘိုးတော် လူချောကြီးကို တစ်ချက် မအီမလည်ကြည့်ပြီး ခေါင်းတစ်ချက် ညိတ်ကာ ...

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ပြီး သူ ဧည့်ခန်းထဲကနေ ထထွက်လာခဲ့သည်။

အဲဒီအချိန်မှာ ...

အနောက်မှာ မာမီ ဘယ်လောက် ဒေါသူပုန်ထပြီး ကျန်ခဲ့တယ် ဆိုတာကိုတော့ ဟိုသားအဖနှစ်ယောက်ပဲ သိခွင့်ကြုံလိုက်ရလေသည်။

သူနှင့် နောကတော့ အေးဆေးပဲ ကိုယ့်အခန်းမှာ ကိုယ်ငြိမ်ပစ်လိုက်သည်။

○❦○

ဒီအိမ်ကိုရောက်တော့ သုံးရက်မြောက် ရှိသွားနဲ့ပေမယ့် အခုထိ အန်တီသမီး အလုပ်ရေးလေးကို လုံးဝမတွေ့မမြင်ရသေးတာက သူ့ကို အတော့်ကို နေမထိ ထိုင်မသာ မအီမလည် ရှိစေခဲ့ရသည်။

အလုပရေးကလေးတင် သူတို့သားအဖနှင့် မျက်နှာချင်းမဆိုင်တာမဟုတ်။ အလုပရေးလေးရဲ့ အစ်ကိုတော်ကြီးကပါ သူ့ကို ရောက်စကတည်းက မကြည်တာ (သူတို့သားအဖ မကွေးတစ်မြို့လုံးမှာ အရှိန်ကောင်းသလောက်) ဒီနေရာမှာတော့ တော်တော် နိုင်အောက်ခဲ့ရသည် (မျက်နှာငယ်ခဲ့ရသည်)။

ဒါပေမဲ့ သူက ဖေဖေ့သားပီပီ လိုချင်တာကို ရအောင်ယူချင်သူမို့ ပြုံးပြုံးလေးနှင့်ပင် ခွင့်လွှတ်သည်းခံထားနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အဲဒီလို ခွင့်လွှတ်သည်းခံခဲ့တာကို အန်တီက အားနာကာ သူတို့သားအဖနှစ်ယောက်ကို အားနာစကား ဆိုလာသည်။

"သားနဲ့ အစ်ကိုကို တင် ဘယ်လိုအားနာမှန်း မသိဘူး၊ သမီးလေးက ဆိုးတာ၊ အဲဒီလိုပဲ သားရယ်၊ တော်ရုံတန်ရုံ သူ့ဒဏ်ကို ဘယ်သူမှ မခံနိုင်ဘူး"

"ဟွန်း ... ကျွန်တော် ခံနိုင်တယ် အန်တီ"

"မင်းက တစ်ခါတည်း မြင်ဖူးပြီး ကျွန်တော် ခံနိုင်တယ် လုပ်နေ၊ တော်ကြာမှ ဟင်း ... ဟုတ်မှလည်းလုပ်နော် တင်၊ မင်းသမီးကို ကိုယ်တော့ ချွေးမတော်ရမှာ လန့်တယ် ကွာ၊ တကယ်"

လူရင်းတွေမို့ လူရင်းစကား အိမ်တွင်းရေးကို နှီးနှော လိုက်ကြသည်တွင် သမီးရှင်ဖြစ်သည့် အန်တီကတော့ မျက်နှာ ပူပူနှင့်ပင် သူ့သမီးရိုင်းပုံကြီးကို မချီသွားဖြဲ ပုံစံကြီးဖြင့် ခေါင်း တညိတ်ညိတ် အလိုက်သင့် ထောက်ခံလိုက်ရတော့သည်။

"သားကိုတော့ အန်တီ အထွေအထူး ဘာမှထိန်ချန်ပြောစရာ မရှိပါဘူး၊ အဟင်း ဟင်း ... သားဘက်က အခုလို ပွင့်ပွင့်လင်းလင်း ဝန်ခံတာကိုပဲ အန်တီက သဘောကျတာ"





"သားက ကိုယ်လိုပဲကွ၊ ဟန်မဆောင်တတ်ဘူး"

ဖေဖေ့စကားကြီးကို အန်တီက ပန်းသွေးရောင်ပြေး သွားသည်အထိ မျက်နှာတစ်ပြင်လုံး ရှက်လှိုင်းထန်ပြီးမှ မျက်လုံး ဝိုင်းဝိုင်းကြီးနှင့် မျက်စောင်းခဲကာ ...

"ရှင့်ပါးစပ်ကြီး ငြိမ်ငြိမ်နေစမ်းပါ၊ တကတဲ သူ မပါရင် ပွဲမစည် ဖြစ်နေပြီ"

"အဟား ဟား ... ဖေဖေနဲ့ အန်တီကတော့ဗျာ၊ လူငယ် တွေကျနေတာပဲ၊ အန်တီ ... ဖေဖေ မနက်ဖြန် ပြန်တော့ မှာ၊ ကျွန်တော်ကတော့ ဒီမှာ နှစ်ပတ်လောက် နေကျန်ခဲ့ဦး မယ်၊ အဲဒါ အန်တီ ကျွန်တော် ဒီမှာပဲ ဆက်နေခွင့်ရမလား ဟင်"

"ရတာပေါ့ သားရဲ့၊ ဒီလိုပြောစရာ လိုသလား သားရယ်၊ သားလုပ်ငန်းကိစ္စ မပြီးမချင်း နေပါ၊ အန်တီ့သမီးနဲ့သား ကိုတော့ သိပ်ဂရုမထားနဲ့ပေါ့လေ"

"အင်း ... ဟွန်း ... အဲဒီလိုပဲ နေရတော့မှာပဲ၊ ကျွန်တော်- နေတတ်သွားပါပြီ အန်တီ"

"အေး အေး ... ဒီကနေ့တော့ အန်တီ့ သားနဲ့သမီးကို ထမင်းအတူစားဖို့ အန်တီ အမိန့်ထုတ်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာယ် ... ကောင်းစာယ်၊ အန်တီ့သမီးက အမိန့်ပေးမှ ရမယ့်ပုံစံပဲ"

သမီးဆိုးကို မွေးမိခဲ့သည့် သူမကိုယ်သူမပဲ အပြစ်တင်ရတော့မလို သူမ ဒီသားအဖအရှေ့မှာ ကိုယ့်သားသမီးကိုယ်နိုင်အောင် မဆုံးမနိုင်သည့် အဖြစ်ကို ရှုံးမဲ့မဲ့ပြီး အဲဒီနေ့ညနေ ထမင်းစားချိန် ရောက်ချိန်မှာပဲ သမီးဖြစ်သူ နော့ရဲ့အခန်းမှာ နှစ်ယောက်သား မျက်နှာချင်းဆိုင်လျက် တိုးကျိတ်ကျိတ် ရန်ပွဲနွှဲလိုက်ရလေတော့သည်။

"မနော့ရ ... ညည်း ... ညည်း ငါ့ကိုအရှက်ခွဲလို့ အားမရသေးဘူးလား"

သူမ အခန်းထဲကို လှမ်းဝင်လိုက်သည် ဆိုရင်ပဲ သမီးက ဆတ်ခနဲ မျက်နှာလွှဲသွားတာကို နှာသာခံခက်ဖြစ်ကာ သမီးပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆွဲခါလျက် ပေါက်ကွဲသွားတာဖြစ်သည်။

"ဘာတွေ လာပြောနေတာလဲ မာမီ"

နော မျက်လုံးတွေ စူးလဲ့တောက်ရှစွာဖြင့် မာမီကို အေးစက်စက် စိုက်ကြည့်ပစ်လိုက်သည်။





"ညည်း ... ညည်း ... ငါ့ကို ဘယ်လိုကြည့်တာလဲ"

မာမီက နော့ရဲ့အကြည့်တွေကို ဆတ်ဆတ်ခါသွားသလို နောကလည်း မာမီရဲ့အသုံးအနှုန်းကို ရင်နာသွားရသည်။

"စိမ်းလိုက်တာ မာမီရဲ့၊ ညည်းတွေ ငါတွေနဲ့"

"ဟင် ... ညည်း ... ညည်း ... နော ... ညည်းဟာလေ သိပ်ပြီးကြောက်ဖို့ကောင်းတဲ့ မိန်းကလေး"

"ကြောက်ရင်လည်း စကားမပြောနဲ့ပေါ့ မာမီရယ်(အသစ်ကလေး) မွေးစားသားနဲ့ စကားတစ်ဝကြီးပြောပေါ့"

"နော ... ညည်းကို မာမီ ဘယ်လိုတောင်းပန်ရမလဲ၊ ကဲ ... ပြော၊ ငါ ညည်းကို ဘယ်လိုတောင်းပန်မှ ညည်းက ကျေနပ်မှာလဲ"

"ဟာ ... ဘာဆိုင်လဲ၊ ဘာမှမဆိုင်တာကြီး၊ သွားပါ မာမီရယ်၊ ရှုပ်လိုက်တာကြီး"

နောက ခေါင်းပေါ် လက်နှစ်ဖက်ယှက်ပြီး ခုတင်ပေါ် ဝင်းလျားထိုး မှောက်ချလိုက်တော့သည်။

အဲဒီနောက် မာမီပြောလာမယ့် ဆူလာမယ့် အသံတွေကို မကြားလိုလှတော့တာမို့ ခေါင်းအုံးတွေ စောင်တွေနဲ့ နားနှစ်ဖက်ကို ဖိပိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ မာမီက နော လက်နှင်ပဝါကို ဆွဲကိုင်ပြီး နော ကျောကုန်းကို မျက်နှာကြီးအပ်ချလာ ရှိုက်ငင်ငိုချလိုက်လေတော့သည်။

ရုတ်တရက် ငိုချလိုက်သည့် မာမီကို နော ဘာပြန်ပြောရမှန်းမသိအောင် ရင်ဖဲ့မှာဆို့နင့်ကြေကွဲသွားရပေတာ ခေါင်းအုံးပေါ် မျက်နှာကြီး အပ်ချပြီး ကိုတ်တိုက်ကလေး ငိုချလိုက်ပါတော့သည်။

"အင့် ... ဟင့်"

တစ်ချက် တစ်ချက် မထိန်းနိုင်ဘဲ "အင့်"ခနဲ "ဟင့်"ခနဲ အသံထွက်သွားတာကို နောက အရှက်ကြီးရှက်ပြီး နှုတ်ခမ်းသားကို ပြတ်ထွက်မတတ် ကိုက်ပစ်လိုက်ကာ မာမီ အပ်ချထားသည့် ကျောပြင်လေးကို တစ်ဖက်သို့ ရွှေ့ယူလိုက်ပြီး မာမီကို ကျောခိုင်းရင်းမှ မာမီ စိတ်ကျေနပ်အောင် ရင်ထဲကမပါသည့် စကားတွေကို ပြောချလိုက်ရတော့သည်။

"မာမီ နောကို ဘာပြောမလို့လဲ၊ ဘာတောင်းဆိုမလို့လဲ"

"အစုညနေ ထမင်းလက်ဆုံစားမယ်"



"ဒါဆိုလည်း ပြီးရော၊ နောက်နာရီဝက်အတွင်း နော လာခဲ့မယ်၊ မာမီ သွားတော့"

နော ဒါပဲပြောပြီး မျက်ဝန်းအစုံကို တင်းတင်းမှိတ်ချပစ်လိုက်သည်။

အဲဒီလို မှိတ်ချလိုက်သည့် မျက်ဝန်းတွေထဲက ပွလောင်သည့် မျက်ရည်တွေဟာ မိသားစုအသစ် ဖန်တီးဖို့ကြိုးစားနေသည့် မာမီကြောင့်လို့ ပြောခဲ့မည်ဆိုပါက မာမီနှင့် နောပဲ အိမ်ထဲမှာ ပြဿနာအကြီးထွားဆုံး အခြေအနေကို ဖြစ်သွားရပါတော့မည်။

ဒီအချိန်မှာ ဒီလောက်နဲ့ပဲ ရပ်ထားတာက ကောင်းပါတယ်။

○ ❦ ○

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထမင်းစားခန်းထဲကို ဝင်လာသည့် နောက်ကြည့်ပြီး ချစ်မင်း နှုတ်ခမ်းတွေ ကွေးညွတ်သွားသည်အထိ ပြုံးမိသွားရသလို ဖေဖေ့ မျက်နှာကြီးကလည်း ရယ်ချင်စိတ်ကို ဖုံးထားရသဖြင့် ပြုံးစိစိကြီး ဖြစ်သွားရသည်။

ဒီဝိုင်းထဲမှာ မပြုံးမရယ်နိုင်ဘဲ ဒေါသမျက်လုံးလက်သွားတာက အန်တီရယ်ပါ။

"ဟဲ့ ... ဘာအဝတ်အစားကြီး ဝတ်ထားတာလဲ အနက်ကြီး၊ ရှမ်းဘောင်းဘီလိုလိုနဲ့ ပွလိုက်တာကြီး၊ အင်္ကျီကလည်း နတ်ဆင်ကြီး၊ မဝတ်ကောင်းတာတွေ ဝတ်လာတယ်၊ ဒုက္ခပါပဲ၊ သွား ... သွားပြန်လဲလိုက်ဦး သမီးငယ်"





သူတို့သားအဖနှင့် ထမင်းလက်ဆုံ စားရတာကို ဝမ်းနည်းခြင်း အထိမ်းအမှတ် (အနက်ဝတ်စုံကြီး)ကို ဝတ်လာတာကို သူတို့သားအမ ကောင်းကောင်းသဘောပေါက်ကာ သားအဖနှစ်ယောက် ခေါင်းညိတ်လိုက်ကြသည်။

ခေါင်းညိတ်လိုက်မိသလို စိတ်ထဲကနေ ရယ်ချင်စွာဖြင့် ချစ်စရာ အမှုအရာပိုင်ရှင်လေးကို ချစ်စနိုးလေး ပြုံးစစ စိုက်ကြည့်နေလိုက်မိသည်။

အဲဒီလို သူ စိုက်ကြည့်နေတာကို သူမက မျက်ဝန်းချင်း ခဏဆုံသွားပြီး (သူမမျက်ဝန်းကလေးတွေက ထန်သွားကာ) နောက်က ခြေထောက်ကိုလည်း ခပ်ဆောင့်ဆောင့် ပေါက်ချပြီး ပြောလိုက်သည့်အသံက သူ့ရင်ကို ဒိန်းခနဲ ဆောင့်ခုန်မြည်သွားခဲ့ရလေသည်။

"ဒါဆို နော ထမင်းပြန်လာမစားတော့ဘူး မာမီ"

"သမီးငယ် ... တကယ် အပြောရကျပ်နေပါလား"

အန်တီက ညည်းညည်းညူညူ ပြောလိုက်ချိန်မှာ နော အစ်ကိုက တစ်စခန်း ထလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီကလည်းဗျာ၊ မာမှီသမီးက ဒါမျိုးတွေ ဝတ်နေကျပဲ၊ အဆန်းလုပ်ပြီးပြောနေ၊ နော ... ထမင်းဝင်စားမှာဖြင့် ဝင်စား၊ ဝင်မစားရင်လည်းနေဟာ၊ စားရမယ့် ညေ့်သည်တွေကို အားနာစရာဗျာ"

"အားမနာပါနဲ့ သားရယ်၊ ရတယ် ... ရတယ်"

ဖေဖေက သူချစ်သည့် အန်တီရဲ့သားကို လေချို သွေးပြောလိုက်ချိန်မှာ "အဟမ်း"ဆိုပြီး ကြောက်စရာကောင်းလောက်အောင် ချောင်းဆိုး ချောင်းဟန့်သံက သူ့တစ်ကိုယ်လုံးကို ကြက်သီးမြမြ ဖိန့်တက်သွားရတော့သည်။

အား ... ကြောက်ဖို့ကောင်းလိုက်တဲ့ မိန်းကလေး။

"ကဲ ... ကဲ ... သမီးငယ်၊ ကိုကို့ဘေးမှာ ဝင်ထိုင်လိုက်"

ကိုကို့ဘေးကခုံနှင့် မာမီ ချစ်နေသည့် မွေးစားသားလူသစ်ကလေးထိုင်သည့် နေရာက နီးနီးကလေး၊ ထောင့်ပုံစံမို့ သူနှင့် အနီးဆုံး ဖြစ်သွားခဲ့တာ နော်က စိတ်ထဲက မဲ့ပြုံးလိုက်ပေမယ့် ဒီနေရာလေးကို နော ဝင်ထိုင်ချလိုက်သည်။ (ကြံစည်သမျှ အကောင်အထည်ဖော်လို့ရတဲ့ နေရာလေးပဲ။)



ဟင်း ... ဟင်း၊ လူက ရုပ်ကိုက လူကြီးလူကောင်းလိုလိုနဲ့ လူကိုများ(အဆိုးဆုံးကလေးကို ကြည့်သလိုကြည့်တာ) နော တကယ် အခံရခက်မိတယ်။ (ရင်တွေလည်း မသိမသာ ခုန်မိသလိုပါပဲ။)

ဒါပေမဲ့ ... ဒါပေမဲ့ပေါ့လေ။

ဒီတစ်ထိုင်တည်းနှင့် ဒီသားအဖကို အိမ်ကနေချက်ချင်း ထွက်ပြေးသွားအောင် ပညာပေးရတော့မှာမို့ နောက ထိုလူ့အကြည့်တွေကို မသိချင်ယောင်ဆောင်ပြီး ထမင်းစတင်စားလိုက်တော့သည်။

ဒီအချိန်မှာ ညေ့်သည်နှစ်ယောက်နှင့် မာမီ၊ ကိုကို တို့ကလည်း ဘုန်းကြီးပွဲရှုံးလောက်သည့် ဟင်းတွေနှင့် Dinner ကို မြိန်ရည်ရှက်ရည် စားနေကြပါပြီ။

မြိန်ရည်ရှက်ရည် မစားဘဲ ထမင်းကို တစ်ဇွန်းချင်း ခတ်စားပြီး ကြက်သားရင်အုံသားကလေးနှင့် အကြံထုတ်နေသူကတော့ နောရယ်ပါ။

အင်း ... ငါ ဒီသားအဖကို လန့်ထွက်သွားအောင် ဘာနဲ့ပညာပြရပါ ...။ ဘာနဲ့ပညာပေးရပါ ...။

www.burmeseclassic.com

www.burmeseclassic.com



အား ... ဟုတ်ပြီ ... ဟုတ်ပြီ။

အိုခေ ...။

ဟုတ်ပေ့။ (မနော့ရဲ အကြံတွေ)

ချက်ချင်းပင် နောက ထမင်းဝါးနေရင်းမှ အကြံကို အကောင်အထည် ဖော်ပစ်လိုက်သည်။

"ချဉ်ရည်ဟင်း သောက်ချင်လို့ ဟင်းခွက်က ဝေးနေတယ်"

"ရတယ်၊ ရတယ်၊ ကျွန်တော် ယူပေးမယ်နော်"

အံမယ် ... သူ့ကိုယ်သူ ကျွန်တော်တဲ့၊ ရိုသေသား၊ (မကွေးသားက)။ (အဟင်း ... ဟင်း)

နော စိတ်ထဲက ကျိတ်ရယ်လိုက်ပေမယ့် ...

သူ လှမ်းယူပေးလာသည့် ချဉ်ရည်ဟင်းပန်းကန်ကို ခပ်တည်တည်လေးကြည့်ပြီး ဘယ်သူ့မျက်နှာမှ မကြည့်တော့ဘဲ စိတ်ကို ဒုံးဒုံးချလိုက်သည်။ အင်း ... ဒါပဲလုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ဖြင့် သူ ကမ်းပေးခဲ့သည့် ချဉ်ရည်ဟင်းကို ဖွန်းအပြည့် ခပ်ကာ "ရှတူး"ဆိုပြီး ပိုဗိုသာသာကလေး အသံထွက် သောက်ပစ်လိုက်သည်။

အဲဒီနောက်ဆက်တွဲကတော့ ...





"အား ... အဟွတ် ... အဟွတ် ... ဂွက်"

ဆိုကာ တစ်ဖက်က သူ့ထမင်းပန်းကန်ကြီးဆီ ဟင်းရည်တွေ ဖိတ်စဉ်ကျသွားအောင် ချောင်းဆိုးပြီး ပိုပိုသာသာ ကလေး သီးပြလိုက်သည်တွင် သူက စိတ်မဆိုးသည့်အပြင် နော အတွက် ပျာပျာသလဲ ဖြစ်သွားပြီး သူ့အရှေ့က ရေဖန်ခွက်ကြီး ကို လှမ်းယူကာ ...

"နော ... ရေ ... ရေ ... သောက်လိုက်၊ ရော့ ... ရော့... ဒီမှာ"

"မသောက်ဘူး ပြန်ချ"

ဒီစာစ်ခွန်းပဲ ပြောပြီး နော ကိုယ့်ထမင်းကိုယ် ဆက်စားလိုက်သည်။

အဲဒီအချိန်မှာ သူက လက်ထဲက ဖန်ခွက်ကြီးကို ကိုင်ထားရတော့မလိုလို၊ ပြန်ပဲချရတော့မလိုလိုနှင့် ယောင်ကန်း ကန်းကြီး ဖြစ်သွားကာ ...

"ဟာ ... ဒါဆိုလည်း ကျွန်တော်ပဲ သောက်ပစ်တော့မယ်"

ဟု ဆိုလိုက်သည်တွင် နောက သူ့ကို မသိမသာ မျက်စောင်းတစ်ချက် ခဲမိသွားရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ... တောက်၊ ဒီမျက်စောင်းကလည်း ဘာလို့သွားထိုးပြီး ချိတ်မိရတယ်မသိ။

နော တစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် ကျိတ်ဒေါသထွက်နေချိန်မှာပဲ မာမီ့ရဲ့ကရုဏာသံကြီးက နားခါးစွာထွက်လာခဲ့ပြန်သည်။

"သား ... ချစ်မင်း၊ ထမင်းပန်းကန် လဲလိုက်၊ အဲဒီထမင်းပန်းကန် မစားတော့နဲ့နော်"

ကာယကံရှင်ကတော့ နော ချောင်းဆိုးပြီး ချဉ်ရည်ဟင်း ထွက်ကျသွားတာ သူ့ပန်းကန်ထဲ ဝင်,မဝင်တော့ မသိ (အနည်းငယ်လောက်တော့ စဉ်သွားမှာတော့ သေချာတာကို)ဘာမှမဖြစ်ဘဲ မာမီ အသည်းပိုနေတာကို နောက မကျေမနပ် မျက်စောင်းခဲကြည့်ပြီး ထမင်းဆက်စားဖို့ ဟန်ပြင်နေသည့် သူ့ကို ...

"လဲမလား၊ ကျွန်မ လဲပေးမယ်"

"ဟာ ... ရတယ် ... ရတယ်၊ ဘာမှမဝင်ပါဘူး နောရဲ့"

ဟင်း ...

အသံကလည်း ယောကျ်ားဖြစ်ပြီး နော့လိုက်တာ။





နှာမည်ကလည်း ချစ်မင်းတဲ့။ (အရွယ်သုံးမျိုးမရွေး ဘယ်လိုခေါ်ခေါ် ထောင့်မကျိုးလိုက်တာ)။

အင်း ... ရုပ်ကတော့ ကြည့်ပျော် ရှုပျော်ရှိပြီး ဆွဲဆောင်မှုရှိပါတယ်။ (ချောတယ်ပြောလည်း ရပါတယ် ယောကျ်ားပီသစွာပေါ့)။

ဒါပေမဲ့ မျက်နှာမှာ ဝက်ခြံဖုတွေက များပြားလိုက်တာ။ ရွံစရာ ကောင်းလိုက်တာ။

ဝက်ခြံဖုများထွက်သည့် ယောကျ်ားများကို နော တကယ်ကြည့်မရ ရွံလှသည်။

အခု သူက အချစ်တော်ကြီးရဲ့သားဆိုတော့ ပိုဆိုးပြီပေါ့။

"ဟင်"

နော တစ်ယောက်တည်း တိတ်တဆိတ် သူ့ကို ဝေဖန်သုံးသပ်နေတုန်းမှာပဲ သူက နောပန်းကန်ထဲသို့ ကြက်အသည်းဖတ်ကလေး တစ်ဖတ် ဆယ်ထည့်ပေးလိုက်သည်တွင် နောမိသားစုအားလုံး ရှေ့မှာ မျက်နှာတစ်ပြင်လုံး ဖြန်းခနဲဖြစ်သွားသည်အထိ အရှက်ကြီး ရှက်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုး ... ရှက်လွန်းလို့ သူ့ကို ဘာတွေပြောလို့ ပြော မိမှန်းတောင် မသိတော့ချေ။

"ဒါ ဘာလုပ်တာလဲ၊ ကျွန်မက သူများထည့်ပေးတာကို စားတဲ့လူစား မဟုတ်ဘူး၊ ကိုယ့်ဘာကိုယ် ပြန်ယူ"

"သမီးငယ် ... ဟင်း ... ဒုက္ခပါပဲနော် အစ်ကိုမောင်ရယ်၊ သား ... ချစ်မင်း၊ မင်းကိုလည်း အန်တီအားနာလိုက်တာ၊ ထမင်းစားတာ ကောင်းကောင်းမစားရဘူး"

"စားရပါတယ် အန်တီ"

"အေးကွယ်၊ အန်တီ့သမီးကတော့ မင်းမြင်တဲ့အတိုင်းပဲ ကွယ်"

"နော်က ဘာဖြစ်နေလို့လဲ မာမိ"

မာမိ့စကားကြီးက နော့ကို အဆိုးဆုံး (မီးလောင်ရာ လေပင့်) ဖြစ်နေတာမို့ နော မာမိ့မျက်နှာကို ကြည့်ပြောလိုက်တော့ မာမိ့လူကြီးက လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး လက်တကာကာနှင့်...

"ကဲ ... တော်ပါတော့၊ သမီး နော၊ ဘာမှမဖြစ်ဘူး ထမင်းဝိုင်းမှာ စကားမများကောင်းဘူး သမီးရဲ့"





"ဦး ... ကျွန်မတို့သားအမိကြားမှာ ဝင်ပြီးဆရာလုပ်စရာ မလိုပါဘူး"

"ခက်လိုက်တာ ... ခက်လိုက်တာ အစ်ကိုရယ်၊ ကျွန်မ ဖြင့် သေတောင်ပစ်ချင်တယ်"

မာမိ့အသံက နော့ကို ပိုပြီးအခံရခက်စေခဲ့သည်။

ဘယ့်နှယ်... ငယ်ရည်းစား(နောက်ယူမယ့်ယောကျ်ား) ကိုကျ အစ်ကိုတဲ့။

ဒက်ဒီကျ လေးနှစ်တိတိ ကြီးတာတောင် ခန့်ဦးလို့ ...ရိုင်းစိုင်းစိုင်းခေါ်တာ၊ ငယ်ငယ်က ဒက်ဒီနဲ့တစ်ရန်မို့ ယခု ...မိမ်းယောကျ်ားတစ်ယောက်ကို မာမိက အစ်ကိုဟု ခေါ်လိုက် ...ကို နော ရင်ထဲမှာ ခါးခါးသီးသီး ဖြစ်သွားရသည်။

ခါးသီးစိတ်ဖြင့် နှုတ်ခမ်းကိုရွဲ့ပြီး ထမင်းစားပွဲမှ ...နဲ့ ထရပ်ကာ ကိုကို့ပခုံးကို ဖြန်းခနဲ ထောင့်မကျိုးစွာပုတ်

"ထ ... ကိုကို၊ ငါတို့ အပြင်ထွက်ပြီး dinner သွားစား မယ်၊ ဒီနေ့ညနေစားတဲ့ dinner ဟာ ရင်ပြည့်တာပဲ အဖတ်တင်တယ်၊ လုံးဝဗိုက်မပြည့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ကိုကို့ပခုံးကို ဆုပ်ကိုင်ရင်း ကိုကို့ကိုပါ ထမင်းစားခန်းထဲမှ ဆွဲထုတ်လာခဲ့လိုက်သည်။

အဲဒီနောက် ဧည့်ခန်းမှာ ချိတ်ဆွဲထားသည့် ကားသော့တွဲကို သုတ်ခနဲ အပြေးယူကာ မာမီ စိတ်မကောင်းခံစားနေရတုန်းမှာပဲ နောတို့မောင်နှမနှစ်ယောက် အပြေးအလွှားသုတ်ခြေတင် ထွက်လာခဲ့မိတော့သည်။

အဲဒီလို အိမ်ထဲကနေ ပြေးထွက်လာတော့မှပဲ နောရင်ထဲက အပူလုံးတွေ နည်းနည်း ပြေအေးသွားခဲ့ရလေသည်။

ဟင်း ... အပြန်ကျ မာမီနဲ့ ဘယ်လိုရန်ပွဲမျိုး နွဲရဦးမည်မသိ။

ဘာပဲဖြစ်ဖြစ် နော သတ္တိရှိရှိ ရင်ဆိုင်ဝံ့တယ်။

○ ❦ ○



၂

ဒက်ဒီကတော့ သူ့ကို နောနဲ့ ရန်တုမဖြစ်ဖို့၊ နောတို့မောင်နှမနှင့် ပတ်သက်ပြီး အမြဲတမ်း သည်းခံစိတ်မွေးဖို့ ဆုံးမသွန်သင်ပြီး ပြန်သွားခဲ့လေပြီ။

သူကတော့ ခွဲကောင်းကောင်းနှင့် ဒီမှာ ဘာအလုပ်မှ မရှိဘဲ စက်ပစ္စည်းလိုချင်တာ မရသေးတာကို အကြောင်းပြပြီး နောကို နှစ်ပတ်လောက်နဲ့ တစ်ထိုင်တည်း ရင်းနှီးခွင့်ရဖို့ မျှော်လင့်ချက်နှင့် နေကျန်ခဲ့သည်။

အဲဒီလို မျှော်လင့်ချက်နှင့် သူ နေကျန်ခဲ့တာကို ဒက်ဒီက ချစ်စနိုးနှင့် စသွားသေးသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားတော့ နောရဲ့ကြည်ဖြူမှုကိုရဖို့ ဆည်ဝက ဗျိုင်းကြီးလို စောင့်သာနေပေတော့၊ အေး... တစ်ခုတော့ ပေပေပြောခဲ့မယ်၊ မင်း ဒီမောင်နမဒဏ်ကိုတော့ သည်းခံရမယ်နော်၊ သည်းမခံနိုင်ရင်တော့ မလွန်ခင် နောက်ဆုတ်လိုက်ပေတော့"

နောက်ဆုတ်ဖို့စကား လေသံတောင် မသလိမ်းပါနဲ့ပေပေရယ်။

အဲဒီလောက်အထိ ကျွန်တော် ဒီကောင်မလေးရဲ့အမူအရာလေးတွေကို စွဲလမ်းနှစ်သက်သွားတာ။

(အထူးစွဲလမ်းတာက) မူယာမာယာ များတတ်တဲ့အကျင့်ဆိုးလေးကိုပါပဲ။

ပြီးတော့ ကောင်မလေးရဲ့ ဘယ်သူနဲ့မှ မတူတဲ့အရုပ်အရှည်ကြီးရယ် မျက်လုံးလက်လက်ကလေးတွေက ကြယ်ကလေးတွေလို ဖြာနေတာရယ်၊ စိတ်ထားမကောင်းသလို ဟန်ဆောင်ပြီး ပင်ကိုစိတ်ထား ကောင်းတာလေးရယ် (အထူးအားဖြင့်အလှဆုံးမျက်နှာကလေးကြောင့်ရယ်ပေါ့ ပေပေ)။





ကျွန်တော် လွန်ခဲ့တဲ့ သုံးနှစ်လောက်က အပြင်မှာ တစ်ခါပဲ မြင်ဖူးခဲ့ပေမယ့် အဲဒီကတည်းက ကျွန်တော် စွဲလမ်းသွားခဲ့တာ။

အဲဒီတုန်းက သူက ငယ်သေးတော့ မသင့်တော်လို့ မပြောခဲ့မိသေးတာ။

အခုတော့ ...

အဟား ... မင်းအရွယ်က တစ်ဆိတ် ငယ်ပေမယ့် (လက်ထပ်ချင်တဲ့သူက အမြန်ဆုံး)ဆိုတော့ ကဲ ... မင်း ဘယ်အတတ်ပညာနဲ့ ကြည့်ရှောင်မလဲ မရွှေမနောရ။

"သား ... ချစ်မွှေး၊ တစ်ယောက်တည်း ဘာတွေသဘောကျပြီး ပြုံးနေတာလဲ"

"ဟင် ... အန်တီ"

သူ အတွေးများပြီး တစ်ယောက်တည်း စိတ်လွတ်သွားသည့်အဖြစ်ကြီးကို အန်တီမိသွားသဖြင့် နည်းနည်းရှက်သွားရကာ ခေါင်းကဆံပင်တွေကို လက်ဖြင့်ထိုးဖွပြီး နှုတ်ခမ်းများကို လျှာတစ်ချက်သိမ်းရင်းက ပြုံးတုံ့တုံ့ မျက်နှာလေးဖြင့်ပင် ...

"အဟဲ ... အန်တီရယ်၊ ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … အဲဒီ ဒီလိုပါပဲ အဓိပ္ပာယ်ကြီးကို ဖွင့်လေ"

"အန်တီ့ကို မျက်နှာပူတယ်"

"အမယ်လေး … သိပါပြီတော် သိပါပြီ၊ မျက်နှာပူလည်း မပြောတော့နဲ့၊ ဒါပေမဲ့ တစ်ခုတော့ မေးဦးမယ်"

"ဟုတ်ကဲ့ … မေးပါ အန်တီ"

"သမီးငယ် မင်းကို လက်ခံစကားပြောလား"

"မပြောလို့ စိတ်ညစ်နေရတာပေါ့ အန်တီရယ်၊ ကျွန်တော် လည်း ပြန်မယ့်ရက်က တဖြည်းဖြည်း နီးလာပြီ၊ ကြားသုံး ရက်ပဲ လိုတော့တယ်၊ ဟိုမှာလည်း စက်ရုံကို လက်ထောက် နဲ့ ပစ်ထားရတာ ကျွန်တော် မပြန်လို့ မဖြစ်တော့ဘူး"

"အေး … အေး၊ မင်းတို့ လူငယ်အချင်းချင်း ရင်းနှီးအောင် ကြိုးစားပေါ့ကွယ်၊ အင်း … ဒီစကားအထိ ပြောရတာ အန်တီ မျက်နှာပူလှပြီ"

"အန်တီကလည်း၊ ဘာပူစရာလိုတာမှတ်လို့ family တွေပဲ"

"အေးပါ … အေးပါ၊ ဖအေတူသား၊ စကားတတ်ကြီးရယ်"

"ဟွန်း … ဟွန်း၊ ဖေဖေကရော စကားတတ်တယ်လား"

"မသိဘူးလေ၊ မင်းအဖေအကြောင်း မင်းအသိဆုံးပေါ့"

"အန်တီက ပိုသိပါတယ်"





"ဟဲ့ … ချစ်မင်း၊ မင်းနော် … အန်တီ့ကို"

အန်တီ့မျက်နှာ ဝိုင်းဝိုင်းချောချောကြီး ပန်းသွေးရောင် ပြေးသွားသည်အထိ ရှက်ရွံ့သွားတာကို သူက ချစ်ခင်စွာ အမေ ထစ်ယောက်လိုပင် ကြည့်လိုက်မိပြီး …

"အန်တီလို့ ခေါ်ရတာ လျှာခံတွင်း မတွေ့တော့ဘူး၊ မာမိ လို့ပဲ ခေါ်ချင်တယ်"

"ဟဲ့ … ဒီကလေး"

"အဟား ဟား ဟား"

အန်တီက သူ့ကို ချစ်စနိုးနဲ့ ရှက်ရမ်းရမ်းပြီး ဆိတ်ခေါက်လိုက်တာကို သူက ခေါင်းတယမ်းယမ်းရှောင်ပြီး …

"ဟား … မလုပ်နဲ့ အန်တီ၊ မလုပ်နဲ့"

"အမယ်လေးလေ၊ အချစ်နာလန်ထနေလိုက်ကြတာ ကျော် မကောင်း ကြားမကောင်း ဖြစ်နေပါဦးမယ်၊ အဖေနဲ့မညား ဘဲ သားနဲ့ညားတဲ့ဘုဝရောက်လို့ ဒီသေးသေးလေးကိုတော့ နော်တို့ ပထွေးမတော်နိုင်ဘူးနော် မာမီ"

"ဟင် … မင်း ဘာစကားပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားသံတောင် သူ အဆုံးသတ်ခွင့် မပေးတော့ဘဲ မိုက်ရိုင်းလွန်းသည့် နော အရှေ့သို့ သူ ခြေလှမ်းကျဲကြီးတွေနှင့် ရောက်သွားကာ နော ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲခါယမ်းပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ အံကြိတ်သံကြီးနှင့် ...

"မင်း သိပ်မိုက်ရိုင်းတဲ့ မိန်းကလေး"

"လွှတ်စမ်း ... ချစ်မင်း၊ နင် ငါတို့သားအမိကြားမှာ ဘာ မှဝင်ပါစရာ မလိုဘူး"

"ဘာကွ ... မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

မိုက်ရိုင်းမှုတွေ ထပ်ဆင့်လွန်ကဲလွန်းသည့် သူမကို သူ မယုံနိုင်စွာ ကြောင်ပြီး စိုက်ကြည့်နေသည့် တစ်ခဏအတွင်း မှာပဲ ပြဿနာက တစ်ဆင့်တိုးသွားခဲ့ပြန်သည်။

"ဟောကောင် ... မင်း ဒါဘာလုပ်တာလဲ ငါ့ညီမကို"

"သားကြီး ... မလုပ်နဲ့၊ အို ... သေချင်ပါတယ်၊ သေချင် ပါတယ်"

သူ့ရင်ဘတ်ကြီးက ရှပ်အင်္ကျီကို ဆွဲခါလာသည့် နောအစ်ကို့ကို သူက ခပ်ရဲရဲစိုက်ကြည့်ပြီး သတ္တိရှိရှိပင် သူ့ညီမ ကို မကျေနပ်ကြောင်း ဖြောင့်ဖြောင့်ပြောလိုက်သည်။





"မင်းညီမ ငါ့ထက် ငါးနှစ်ငယ်တဲ့ မိန်းကလေးက ငါ့ကို မိုက်မိုက်ရိုင်းရိုင်း နင်လုံး ငါလုံးရိုက်ပြီး နာမည်ကိုခေါ် တာ သိပ်မိုက်ရိုင်းလွန်းတယ်၊ ငါ လုံးဝမကျေနပ်ဘူး"

"မကျေနပ် လေဖြတ်ကွာ၊ ရှင်းလား"

"ဟောကောင် ... မင်းညီမကိုမင်း ယဉ်ကျေးအောင်ဆုံးမ ထား၊ မဆုံးမရင် အန်တီနဲ့ပတ်သက်ပြီး ငါ ဆုံးမရမှာပဲ၊ မင်းညီမ အရိုင်းအစိုင်းမကို ငါ ဆုံးမမယ်"

"အောင်မယ် ... မင်းက ... မင်းက ... လူပါးဝလိုက်တဲ့ မကွေးသား၊ မင်းတော့နော်၊ ညှော်သညီမို့လို့ ညှာလိုက်တာ၊ တောက်ကွာ ... လူပါးဝလိုက်တဲ့ ညှော်သည်"

"သားကြီး ... မင်း တော်တော့"

"ကိုကို ... တော် ... တော်၊ ဒီလူက ဘယ်သူ့အားကိုးနဲ့ တို့မောင်နှမကို တော်လှန်ဖို့ ကြိုးစားနေတာလဲ မသိဘူး၊ ဟင်း ဟင်း ... ကြီးလိုက်တဲ့မျက်နှာ"

သူ့လက်အစုံကလည်း သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင် ကွာကျပြီး သူမအစ်ကိုရဲ့လက်ထဲမှ သူ့အင်္ကျီစတြိး လွှတ်သွား သည်။ ဒီအချိန်မှာ အန်တီသမီး အရိုင်းအစိုင်းမလေးကတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ခန် သူနဲ့ဝေးရာ ညော့်ခန်းအဝ ပြေးလျှောက်သွားပြီး အခုလို သူ့အစ်ကို့ကို အမိန့်ပေးကာ သူ့ကို ခနိုးခနဲ့ သရော်ပြီး ရယ်လိုက်သေးသည်။

အဲသလို သရော်ပြီး ရယ်လိုက်တဲ့ အပြောအဆိုတွေကိုပဲ သူက မနှစ်မြို့စွာ နော့ကို တစ်ချက်စူးစူးကြည့်ပြီး ...

"နော ... မင်း ... မင်း ငါ့ကို မခံနိုင်အောင် မပြောနဲ့နော်၊ မင်း ပြဿနာတက်သွားမယ်"

"အောင်မယ် ... နင်က ဘာပြဿနာ ..."

"ဟာ ... ဒီမိန်းကလေး"

သူ ဘယ်လိုမှ သည်းမခံနိုင်လောက်အောင်ပင် ရင်ထဲက ဒေါသက လွှတ်ထွက်သွားရလေပြီ။

သူ့ကို နင် ... နင်နဲ့ပြောနေတဲ့ သူ့ထက်အသက်အများကြီးငယ်တဲ့ နောအနောက်ကို ခြေကုန်သုတ်ပြီး ပြေးလိုက်အသွားမှာပဲ အနောက်ဘက်ဆီက အန်တီရဲ့တားမြစ်သံ တောင်းပန်သံက သူ့နားစည်ထဲမှာ လှိုင်းထစ်ထပ် ကြမ်းသွားတော့သည်။

"သား ... ချစ်မင်း၊ မလုပ်နဲ့၊ လိုက်မသွားနဲ့ အန်တီ တောင်းပန်ပါတယ်"





"ဟော့ကောင် ... မင်း ငါ့နမကို ထိရဲထိကြည့်၊ မင်းမျက်ခွက် စုတ်ပြတ်သွားမယ်မှတ်"

နမထိ မားကြည့်ဆိုတဲ့ သူမအစ်ကို့ကိုလည်း သူ လုံးဝဂရုမစိုက်မိဘဲ သူမအနောက်ကို ပြေးအလိုက် သူမက သာသာထိုးထိုးပင် သူမအခန်းထဲကို ပြေးဝင်သွားပြီး ဂျိမ်းခနဲ တံခါးပိတ်သွားသည်တွင် လော့ခ်ချလိုက်ပြီ ဆိုတာကို သူ အပြီးသိလိုက်ရတော့သည်။

သို့သော် သူက ဖွဲ့မလျှော့ချင်သေးဘဲ တံခါးလော့ခ်ချသွားတဲ့ သူမအခန်းတံခါးကို စိတ်လိုက်မာန်ပါထုပြီး ...

"နော ... မင်း ထွက်ခဲ့စမ်း၊ ထွက်ခဲ့စမ်း"

လို့ တဖွဖွ အော်လိုက်ပေမယ့် သူ့အော်သံတွေသာ အချည်းအနှီး ဖြစ်ခဲ့ရသည်။

သူမကတော့ အခုလောက်ဆို အခန်းထဲက ကောင်းကောင်း လှောင်နေလောက်ပါပြီ။

သူကတော့ သူမကို ပထမဦးဆုံးအကြိမ် အရှုံးကြီးကြီး ပေးလိုက်ရလေပြီဖြစ်သည်။

အင်း ... နလုံးသား ... နလုံးသား ...



www.burmeseclassic.com

www.burmeseclassic.com



စရုံရှိသေးတယ် ရှုံးနေခဲ့ရပါပြီ။

ရှေ့လျှောက် သူ ဘယ်လောက် ဒုက္ခရောက်ဦးမည် မသိ။ (စိတ်ကုန်လှပါတယ်)။



ဒီနေ့မှာတော့ ဘာဖြစ်ဖြစ် နောက်ကို အပြတ်ရင်ဆိုင်ဖို့ သူ နော အိပ်ရာထတတ်သည့်အချိန် နံနက်ရှစ်နာရီအချိန်ကွက်တိကို ရေအိမ်ထဲဝင်ရင်းနှင့် တိတ်တဆိတ် စောင့်ဖမ်းလိုက်သည်။

စောင့်မဖမ်းလို့လည်း မဖြစ်တော့။

ဖြန်ဖို့ရက်ကိုတောင် သုံးရက်စွန်းသွားခဲ့လေပြီမို့ ဒီကနေ့မှာတော့ သူမနှင့် ထိပ်တိုက်တွေ့ဆုံဖို့ကို ဒီတစ်နည်းနဲ့ပဲ ကြိုးစားလိုက်ရသည်။

"ယော"

**Bath room** ဆီသို့ တရှုပ်ရှုပ်ဝင်လာသည့် ခြေသံကျယ်ကျယ်က နောခြေသံပဲဆိုတာ သူက အလွတ်ရနေပြီမို့ ရေအိမ်ထဲကနေ သူ တံခါးကို ဖြည်းဖြည်းဖွင့်ပြီး ရေချိုးခန်းဆီ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားလိုက်သည်။ ဒီအချိန်မှာ တံခါးသံကြောင့် ထိတ်လန့်သွားသည့် မျက်လုံးဝိုင်းတွေနှင့် လှမ်းကြည့်လာသည့် နော့ကို သူက တစ်ချက်တည်တည်ကြည့်ကာ ခြေလှမ်းကျဲတွေနှင့် သူမဆီ အလျှောက် ...

သူမက ဖျတ်ခနဲ ရေချိုးခန်းထဲဝင်ပြီး တံခါးကို "ဂျိမ်း"ခနဲ ပိတ်မလို့ ဆွဲအစ၊ သူက ရေချိုးခန်းတံခါးကို အပြင်ကနေ တအားဆွဲဖွင့်လိုက်လေသည်။

အဲဒီအချိန်မှာ တံခါးက"ဝုန်း"ခနဲ ပွင့်သွားပြီး နော့ကလည်း ကြောက်အား လန့်အား နောက်ခြေတစ်လှမ်းဆုတ်ကာ သူ့ကို ကျားသစ်မလေးလို စူးစူးစိမ်းစိမ်းကြည့်ကာ ...

"ဒါ ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲ"

သူက ပြောလည်းပြော ရေချိုးခန်းတံခါးကို ချက်ချပစ်လိုက်သည်တွင် နော့က ပိုပြီးကြောက်ရွံ့တုန်လှုပ်သွားလေသည်။

ကြောက်ရွံ့စွာဖြင့် မျက်လုံးဝိုင်းကလေးက ရှိသန့်ရှိထိုက်တာထက် အဆမတန် ပိုပြူးသွားကာ ...

"နင် ..."





"နင် ... ဟုတ်လား"

ဆတ်ခနဲ နော့ရဲ့ ရိုင်းရိုင်းစိုင်းစိုင်းထွက်သည့် နှုတ်ခမ်းလေးကို သူ ခပ်နာနာဖြစ်အောင် လက်မနှင့်လက်ညှိုးညှပ်ပြီး ဆွဲချေပစ်လိုက်သည်တွင် "ဝုန်း"ခနဲ ထရုန်းလိုက်သည့် နော့ကိုယ်လုံးလေးက သူ့ရင်ခွင်ကျယ်ကြီးထဲ ပစ်ကျသွားသလို သူက အလိုက်သင့်ပင် ခပ်တင်းတင်း ချုပ်ဖက်ပစ်လိုက်တော့သည်။

ဒီအချိန်မှာ သူမက အော်ဖို့ ဟစ်ဖို့ ခေါင်းတယမ်းယမ်းနှင့် ကြိုးစားနေတာကို အပြီးသိသည့်သူက သူမလက်တွေကိုချုပ်ပြီး သူမပါးစပ်ကို လက်တစ်ဖက်ဖြင့် အမိအရ ချုပ်အုပ်ပစ်လိုက်တော့သည်။

"ကဲ ... ဘာတတ်နိုင်သေးလဲ မချွေမနော့ရ"

သူက မျက်ခုံးတစ်ချက်ပင့်ပြီး သူမကို မခံချိမခံသာဖြစ်သွားအောင် ခနဲ့တဲ့တဲ့နှင့် ရီပစ်လိုက်သည်။

ဒါကို သူမက အတော့်ကို မခံချင်ဖြစ်သွားကာ ပါးစပ်က အပိတ်ခံထားရတာမို့ "တဝူးဝူး"နှင့် ရန်တွေ့နေသည်ကို ခံစားရတာမို့ သူက ချစ်စနိုးကြီး ပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စွာလိုက်တဲ့ ပါးစပ်ကလေးကွာ၊ ချစ်သူ မဖြစ်သေးလို့ ဒီလောက်နဲ့ပဲ ဆုံးမထားတာ၊ အေး ... မင်းကို အဓိက ဆုံးမချင်တာကတော့ မင်းရဲ့မိုက်ရိုင်းတဲ့ အသုံးအနှုန်းတွေပဲ၊ ကဲ ... မင်းကို ငါ ကတိနဲ့ မင်းပါးစပ်ကို ဖွင့်ပေးမယ်၊ မင်း ငါ့ကို ငါကျေနပ်လောက်အောင် တောင်းပန်ရမယ်၊ မင်းရဲ့ရိုင်းပျတဲ့ အခေါ်အဝေါ်အတွက်၊ ကဲ ... တောင်းပန်မလား"

"ဝူး ဝူး ဝူး"

သူမ ခြေကားယား လက်ကားယားနှင့် ခေါင်းကလေး တယမ်းယမ်း ငြင်းဆန်နေတာကိုက "မတောင်းပန်ဘူး၊ မတောင်းပန်ဘူး"သက်ရောက်သည်။

ဒါကို သူက အထာပေါက်ပေမယ့် တမင်ပင် ...

"တောင်းပန်မယ်၊ ဟုတ်လား"

"ဝူး ဝူး ဝူး"

"ဟာ ... ချေးမလေး ပျော်နေတယ်ကွာ"

"ဝူး"



ဒီတစ်ခါတော့ သူ့ကို ဆဲလိုက်တာလို့ သူထင်သည်။ ထင်သည့်အတိုင်းပင် သူမက အရမ်းပေါက်ကွဲသွားပြီး သူ့လက်ကြီးကို အတင်းဆွဲခွာနေပြီမို့ ...

"ဟော့ ... အလိမ္မာနဲ့နေနော်၊ အဆုံးအမ ကြမ်းတာကို လက်ခံချင်ပြီလား၊ နေဦး ... နေဦး၊ အေး ... ဟုတ်ပြီ၊ အိုခေ ... မင်း ကိုယ့်ကို တောင်းပန်မလား မတောင်းပန်ဘူးလား၊ ခေါင်းတစ်ချက်ညိတ်၊ ခေါင်းတစ်ချက်ခါတော့၊ ကဲ ... ညိတ်မလား ခါမလား၊ ညိတ်ပြ ခါပြ"

အဲဒီအချိန်မှာ သူမက ခေါင်းကို ပြုတ်ထွက်မတတ် ခါပြလိုက်သည်တွင် မျက်ရည်ကြည်လေးတွေ ပါးပြင်လေးပေါ် စီးကျသွားလေသည်။

သူမကိုကြည့်ပြီး သူ သနားသွားခဲ့ရပေမယ့် မသနားရဲပါ။

လူသနားရင် သူပဲခံရမှာ အတပ်သိသည့် သူက သူမမျက်နှာလှလှလေးကိုပဲ မြတ်နိုးစွာ တစ်ချက်စိုက်ကြည့်ပြီး ...

"ခေါင်းမမာနဲ့နော်၊ ခင်း ... မင်း ကိုယ့်ကို မကြောက်ဘူးလား၊ ငါးစက္ကန့် အချိန်ပေးမယ်၊ စဉ်းစား"

www.burmeseclassic.com

www.burmeseclassic.com



"ရှူး ရှူး"

"အိုခေ ... မစဉ်းစားရင် ကြိုက်ရာလုပ်၊ ဝမ်း ... တူး ... သရီး ... ခေါ်ပြီးလို့မှ ခေါင်းညိတ်မပြရင် မင်းထိုက်နဲ့ မင်းကံနော်"

သူမကတော့ ဖွဲ့မလျှော့ဘဲ ခေါင်းတယမ်းယမ်း ငြင်းဆန်နေဆဲဖြစ်သည်။

ဘယ်တော့များမှ မျက်ရည်ကျ အရှုံးပေးလိမ့်မည် မသိ။

သူကတော့ သူမမျက်ရည်တွေကို တစိမ့်စိမ့်ကြည့် ပြီး သဘောကျကာ တဟားဟား ရယ်ပြီး ...

"ဝမ်း"

"တူး"

"သရီး ... ဟော့ ညိတ်ပြ"

"ရှူး"

"ဟာ ... မာလိုက်တဲ့ခေါင်း၊ ခေါင်းမာသံလို နှလုံးသား ရော မာလားဟင်၊ စမ်းသပ်ကြည့်ရအောင်"

"ဟင်"



နော့နှုတ်ခမ်းကို အုပ်ထားသည့် သူ့လက်ဖဝါးကြီး သိမ်းဖယ်ပစ်လိုက်ချိန်မှာ နော့က ရန်တွေ့မယ်လို့ ပါးစပ်ကလေး ကိုအဟ၊ သူ့ရဲ့ရွှေးမြသည့်အထိ တစ်ခုက နော့ နှလုံးသားနုနု လေးကို ကမ္ဘာ့အပြင်ဘက် အမှောင်ထုကြီးထဲ ရောက်သွားသလို သယ်ဆောင်သွားလေတော့သည်။

နော့ သူ့ကို အာခံအံတုနိုင်စွမ်း မရှိတော့သလို ရင် ထဲက ကြောက်စရာအကောင်းဆုံး (နှလုံးသားထဲက ရင်ခုန်သံက သည်း စီးချက်ညီညီ ရှန်းကြွခုန်မြည်သွားခဲ့လေပြီဖြစ်သည်)။

ဒီအချိန်မှာ နော့ရဲ့မျက်ရည်စလေးတွေက မငိုပါဘူး အံခဲထားတဲ့ကြားက ပေါက်ခနဲ ပေါက်ခနဲ ပါးပြင်လေးပေါ်ကြွေ ကျလိမ့်ဆင်းသွားခဲ့သည်မှာ (သူ့ကို တနင့်တနဲ အရှုံးပေးခဲ့ရသလို ဖြစ်သွားရသည်)။

အဲဒီလို သူ့ကို မျက်ရည်ကျ အရှုံးပေးခဲ့ရသည့် အတစ်ခုကိုလည်း အနာကြီး နာသွားချိန်မှာ သူက နော့နှင့် မျက်နှာချင်း ပွေ့အပ်ထားရာမှ အနည်းငယ် ခွာပစ်လိုက်ပြီး နော့ မျက်နှာလေးကို မေးဖျားကလေးမှ ခပ်နုနု ဆွဲပင့်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကလေးမလေး မငိုနဲ့လေ၊ ငိုရင် မင်းအစ်ကိုက တစ်မျိုးသတ်မှတ်နေဦးမယ်၊ ဟော့ ... မျက်အစ်ကျအောင် မငိုနဲ့"

"... ... ..."

နော ငိုရှိုက်သံ မထွက်အောင် အံကြိတ်ပစ်လိုက်ပြီး သူ့ကို ခပ်စိမ်းစိမ်း ကြည့်ပစ်လိုက်သည်။

ကြည့်ပါဦး ...

တကယ့်ကို ...

မသတီစရာကောင်းသည့်လူ။ (နှုတ်ခမ်းမွေးက စိမ်းစိမ်းနှင့် ဝက်ခြံဖုတွေက တကယ် နှာဘူးရုပ်ကို ပေါက်နေသည်)။

တောက် ... ရှုံ့လိုက်တာ။

ဒီလိုလူမျိုးရဲ့အနမ်းကို ခံရတာ ငါ သိက္ခာကျလိုက်တာ။

"အင်း ... မင်းက စကားမှ နားမထောင်တာ၊ အခုလည်း ငြိမ်းချမ်းရေးရမယ်လို့ ထင်သေးလို့လား"

"လူယုတ်မာ ... စကားတစ်ခွန်းမှ မပြောနဲ့"





"ဟော့ ... အဲဒီလို ကင်ပွန်းမတပ်နဲ့နော်၊ အဲဒီလို ကင်ပွန်း တပ်ရင်တော့ အဲဒီလိုလူဖြစ်အောင် လုပ်လိုက်ရင် အလွယ်လေး"

"ရှင် ... မာမီမျက်နှာနဲ့ ရောင့်တက်နေတာ၊ ဒီထက်ရောင့် တက်ရင်တော့ ရှင် မကြွေးကို ခြေလက်အင်္ဂါမကောင်းမကုန်းနဲ့ ပြန်ရမယ့်ဘဝကို ရောက်မှာ သိထား ကိုချစ်မင်း"

"အင်း ... ဟုတ်ပြီ၊ နည်းနည်းတော့ ယဉ်ကျေးလာပြီ၊ ဒီထက်ယဉ်ကျေးအောင် သင်ရဦးမယ်၊ မင်း ကိုယ့်ကို ချစ်မင်းလို့ ခေါ်ထားတဲ့ အခေါ်အဝေါ်ရယ်၊ နင်နဲ့ငါလို့ ပြောထားတဲ့ အပြောတစ်ခုရယ်အတွက် လျှော်ကြေးတစ်ခါ တည်းတောင်းမယ်၊ ကဲ ... မင်း ငါ့ကို နမ်းစားတစ်ခုခု ခေါ်၊ အဲဒီတော့မှ မင်း ဒီရေချိုးခန်းထဲက လွတ်မြောက်ခွင့် ရမယ်"

"ဟင်"

ကြည့်စမ်း ... အတော်ကို တင်တင်စီးစီး ရှိလိုက်တဲ့ ညှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်ကိုများ သူက တစ်ပြန်ကြီး ပြန်ဟစ်နေတာ နောရင်ထဲမှာ အခဲမကျေနိုင်ခဲ့ပေမယ့် ဒီအချိန်က သူ့လက်ထဲက လွတ်အောင် ဘယ်လိုမှ ရုန်းထွက်လို့မရတော့ပြီမို့ သူ့ကိုတစ်ချက် စူးစူးကြည့်ကာ ခေါင်းညိတ်ပြလိုက်ရသည်။

"ကောင်းပြီ ... ပြော၊ ကျွန်မ ဘယ်လိုနာမ်စားခေါ်ရမလဲ"

"အင်း ... ကိုယ်က ငါးနှစ်ကြီးတယ်ဆိုတော့ ကိုကို ... ဟာ ကိုကိုက မင်းအစ်ကို့ကို ခေါ်တဲ့ အခေါ်အဝေါ်ကြီး မဖြစ်သေးဘူး"

ကျွတ် ....စိတ်ရှိလက်ရှိ ပါးပိတ်ရိုက်လိုက်ပြန်ရင်လည်း နောဘဝလေး ဒီနေရာမှာတင် သူ့လက်ထဲ ရောက်သွားခဲ့မည်လား မသိ။

ဒုက္ခ ... ဒုက္ခ။

ငါ့နယ် ဘယ်လိုအကုသိုလ်ကောင်ကြီးနဲ့မှ တည့်တည့်တိုးရတဲ့အဖြစ် ရောက်သည်မသိ။

ဟင်း ... သေချင်ပါတယ်။

မာမီညည်းတဲ့ သေချင့်ပါတယ်က နောပါးစပ်ထဲ ရောက်ရှိသွားရချိန်မှာ သူက စောစောက စခန်းကို တစ်စခန်း ထမြန်းလိုက်ပြန်သည်။





"အင်း ... ကိုကို မဟုတ်ရင် ချစ်သူတွေ လက်ထပ်ထား သူတွေခေါ်တဲ့ အစ်ကို၊ အင်း ... ဟုတ်တယ်၊ ရိုးသားသူ ကလေးတွေကတော့ အစ်ကိုခေါ်၊ နည်းနည်း ကလက်တက် ခေါ်တတ်တဲ့သူကတော့ ကို ခေါ်။ ဟုတ်တယ် ... အဲဒီနှစ်လုံးတည်းက ကြိုက်တာခေါ်၊ ကိုယ် မင်းခေါ်တဲ့ ရိုင်းပျတဲ့ အခေါ်အဝေါ်တွေအတွက် ကျေနပ်တယ်၊ မင်းကိုလည်း လွှတ်ပေးမယ်"

"အဲဒါဆိုရင် အစ်ကို ခေါ်မယ်"

"အင်း ... ကောင်းသား၊ **Korea** စတိုင်လေး"

"ကျွန်မကို လွှတ်ပေးတော့လေ"

သူက အခုချိန်အထိ နောကို ပွေ့ဖက်ထားသေးတာမို့ နောက သူ့ရင်ခွင်ထဲမှ တစ်ချက်ရုန်းပြီး ပြောလိုက်သည်တွင် သူ့မျက်နှာကြီး ပြုံးစိစိ ဖြစ်သွားရလေသည်။

အဲဒီလို ပြုံးသွားသလို နောကိုလည်း ကလေးလေး တစ်ယောက်ကို ချစ်စနိုးနှင့် စိုက်ကြည့်သလိုမျိုး စိုက်ကြည့်ကာ နောပါးပြင်ကလေးကို ခပ်ဖွဖွလေး ပုတ်လိုက်ပြီး ...

"မင်းမှ ကိုယ့်ကို မခေါ်ရသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပြီးပြီလေ"

"အဲဒါ ခေါ်တာမဟုတ်ဘူး၊ အဆိုတင်သွင်းတာ"

"ကောင်းပြီ၊ ဒါဆို ခေါ်မယ်၊ အသေအချာ နားစိုက်ထောင်ပါ"

"အင်း ... အင်း ဟုတ်ပြီ"

"အစ်ကို မနက်ဖြန် မကွေးကို ပြန်တော့"

"အင်း ... ညီမက ချစ်တယ်လို့ အဖြေပေးရင် ပြန်တာပေါ့"

"ကိုချစ်မင်း အပေးအယူတစ်ခုနော်၊ ကျွန်မတို့ ဗီဒီယိုရိုက်တယ်လို့ပဲ သတ်မှတ်လိုက်၊ ရှင် အခုပိုစကားတစ်ခွန်းမှမဆိုတော့နဲ့၊ ကဲ ... ကျွန်မကို ကတိအတိုင်း လွှတ်ပေးတော့"

"ကောင်းပါပြီတဲ့ဗျာ၊ တစ်ခုတော့ ကိုယ် မင်းကို ပြောလိုက်ဦးမယ်"

"ဘာလဲ"

"I love you"

နော သူ့ရဲ့ရင်ခုန်ချစ်ခြင်းသံစဉ် ငြိမ့်ငြိမ့်တွေကို ရင်မခုန်မိအောင် ထိန်းချုပ်မျိုသိပ်ခဲ့ပေမယ့် ငြိမ့်ခနဲ ခုန်သွားတဲ့





ရင်ထဲက ရင်ခုန်သံက ဘယ်လိုမှ ထိန်းလို့မရအောင် အထိန်းအကွပ်မဲ့ကာ လွတ်ထွက်သွားခဲ့ရပြီဖြစ်သည်။

အင်း ... ဤအရာကို အချစ်ဟု ခေါ်လို့ရပါသလား။

ဒါပေမဲ့ နောတို့ကတော့ နောသိပ်မုန်းတဲ့ လူကြီးရဲ့သားကိုတော့ ဘယ်လိုနှလုံးသားမျိုးနဲ့မှ အရောင်တင်ဖို့ စိတ်မကူးဘဲ ဆုံးဖြတ်ချက် ခိုင်မာစွာဖြင့်ပင် သူ့အရှေ့မှ ခပ်တည်တည်ပင် ဟန်မပျက် လှည့်ထွက်လာခဲ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

တတူတူ မြည်လာသည့် ဖုန်းသံက ညအချိန်မတော်ကြီးမို့ ဘယ်သူ့ဆီကလဲလို့ နော နားရွက်ထောင်သွားပြီး ဖုန်းကလေးကို ကမန်းကတန်း ကောက်ဖွင့်နားထောင်လိုက်သည်။

အဲဒီအချိန်မှာ ကြားသိလိုက်ရသည့် သူ့အသံသြတောတော နော့တော့တော့က နောနလုံးသားလေးကို ပူနွေး နွေးလှုပ်တုန်ယင်သွားရသည်။

"နော ... ညီမ"

အင်း ... လာပါပြီ။

အစ်ကိုတွေ ညီမတွေ လုပ်လာပြီ။





ဟား ဟား ဟား ... ရယ်,ရယ်ချင်သေး ကိုချစ်မင်းရေ့။

"နော"

နောက တိတ်တိတ်ကလေး ကျိတ် လျှောင်နေသည့်အချိန်မှာပဲ သူ့အသံက အရှိန်အဝါဖြင့် (အာလုတ်သံ)ထွက်လာခြန်သည်။

တောက် ... မုန်းလိုက်တာ။ စကားပြောတဲ့အသံကအစ မုန်းတာ။ (သူ့ကိုယ်သူ ဆရာကြီးစတိုင်ခင်းတာ၊ နောဘယ်လိုမှ လက်ခံလို့မရအောင် ရင်ထဲမှာ အော့နလုံးနာသွားရသည်)။

"ဟော့ ... ဟာ ... ဖုန်းဖွင့်ပြီး ဘာတွေစိတ်ကူးယဉ်နေတာလဲ၊ ဘာလဲ ... ကိုယ့်ကို ဘယ်လိုအဖြေပေးရကောင်းမလဲလို့ စဉ်းစားနေတာလား"

"အင်း ... ရှင် ဘာပြောမလို့လဲ၊ ဒီမှာ အိပ်ချင်နေပြီ"

"မအိပ်နဲ့ဦးကွာ၊ အခုမှ ဆယ့်တစ်နာရီ ရှိသေးတယ်"

"ကောင်းပြီ ... အမြန်ပြော၊ ဘာပြောမလို့လဲ"

နော ဘာဖြစ်လို့များ သူ့ကို လက်ခံစကားပြောခဲ့မိသွားသည်မသိ။ (ရင်တွေကလည်းခုန်လို့)။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာတင် နော မှားသွားခဲ့တာဖြစ်သည်။

"နော ... ညီမ"

"ဟာ ... ဘာလဲ၊ ရှင် မရစ်နဲ့နော်"

"မရစ်ပါဘူးကွာ၊ မနက်ဖြန် ပြန်ရတော့မှာမို့ လွမ်းလို့ ခေါ်မိတာပါ၊ ညီမ ... ကိုယ် မနက်ဖြန် ပြန်တော့မယ်"

"ကောင်းတာပေါ့၊ အရှုပ်ထုပ်ကြီး ရှင်းသွားတာပေါ့"

"မင်းက ပျော်နေတယ်ပေါ့"

"ပျော်တာပေါ့၊ နဂိုကတည်းက ကိုယ်လက်သင့်မခံချင်တဲ့ ညှော်သည်ကို ရှင်းစေချင်နေတာ"

"အဲဒီလောက်အထိ ကိုယ့်ကို မေတ္တာထားတယ်လား"

"ရှင်တို့သားအဖနှစ်ယောက်စလုံးကို"

"ဖေဖေက အရမ်း ကံကောင်းပါတယ်ကွာ၊ ကိုယ့်ကို အချစ်နိုင်ဆုံး မိန်းမတစ်ယောက်နဲ့ တွေ့တာ"

"ရှင့်စကား ဒီတင်ပဲရပ်"

"ဟုတ်တာ ပြောတာပဲ၊ ဖေဖေ စီစဉ်ထားတဲ့ အစီအစဉ်ကို ကိုယ်ပြောမယ်နော်၊ အေး ... အဲဒါကို မင်းလက်မခံရင် တော့ မင်းထိုက်နဲ့ မင်းကံနော်၊ ကိုယ်ကတော့ ထင်တယ်၊





ဖေဖေနဲ့ အန်တီ ကိုယ်တို့နှစ်ယောက်ကို လက်ထပ်ပေးလို့ မရရင် သူတို့ ဒီသီတင်းကျွတ်ကို လက်ထပ်ကြလိမ့်မယ် ထင်တယ်"

"ရှင် ဘာပြောတယ်"

"အေး ... အဲဒါ ကိုယ်သိထားတဲ့ အတိုင်းအတာကိုပြော တာပဲ၊ မင်း အတွင်းကျကျ သိချင်ရင် နောက်နာရီဝက် အတွင်း အိမ်အောက်ထပ် ညှော်ခန်းထဲကို လာခဲ့လေ၊ မသိ ချင်ရင်တော့ နေပေါ့၊ ကိုယ်က မနက်ဖြန်ပြန်မှာ"

"ရှင် တကယ်ပြောတာလား ကိုချစ်မင်း"

"တကယ်ပေါ့ကွာ"

"ကောင်းပြီ၊ မာမီတို့ကိစ္စအတွက် ကျွန်မ နောက်နာရီဝက် အတွင်း အောက်ထပ်ညှော်ခန်းကို ဆင်းခဲ့မယ်၊ ဆွေးနွေး ကြတာပေါ့၊ ဟုတ်လား"

"အင်း ... အင်း ကောင်းပြီ၊ ဒါဆို ကိုယ်ဖုန်းပိတ်ပြီ"

သူမ ဖုန်းအပိတ်ကို မစောင့်ဘဲ သူ ဖုန်းပိတ်သွား တာကို သူမက ပခုံးလေးတွန့်လျက် ခပ်မဲ့မဲ့ပြုံးပြီး ဖုန်းပိတ်ကာ ခုတင်ခေါင်းရင်းမှာ ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဝတ်ထားတဲ့ ညဝတ်အင်္ကျီ ဂါဝန်ကလေးကို လုံ့ခြုံ မလုံခြုံ တစ်ချက် ငုံ့ကြည့်ပြီး ခေါင်းတစ်ချက်ဆတ်ကာ ...

"ရတယ် ... သွားတွေ့မယ်"

ဂါဝန်က လည်ဟိုက်ကျယ်ပေမယ့် မပြောပလောက်တာမို့ နော့က ပွနေသည့် ဆံပင်လေးတွေကို တစ်ချက် နှစ်ချက် လက်ကလေးဖြင့်သပ်ပြီး ကိုကို့အခန်းထဲကို ခပ်သွက်သွက်လျှောက်လာခဲ့သည်။

အင်း ... ကိုကို့ကိုတော့ Body Guard ထားဦးမှ။

ဒီလူက ပြောလို့ရတာမဟုတ်။

သူ့ကို နော တစ်ယောက်တည်းတော့ သွားမတွေ့ရဲခဲ့တာ အမှန်ပင်ဖြစ်သည်။

အဲဒီလို သွားမတွေ့ရဲလို့ ကိုကို့ကို အဖော်စပ်မိသလို၊ သူ့ကို မပြန်ခင် သမချင်သေးတာမို့လည်း ကိုကိုနှင့် အကြံထုတ်ဖို့ ကိုကို့ဆီ ရောက်သွားခဲ့သည်။

ကိုကို့အခန်းတံခါးကို ခပ်ဖြည်းဖြည်း ဖွင့်ဝင်လိုက်ချိန်မှာပဲ အခန်းထဲမှာ Computer game ကစားနေသော ကိုကိုက နော့ကို တစ်ချက်ကြည့်ကာ ...





"ဘာလဲ နော"

"တော်သေးတယ်၊ ကိုကို မအိပ်သေးလို့"

နောက အရေးကြီးတယ် စတိုင်လေးဖြင့် နှုတ်ခမ်းပေါ် လက်ညှိုးကလေးတစ်ပြီး ရှူးခနဲ လုပ်လိုက်ကာ မျက်လုံးဝိုင်းဝိုင်းလေးဖြင့် ကိုကို့အနားကပ်ပြီး ...

"ကိုကို"

"ဘာလဲ"

"မနက်ဖြန် မကျွေးသား ပြန်တော့မယ်တဲ့"

"ပြန်သင့်နေတာ ကြာပြီ"

"ဟုတ်ပါတယ်၊ အဲဒီ Game ဆော့တာကြီးကို ရပ်ပစ်စမ်းပါ၊ ဒီမှာ အရေးတကြီး တိုင်ပင်မလို့"

"အင်း ... ဘာအရေးကြီးရပြန်ပြီလဲ"

"ဟိုလူက ပြောတယ်၊ မာမီနဲ့ သူ့အဖေက ဒီသီတင်းကျွတ်ရင် လက်ထပ်ကြမယ့်ပုံစံတဲ့"

"ဘာကွ"

"ဝုန်း"ခနဲ ထရပ်လိုက်သည့် ကိုကို့ကို နောက ခုံးချင်းပိတ်တိုက်ပြီး အသိပေးစကား ဆိုလိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... တိုးတိုး၊ မာမီ အိပ်ပြီလား မသိဘူး၊ မာမီအိပ်မှ ငါတို့ ဆွေးနွေးခန်းဖွင့်လို့ရမှာ"

"ဘာဆွေးနွေးခန်းလဲ၊ နင်က ရှုပ်ရှုပ်ယှက်ယှက်"

"ဟာ ... နင်ကလည်း ဒုလိုက်တာ၊ မာမီ့မွေးစားသားနဲ့ ငါ အောက်ထပ်က ဧည့်ခန်းမှာ မာမီတို့ကိစ္စကို ဆွေးနွေးမယ်"

"ညကြီးအချိန်မတော် ဒီကောင်နဲ့ နင် နှစ်ယောက်တည်း ဖြစ်မလားဟ"

"အဲဒါကြောင့် နင့်ကို Body guard ထားမလို့ လာခေါ်တာပေါ့ ကိုကိုရ၊ လာ ... လာ ... အခုလောက်ဆို သူ ရောက်နေပြီ၊ ဒီမှာ ကိုကို၊ ငါပြောတာ နားထောင်၊ ငါနဲ့သူ အောက်ထပ်ဧည့်ခန်းထဲမှာ စကားပြောနေမယ်၊ နင်က သိပ်မကြာခင် အောက်ထပ်ကိုဆင်းပြီး ဧည့်ခန်းအဝ တစ်ဖက် အကွယ်ကနေ ချောင်းနားထောင်၊ အဲဒီလူ ငါ့ကို မဖွယ်မရာ ပြောသံကြားရလို့ကတော့ နင် သူ့ကိုဝင်ပြီး ဘောပေးလိုက်၊ အဲဒါ လိုရင်း၊ ငါဆိုလိုတာ သူ့ကို ငါတို့ မောင်နှမ ပညာပေးလိုက်မယ်ဟာ၊ ဟုတ်လား ကိုကို"





နောစကားကို ကိုကိုက တစ်ချက်ငြိမ်စဉ်းစားပြီးမှ လက်ဖျစ်တစ်ချက်တွက်ကာ ...

"ကောင်းတယ်၊ Good တယ်ကွာ မိုက်တယ်၊ ဒီကောင့်ကို ငါ ချဉ်နေတာ၊ နင့်ကိုကြည့်တဲ့ မျက်လုံးတွေက ဟင်း ... မပြောချင်ဘူး၊ ဟုတ်တယ်၊ နင့်အကြံပီတယ် ညီမလေး၊ ဒီကောင်ကို ငါ ကြည့်သမလိုက်မယ်၊ နင် လိုချင်တာ ဒါပဲမဟုတ်လား"

"ငါပါ သူ့ကို သမချင်တာ ကိုကိုရ"

"နင်က မိန်းကလေး၊ သွားမလုပ်နဲ့၊ ငါသမရင် နင်ကျေနပ်"

"အေး ... အေး ... ငါသွားတော့မယ်၊ ဆယ်မိနစ်လောက်ကြာရင် နင် လိုက်ခဲ့၊ သူလည်း မမြင်စေနဲ့နော်"

"အေးပါ"

နော့ ကိုကို့ကို တစ်ချက်ကြည့်ပြီး အခန်းထဲကနေ ခပ်သွက်သွက် ထွက်လာခဲ့သည်။

အဲဒီနောက် အောက်ထပ်ဧည့်ခန်းကို ခပ်သွက်သွက်ဆင်းလာရင်းနှင့် မာမီ့အခန်းကို မသိမသာလေး အ...လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခတ်လိုက်မိသည်။ ဟား ... တော်ပါသေးရဲ့။ ဒီအချိန်က မာ
အိပ်ပြီမို့ နော အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ပင် သူနှ
တွေ့ဖို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။

"ဟော ... ကြာလိုက်တာကွာ၊ ကိုယ်စောင့်နေတာ ကြာပြီ"

ကြာမှာပေါ့။

မောင်နှမနှစ်ယောက် ရှင့်ကို ဘယ်လိုဖျော်ရမလဲ
တိုင်ပင်နေခဲ့ကြတာ။

နောက မျက်နှာလေးကို မလှုံမလဲ တစ်ချက်လွှဲပြီ
စိတ်ထဲကနေ သူ့ကိုလှမ်းပြောရင်း မျက်နှာလေးကတော့ ခပ်မဲ့
ပြုံးလိုက်သည်။

နော အပြုံးလေးကို သူက ဘယ်လိုသဘောကော
သွားသည်မသိ။

ချက်ချင်းပင် မျက်နှာက ကြည်သွားကာ မျက်လ
တွေ အရောင်လဲ့သွားလျက် နောကို ချစ်မြတ်နိုးသည့် အကြည့်
နှင့် အကြာကြီး စိုက်ကြည့်လာခဲ့တာမို့ နော နည်းနည်းရင်
သွားပြီး သူ့ကို ခပ်ထန်ထန်ပင် မာန်မဲဟောက်မေးလိုက်သည်

"နေစမ်းပါဦး၊ ရှင်က ဘာဖြစ်နေတာလဲ"





"အာ ... ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ရင် မျက်နှာပိုး ရှိရှိနေ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

သူက ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြုံးစိစိ ရယ်
ဟဟ ဆိုလာခဲ့တာကို နော မျက်မှန်းကျိုးလို့ ခဏမျက်စိမှိတ်ပစ်
လိုက်သည်။

"အင်း ... နော ကိုယ့်ကို ဘယ်လိုသဘောရလဲ"

အဲဒီလို နော မျက်လုံးလေး မှိတ်လိုက်သည့် ခဏ
အတွင်းမှာပဲ သူက နောနှင့်ယှဉ်ရက် ဆိုဖာကြီးမှာ အသားချင်းထိ
ထိုင်လိုက်တာမို့ နော ရင်ခုန်ထိတ်လန့်သွားကာ သူ့ကို အပြူး
အပြဲ မော့ကြည့်လိုက်မိသည်။ လက်ညှိုးကလည်း သူ့မျက်နှာဆီ
ဝစ်ရောက်သွားကာ ...

"ရှင် ... ဟိုမှာ ပြန်ထိုင်"

"မထိုင်ပါဘူး"

သူကလည်း အာဂပင်။

နောနှင့်အနီးဆုံးထိုင်ပြီး နောမျက်နှာလေးကို ညို့ငင်
ဆွဲဆောင်စွာ စိုက်ကြည့်နေခဲ့လျှင် နောသည် မာမှီကိစ္စကိုပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



အသာထား၊ ကိုယ့်ဘာသာ စိတ်ကျဉ်းကျပ် ရှုပ်ထွေးသွားရက ဘာလုပ်ရမှန်းမသိ ရင်တွေ ကတိမ်းကပါးကြီး ခုန်ပေါက်မြည်ဟည် သွားရလေတော့သည်။

ဘုရား ... ဘုရား ...

ငါ သူ့ကိုများ (နှလုံးသားနဲ့ ခံစားလိုက်ရပြီလား)

ဟင့်အင်း ...

မဖြစ်စေရ။

သူဟာ ငါ့အမုန်းဆုံး လူတစ်ယောက်ရဲ့သား။

သူ့ကို ငါ လုံးဝမချစ်နိုင်အောင် နှလုံးသား ကန့်သတ်တားမြစ်ရမယ်။

"နော"

"... ... ..."

"နော ... ညီမ

သူ့အသံက ဟိုးအဝေးတစ်နေရာကနေ သူချစ်သူ ချစ်သူလေးဆီ ပြန်ရောက်လာလို့ အနွေးထွေးဆုံး ခေါ်လိုက်သ အသံလို နူးညံ့နွေးထွေးနေသည်မို့ နော မျက်နှာတစ်ပြင်လုံး ထွေပြန်လာရသည်။ ပြီးတော့ သူနှင့်အနီးဆုံးဖြစ်နေသည့် ကိုယ်





လုံးလေးကို ဆုတ်ခနဲအရွေ့ သူ့လက်တစ်ဖက်က နော ခါးလေး ကို သိမ်းဖက်လိုက်တာကြောင့် နော အလန့်တကြား အော်ပစ် လိုက်မိတော့သည်။

"ကိုချစ်မင်း ... ရှင် ဒါဘာလုပ်တာလဲ၊ ရှင် မာမီတို့ကိစ္စ ကို တမင်အကြောင်းပြတာ"

"မဟုတ်ပါဘူးကွာ၊ မေမေနဲ့ အန်တီတို့ လက်မထပ်ဖြစ် သေးအောင် မင်း တားချင်ရင်တော့ ကိုယ်ပြောတဲ့တစ် နည်းပဲ"

"ဘာလဲ ... ရှင်က ဘာပြောမှာလဲ"

"ကိုယ်နဲ့ လက်ထပ်ဖို့ကိစ္စ၊ အဲဒီလိုဆိုရင် မေမေနဲ့အန်တီက ခမည်းခမက်တွေ ဖြစ်သွားတော့ ယူလို့ဘယ်ရတော့မလဲ၊ ကိုယ်လည်း ကိုယ့်မေမေကို နောက်အိမ်ထောင် ဘယ်ပြုစေ ချင်မလဲ နောရယ်"

"အဲဒီတော့ ကျွန်မကပဲ အသားလွတ် လက်ထပ်ပေးရမှာ တဲ့လား"

"အသားလွတ်တော့ ဘယ်ဟုတ်မလဲ နောရယ်၊ နှလုံးသား ရဲ့ဆန္ဒအရပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... တော်စမ်းပါရှင်၊ ရှင်တို့သားအဖတွေ ဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ လုပ်စာတ်လမ်းကြီးကို ကျွန်မ လုံးဝလက်သင့်မခံဘူး၊ ဒီမှာ ကိုချစ်မင်း၊ ရှင့်ကို ကျွန်မ အပြတ်ပဲပြောမယ်၊ ရှင့်အဖေကို ကျွန်မက ပြောလိုက်တယ်လို့၊ နောက်ဆုတ်လိုက်ပါလို့၊ နောက်မဆုတ်ရင် ပြဿနာက ဘယ်အထိ ကြီးထွားသွားမလဲလို့ စောင့်ကြည့်"

နော ဒေါနှင့် မောနှင့် ပြောလိုက်တာကို သူက မျက်ခုံးတစ်ချက်ပင့်ပြီး သူ့အဖေကိုယ်စား အခံရ ခက်သွားသည်ထင်သည်။

နော ကိုယ်လုံးလေးကို ခါးက သိမ်းဖက်ထားရာက နေ သူ့ရင်ဘတ်ကြီးဆီ အနီးဆုံးသွင်းဖက်ပြီး တစ်ခုခုပြောမလို့ အံကြိတ်လိုက်သည်တွင် နောက ကိုကို ကြားသာလောက်သည့် အသံကလေးနှင့် ဗလုံးဗထွေး ထအော်ပစ်လိုက်တော့သည်။

"ကိုချစ်မင်း ... ရှင် ကျွန်မကို လွှတ်နော်၊ ရှင် လူမဆန်တာ မလုပ်နဲ့"

"မင်း နှလုံးသားမရှိတဲ့စကား မဆိုနဲ့၊ အချစ်ဆိုတာ ဘာလဲ၊ မင်း သိလား"





သူ့အသည်းနှလုံးတွေ ပွင့်ထွက်သလို အရှူးအမူး ခံစားချက် ပွင့်သွားချိန် မထင်မှတ်ဘဲ အင်္ဂလိပ်စကားဖြင့် ပြင်းထန်သည့် လက်သီးလုံးကြီးက သူ့မျက်နှာတည့်တည့်ကို "ခွပ်"ခနဲ "ခွပ်"ခနဲ ပစ်ဝင်လာသည်တွင် သူ ရှောင်တိမ်းချိန်မရလိုက်တော့။

ရှောင်လို့လည်း မရခဲ့ချေ။

"အချစ်ဆိုတာ အဲဒါပဲ မှတ်ထား ချစ်မင်း၊ ကဲကွာ ... ကဲကွာ၊ ငါ့ညီမကို အကဲစမ်းချင်ဦး"

"ခွပ်"

"ခွပ်"

"အွတ်"

ခနဲပီ သူ တစ်ချက်ညည်းလိုက်နိုင်သည်။

သူ့မျက်လုံးတစ်ခုလုံး ပြာဝေသွားရကာ ရင်ထဲမှာ အနက်ရှိုင်းဆုံး အနာဆုံး ခံစားချက်တွေ အလိပ်လိုက် ဆို့တက်သွားတော့သည်။

ဖြစ်ပုံကိုလည်း ကြည့်ကြပါဦးဗျာ။

ကြို့တင်ကြံစည်ချက်နဲ့ ညီမဖြစ်သူက သူ့လက်တွေကို ချုပ်နှောင်ထားပြီး သူ့အစ်ကို့ကို စိတ်တိုင်းကျ သူ့မျက်နှာကို ထိုးစေနေခဲ့တာ သူ မယုံနိုင်အောင် အံ့ဩသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးအံ့ဩသွားတာက သူမ ပြောလိုက်သည့် စကားတွေကိုပင်။

"ကိုကို တော်တော့။ မာနိမျက်နှာ ရှိသေးတယ်၊ တို့မောင်နှမ သူ့ကို ဒီလောက်သမလိုက်ရရင် ကျေနပ်တော့၊ သူလည်း တို့ကို လန်ထွက်သွားမှာပါ"

သူ့စကားပြန်ကိုတောင် မစောင့်တော့ဘဲ မောင်နှမ နှစ်ယောက်က ဧည့်ခန်းထဲကနေ လေသိုင်းနဲ့ ပျံထွက်သွားသလား အောက်မေ့ရအောင် သူ့မျက်စိရှေ့မှာတင် ကွယ်ပျောက်သွားတော့သည်။

သူတို့မောင်နှမ ဧည့်ခန်းထဲက ထွက်သွားတော့မှ သူ နာကြည်းစွာ အံကိုတင်းတင်းဖိကြိတ်ပြီး ရေရွတ်လိုက်မိသည့် စကားကတော့ ...

"မနော့ရ ... မင်းလောက် မာယာများတဲ့ မိန်းကလေးကို ငါကလည်း မာယာစက်ကွင်းနဲ့ပဲ အမိဖမ်းပြီး သိမ်းပိုက်ပြမယ် ...

ငါဆိုတဲ့ကောင်က လောကမှာ ရတာမလို လိုတာမရ မရှိစေရပါဘူး၊ ချစ်မင်းကိုကိုတဲ့ မွေးကတည်းက လိုချင်တာမှန်သမျှ အားလုံးရတယ်"





ဒီစကားပဲ သူ ပြောလိုက်နိုင်ပါသည်။ ဒီအချိန်မှာ မြင်ရသည့် သူ့မျက်နှာတစ်ပြင်လုံးက နာကျင်မှုတွေကိုတော့ သူ သိပ်ဂရုမစိုက်ဘဲ ရက်စက်လွန်းသည့် ဒီမောင်နှမကို ဘယ်လို ဓရိယာယ်ဆင်နှင့်ပြန်ပြီး တိုက်ကွက်ထုတ်ရမလဲ ဆိုတာကိုပဲ ဒီ တစ်ထိုင်တည်းနှင့် အကြိမ်ကြိမ် စဉ်းစားလိုက်တော့သည်။

အဲဒီအချိန်မှာ ထွက်လာသည့် အဖြေကတော့ ...

သူ သူမကို အချိုသတ်ဖို့ပဲ ဖြစ်လေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၅

သူ ပြန်သွားသည့်နောက်ပိုင်းမှာ ကိုကိုက သူ့ကို သမလိုက်ရလို့ အကျေနပ်ကြီး ကျေနပ်ခဲ့ပေမဲ့ နောက်ကတော့ သူ့ ကိုကိုရဲ့လက်သီးဒဏ်ကို တော်တော်ခံစားရမှာပဲ ယုံကြည်ပြီး ကိုကို့လောက် ကျေနပ်မှု မရှိခဲ့ပါ။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ လေးလံသွားသလို (သူ့ကိုပဲ သနားမိသလိုလိုကြီး ခံစားလိုက်ရသည်)။

အဲဒီလို နောမျက်နှာ မှုလေးပျက်နေတာကို ကိုကိုက ချက်ချင်းကြီး ရိပ်မိသွားပြီး နောကို မျက်မှောင်ကြီး ကြုတ်ကြည့်ရင်းက ...

"ဒါ ဘာမျက်နှာပေးလဲ နော"





"ဟာ ... ဘာမှမဟုတ်ပါဘူး"

"ဟော့ ... နင်နော် ... ဒီကောင့်ကို သနားစိတ်ဝင်မယ်တော့ မပြင်နဲ့၊ ငါနဲ့အတွေ့ပဲ"

"ဟာ ... ကိုကိုကလည်း၊ ဒီမှာ ငါ ခေါင်းထဲကိုက်လို့ပါ၊ သူ့ကို ငါက ဘာလို့သနားရမှာလဲ၊ နဂိုကတည်းက ဆုံးမ ချင်လို့ကို တမင် ဆုံးမလွှတ်လိုက်တာပဲ၊ နင် လက်သီးနဲ့ ထိုးတာ နည်းတောင် နည်းသေး"

ဒီတော့မှ ကိုကို့မျက်နှာကြီး ကြည်သွားပြီး နောကော် ...ီးလေးကို နှိမ့်ရိုက်ပစ်လိုက်ကာ ...

"နည်းတော့ မနည်းဘူးဟ၊ ငါ့လက်သီးက သံမဏိလက် သီး၊ ဒီကောင်တော့ တစ်ပတ်လောက်တော့ အလူးအလိမ့် ခံရမှာပဲ၊ ဟား ဟား ... ဒါပေမဲ့ ဒီကောင် ကျိတ်ခံမှာ၊ ဒီလက်သီးဒဏ်ရာကို တို့သမလိုက်တာလို့ ပြောမှာမဟုတ် တာ သေချာတယ်"

"ဘယ်ပြောရဲမလဲ ကိုကိုရ၊ ဟင်း ဟင်း ... မကျေးဇူး တော့ စိမ့်တက်သွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောတို့မောင်နှမနစ်ယောက် တိုးတိုးကျိတ်ကျိတ် အားရကျေနပ်နေတုန်းမှာပဲ မာမီက ဧည့်ခန်းထဲကို ခပ်သွက်သွက် ဝင်လာခဲ့ပြီး မျက်စိမျက်နှာပျက်ပျက်ဖြင့်ပင် ဒရောသောပါး ပြောလာခဲ့လေသည်။

"သားနဲ့ သမီး၊ မကွေးက ဖုန်းလာတယ်၊ ချစ်မင်း အပြင်းဖျား ဖျားလို့တဲ့"

"ဟင်"

နော မျက်လုံးလေး စိုးရိမ်စိတ်ကြောင့် ဝိုင်းသွားခဲ့ရလေသည်။

ဒီအချိန်မှာ ကိုကိုကတော့ ခေါင်းကြီးညိတ်ပြီး ...

"မသေသေးဘူးလား"

"ဟဲ့ ... ယေဘုံရ၊ မင်း လူစကား ပြောစမ်း"

"ဟာ ... မာမီကလည်း၊ ဟုတ်တာ မှန်တာ မေးတာပါ၊ အဲဒီ ချစ်မင်းက မာမီ့သားမို့လို့ မာမီ ဒီလောက်အသည်းလှိုက်အူတုန် ဖြစ်နေရတာလား"

"ဟဲ့ ... အဲဒီကလေးက ..."





"ဘာလဲ၊ မာမီ့အဆက်ဟောင်းကြီးရဲ့သားမို့ သိပ်ချစ်တယ်လား"

"ယေဘုံရ၊ မင်း စကားတစ်ခွန်းမှ မပြောတော့နဲ့"

ကြားလိုက်ရသည့် သတင်းစကားက မကောင်းရတဲ့ကြားထဲ ကိုကိုနှင့် မာမီက တစ်ရန်ဖြစ်နေတာမို့ နော တော်တော်စိတ်ညစ်သွားရသည်။

ပြီးတော့ ... သူ သူမတို့အိမ်ကနေ ...

ပြန်သွားပြီးတာ တစ်ပတ်အကြာမှ ယခု အပြင်းဖျားဖျားနေသည်ဆိုတော့ ဒါ ဘယ်သူ့ကြောင့် ဖြစ်တယ်ဆိုတာ သေချာသိသည့် နောက သူ့အတွက် အစိုးရိမ်ပိုသွားခဲ့ရပေမယ့် မာမီကို အမြင်ကတ်တာနှင့် ကိုကို့ကိုပဲ ထကန့်ကွက်ပစ်လိုက်တော့သည်။

"တော်တော့ ကိုကိုရာ၊ သူ့ဘာသာ ဖျားဖျား သေသေ တို့နဲ့ ဘာဆိုင်လဲ၊ အနေသာကြီး"

နောရဲ့စကားကို မာမီက ဆတ်ဆတ်ခါ နာသွားပြန်ပြီး နောကို ခပ်စူးစူးကြည့်ကာ ...

"ဆိုင်တယ်၊ ဆိုင်ကို ဆိုင်တယ်၊ ညည်းပါ မကွေးကို ငါနဲ့ လိုက်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလို ... ဗုဒ္ဓေါ်နဲ့ မြတ်စွာ ဘုန်းကြီး၊ ဘာဆိုင်လဲ နောနဲ့ ဘာဆိုင်လဲ"

"မဆိုင်တာ ဆိုင်တာ ညည်း နောက်သိရမှာပေါ့၊ အခု လောလောဆယ်တော့ ညည်း မကျွေးကို လိုက်ဖို့စဉ်းစား ပေတော့"

"မလိုက်ဘူး ဆိုရင်ရော မာမီ"

"အဲဒီလို စိန်ခေါ်ရင်တော့ ငါ ချစ်မင်းအဖေကို ချက်ချင်း လက်ထပ်ပြရမှာပေါ့၊ ဟုတ်လား၊ ညည်းကပဲ စိန်ခေါ်နိုင် မလား၊ ငါကပဲ စိန်ခေါ်နိုင်မလား စောင့်ကြည့်ရသေးတာ ပေါ့"

"အဲဒါ မာမီ လုံးဝပုံစံမကျတာ"

"ပုံစံကျကျ မကျကျ၊ ငါ အမေ၊ ငါစီမံရာကို ညည်းတို့ လက်သင့်ခံရမယ်၊ ဒါပဲ"

တစ်ချက်လွှတ် အမိန့်ထုတ်ပြီး ဧည့်ခန်းထဲက ထဘီကြီး တဝှမ်းဝှမ်းမြည်အောင် ချာခနဲလှည့်ထွက်သည့် မာ နောက်ကျောပြင်ကြီးကိုကြည့်ကာ နောက် လက်သီးကလေးဆု လျက်မှ ပေါက်ကွဲသောင်းကျန်းပစ်လိုက်တော့သည်။





"ဒါ မတရားတာ၊ လုံးဝမတရားတာ၊ ကိုကို ... နင်က ဘာမှဝင်မပြောတော့ဘူးလား"

"ပြောစရာမှ မလိုတော့တာ၊ မီးစင်ကြည့်က,ပေတော့ ညီမလေး၊ နင် အန္တရာယ်များတယ်၊ ချစ်မင်းလက်ထဲ မကြာခင် ရောက်တော့မယ်နဲ့ တူတယ်"

"နင်က အဲဒါကို ဝမ်းသာနေတယ်ပေါ့၊ ဟုတ်လား"

"ဟာ ... ဝမ်းမသာပါဘူး၊ နှမ ငယ်ငယ်ရွယ်ရွယ်နဲ့ ယောက်ျားရမယ့်အဖြစ်ကို ဘယ်အစ်ကိုကမှ ဝမ်းမသာပါ ဘူး"

"စိတ်ဆင်းရဲတယ်၊ သိပ်စိတ်ဆင်းရဲတယ်"

နော စိတ်ဆင်းရဲလွန်းလို့ မျက်နှာလေးကို လက်ဝါး နှစ်ဖက်နှင့် ဖိအုပ်ပြီး တရှိုက်ရှိုက် ငိုလိုက်ချိန်မှာ ကိုကိုကတော့ ခေါင်းငိုက်စိုက်ဖြင့် ဧည့်ခန်းထဲက ထထွက်သွားလေပြီ။

နောမှာသာ ...

တစ်ယောက်တည်း ကြိတ်မနိုင် ခဲမရဖြစ်ပြီး မကျွေး သား လူပါးဝပုံကြီးကို တစိမ့်စိမ့်တွေးကာ မကျေမခဲဖြစ်ပြီး ကိုယ့်ခေါင်း ကိုယ်ပဲ လက်သီးဆုပ်ကလေးဖြင့် အဆက်မပြတ်ထု ရိုက်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ခုလုံး ထူပိန်းအုံကြွလာသည်အထိ ထုရိုက်ပစ်ပြီးလို့ အားမရနိုင်သေးဘဲ ကိုယ့်ဆံပင်တွေကို စိတ်ရှိလက်ရှိ ဆောင့်ဆွဲချလိုက်သည်။

ဒီအချိန်မှာ စီမံရာ လက်သင့်ခံဘဝကြီးကို နော အမုန်းဆုံး ဖြစ်ခဲ့ရသလို နာလည်း နာကြည်းခဲ့မိသည်။

ဒီဘဝကြီးကို နော မုန်းလွန်းလို့ တစ်ခုခုတော့ လုပ်ဖို့ နော ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်သေချာစွာ ချပစ်လိုက်တော့သည်။

ကဲ ... ကိုချစ်မွင်း၊ ရှင်ကပဲ ပညာကုန်ထုတ်သုံးနိုင်မလား၊ ကျွန်မကပဲ ပညာကုန် ထုတ်သုံးနိုင်မလား၊ စောင့်သာကြည့်ပေတော့။

၀ ❦ ၀





နှလုံးသား
ဖဟိုတည့်တည့်ကို
ပစ်လိုက်တဲ့ ပစ်မှတ်က
သူ့ကိုပိုပြီး ရူးသွပ်စေခဲ့တယ်
အချစ်ရူးပေါ့ဗျာ။

၀ ❦ ၀

www.burmeseclassic.com

www.burmeseclassic.com





## ၄

နော့နှင့် မာမိ မကွေးက သူတို့အိမ်ကို ရောက်သွားသည့်အချိန်မှာတော့ အပြင်းဖျား ဖျားသည်လို့ အကြောင်းကြားလာသည့် သူ့သားက လူကောင်းမကတိကြီး ရှိနေပြီး နော့နှင့်မာမိုကို ပျာပျာသလဲ ထွက်ကြိုခဲ့သည်က နော့ကို အခံရခက်စေခဲ့ရသည်။

အဲဒီမှာတင် နော့ အလိမ်ခံလိုက်ရပြီဆိုတာကို သိလိုက်ရသည်နှင့် တစ်ပြိုင်နက် သူ့မျက်နှာကိုလည်း အကဲမကျေစွာ စိုက်ကြည့်လိုက်သည်။

နော့အကြည့်တွေကို သူက ရယ်ချင်ပတ်ကြည့်မျက်နှာကြီးနှင့် တစ်ချက်ကြည့်ကာ မာမိုကို ဦးတည်ပြောလိုက်သည့်စကားက နော့ကို ပိုပြီးအခံရခက်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အန်တီ တစ်ယောက်တည်းပဲ လာလိမ့်မယ်ထင်တာ"

"အေးကွယ် ... သားက အပြင်းဖျားတယ်ဆိုတော့ စိတ်ပူပြီး သမီးကိုပါ မရမက ခေါ်လာရတာ"

"ဩော် ... လိုက်ဖော်ရလို့ တော်သေးတာပေါ့"

သူက တစ်ယောက်တည်း ရေရွတ်သလိုနှင့် ခေါင်းတညိတ်ညိတ် ပြုံးလိုက်သည်။

သူ့အမူအရာကို နော အသက်ထွက်မတတ် အသက်ရှူကျပ်သွားကာ မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေတုန်းမှာပဲ သူ့အဖေက ဝမ်းသာအားရလေသံကြီးနှင့် ခရီးဦးကြို ပြုလိုက်ပြန်သဖြင့် နော သူ့ကို ဘာစကားမှ ပြန်မပြောဖြစ်သော့ချေ။

"ဟာ ... သမီး ပါလာတယ်ဟော့၊ လာ ... လာ ... သမီးနဲ့ တင့်၊ ကိုယ်တို့သားအဖ သမီးတို့ လာမယ်ဆိုလို့ အလုပ်မဆင်းဘဲ စောင့်နေကြတာ"

ဆိုသည့် မာမီ့လူကြီးအသံက ရိုးသားစွာ ဆိုလိုက်ပေမယ့် နော ရင်ထဲမှာ ဘယ်လိုအော့ကြောလန်သွားမှန်း မသိခံစားလိုက်ရသည်။





တစ်ချိန်တည်းမှာပင် စိတ်ကမထင်ရင် မထင်သလိုပက်ခနဲ ပြန်ပြောတတ်သူပီပီ နော မျက်နှာလေး ပင့်မော့သွားပြီးခန့်တည်တည်ကြီးနှင့် ချောမောသည့် မာမီ့လူကြီးကို တစ်ချက်နင်နင်စိုက်ကြည့်ကာ ...

"ဦးတို့သားအဖက ကျွန်မတို့သားအမိကို ထောင်ချောက်ဆင်ထားလိုက်တာကိုး"

"ဟင် ... ဘယ်လို သမီး"

"သမီးငယ်"

"မာမီ ဘာမှပြောစရာ မလိုဘူး"

"ဟား ဟား ဟား ... ဟိုကနေ စိုးရိမ်ပြီး လိုက်လာတာ၊ ဒီကျ ကျွန်တော်က နေပြန်ကောင်းနေတာ တွေ့လို့ အခံရခက်နေတာ၊ အခံရခက်နေတာ"

"ရှင် စကားဝင်မပြောနဲ့ ကိုချစ်မင်း"

နော လက်ညှိုးက သူ့မျက်နှာတည့်တည့်ဆီ ဆေါသတကြီး ပစ်ရောက်သွားချိန်မှာ သူက ကိုယ်လုံးကြီးကို အောက်သို့ကိုင်းချပြီး နှုတ်ခမ်းစေ့ကာ ကျိတ်ရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်နေပုံကြီးကိုကြည့်ပြီး နော့က အစွမ်းကုန် ပေါက်ကွဲမလို့ တာစုလိုက်ပေမယ့် ဆက်လက်ပေါက်ကွဲခွင့် မရလိုက်ချေ။

နော့ ပေါက်ကွဲခွင့်အစား သူက ဖျတ်ခနဲပင် နော့လက်ကလေးကို ဆွဲကိုင်လိုက်သလို သူ့အဖေကလည်း မာမီ့လက်ကိုဆွဲကိုင်ပြီး တိုက်ထဲကို ဝင်သွားခဲ့တာကြီးက နော့ကို သည်းခြေခိုက် ရှုးနှမ်းသွားရလေသည်။

အမယ်လေး ... ပိုင်စိုးပိုင်နင်း နိုင်လိုက်တာ။

ဟင်း ... မာမီ့ကိုများ၊ သူ့မိန်းမ အောက်မေ့နေသလားမသိ။

မာမီ့လက်ကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်သွားသည့် သူ့အဖေကို နော့ မျက်လုံးအပြူးသားနှင့် ကြည့်နေရင်းမှ အနောက်ကနေ ဒရောသောပါးနှင့် သူ ဆွဲခေါ်ရာနောက်သို့ ပါလာခဲ့ရသည့်နောက် သူ့ကိုပဲ အနီးကပ် ရန်မူတိုက်ခိုက်ပစ်လိုက်တော့သည်။

"ကိုချစ်မင်း ... ငါ ရှင်တို့သားအဖ လုပ်ဇာတ်ခင်းပြီး ဖန်တီးတာ၊ ရှင်တို့သားအဖဟာ နည်းနည်းမှ လူကြီးလူ





ကောင်း မဆန်ဘူး၊ အောက်တန်းကျတဲ့လူတွေ၊ ဒါများ မကွေးမျက်နှာဖုံးတဲ့၊ မသိတဲ့ မကွေးသားတွေက ရှင်တို့ကို အထင်ကြီးပြီး မျက်နှာဖုံးတင်ထားပေမယ့် ကျွန်မတို့ ရန်ကုန်သူက ရှင်တို့သားအဖကို လုံးဝအထင်မကြီးဘူး၊ ကြုံရင် ဟစ်ပြလိုက်ဦးမယ်၊ မကွေးမြို့မှာ နာမည်ကြီးသူဌေး ဦးဝေမောင်နဲ့ သား ချစ်မင်းဟာ သူတော်ယောင်ဆောင်လို့ မင်းသားခေါင်း စွပ်ထားတာလို့"

နော့ သတိလက်လွတ်ကို အော်ဟစ်သောင်းကျန်း ပစ်လိုက်တော့သည်။

အဲဒီလို နော့ တစ်ရှူးထိုး တဖောက်ကန်း ပေါက်ကွဲသွားတာကို သူ့အဖေက ခပ်သာသာပင် တစ်ချက်ကြည့်။ မာမီကတော့ မျက်စိပျက် မျက်နှာပျက် ကြည့်ပြီး အပေါ်ထပ်ကို တက်သွားခဲ့ပေမယ့် နော့ကတော့ သူ့လက်ထဲက လက်ကလေးကို ရအောင်ရုန်းယူပြီး သူ့ကို ရန်ပြုဖို့ လက်သွေးလိုက်တော့သည်။

"အလကား လူတွေ၊ စကားတစ်လုံးကို တည်အောင်မထိန်းသိမ်းတဲ့ အောက်တန်းကျတဲ့လူတွေ၊ အဖေရော သားရော အောက်တန်းကျတာ အံ့ဩပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နော ... မင်း ခရီးရောက်မဆိုက် ရန်ဖြစ်ချင်မနေနဲ့၊ မင်း ရန်ဖြစ်ချင်ရင် နောက်မှဖြစ်၊ အခုမှ ခရီးကရောက်လာတယ်၊ တိတ်တော့"

"ရှင် အမိန့်ပေးစရာ မလိုဘူး"

"လိုတယ် ... လိုလို့ အမိန့်ပေးတာ၊ မင်း ပါးစပ်ပိတ်ထား ပေတော့၊ မပိတ်လို့ကတော့ ငါနဲ့အတွေ့ပဲ"

အဲဒီလို သူ ကြိမ်းလိုက်တော့မှ သူမက နုတ်ပူးနေရာမှ အနည်းငယ် အရှိန်တန့်သွားပြီး သူ့ကို အစိမ်းကားဆုံး စိုက်ကြည့်လာခဲ့လေသည်။

သူမအကြည့်တွေက သူ့ရင်ထဲကို ထွင်းဖောက်နာကျင်သွားခဲ့ရပေမယ့် သူက ဟန်မပျက်ပင် သူမကို ဆွဲခေါ်လာခဲ့သည်။ အဲဒီနောက် အပေါ်ထပ် အခန်းလွတ်တစ်ခုမှာ သူမအတွက် နေရာချပေးပြီး ပြန်လှည့်ထွက်မလို့ တံခါးကိုပြန်အစေ့ ကြားလိုက်ရသည့် သူမအသံက သူ့ခြေလှမ်းတွေကို ရပ်တန့်သွားခဲ့ရလေသည်။

"ဟင်း ဟင်း ... ဓာတ်လှမ်း ဖန်တီးရှင် ချစ်မင်းရဲ့ မာယာလှည့်ကွက်တွေပေါ့ ... ရတယ်၊ ဘယ်သူနိုင်မလဲ ပြိုင်ကြတာပေါ့ ချစ်မင်း"





ဘယ်လောက် မိုက်ရိုင်းလိုက်တဲ့ မိန်းကလေးလဲ။

သူ့ကိုများ ချစ်မင်းလို့ ခေါ်နေတာ၊ တောက် ... စိတ်ရှိလက်ရှိ ဒေါသလွှတ်ပေးလိုက်ရင်လည်း လူကြီးတွေ စိတ်ဆင်းရဲဦးမည်။

ပြီးတော့ အခုမှ ရောက်လာသည့် အန်တီ့ကိုလည်း စိတ်ဒုက္ခပေးသလို ဖြစ်ဦးမည်မို့ တံခါးကိုပဲ "ဝုန်း"ခနဲ ဆွဲပိတ်ပစ်လိုက်ပြီး အံကြိတ်၊ လက်သီးဆုပ်လျက်ကနေ သူမအခန်းရှေ့မှ လှည့်ထွက်လာခဲ့လိုက်သည်။

ရင်ထဲမှာတော့ ...

သူမကို နည်းနည်းမှ မကျေနပ်မိတာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း သမီးငယ်ရဲ့ဆို

သွမ်းမှုတွေကို တင့် ရှက်လည်းရှက် ဝမ်းလည်း ဝမ်းနည်းမိပါသည်

ဘယ်လောက် ရှက်ဖို့ကောင်းသလဲဟင်။

မိခင်တစ်ယောက်လုံးကို အရှေ့မှာထားပြီး အိမ်ရှ

သားအဖနှစ်ယောက်ကို အောက်တန်းကျတယ် ပြောနေတာ တ

ရှက်လိုက်တာ။

တင့် မဆုံးမနိုင်လို့ သမီးက သောင်းကျန်းနေ

ပုံစံကြီးက တင့်ကို တော်တော်ကြေကွဲ ခံစားလိုက်ရသည်။

ခံစားရလွန်းလို့ အစ်ကို့ကိုတောင် ဘာစကာ

မပြောနိုင်သေးဘဲ သားချစ်မင်း ဖျော်ပေးလာသည့် ထောပတ်

ဖျော်ရည်ကို တစ်ငုံပြီးတစ်ငုံ ငုံသောက်ရင်းက ငိုချင်စိတ်တွေ

ထိန်းထားရသည်။





အဲဒီလို တင့် ကျိတ်ငိုချင့်နေခဲ့တာကို အစ်ကိုက ရိပ်မိသွားပြီး တင့်နှင့်ယှဉ်ရက် ဆိုဖာကြီးမှာ ဝင်ထိုင်ကာ တင့် ပခုံးနှစ်ဖက်ကို သိုင်းဖက်လျက် နွေးထွေးနူးညံ့သည့် အသံကြီးနှင့် ချော့မော့နှစ်သိမ့်လာခဲ့သည်။

"တင် ... တင် ... ကျိတ်မခံစားနဲ့လေကွာ၊ တင် ကိုယ်တို့ သားအဖကို ရှက်နေတာ မဟုတ်လား၊ သမီးစကားလုံး တွေ ကြမ်းလို့လေ၊ ဟင်း ဟင်း ... ကိုယ်တို့သားအဖ ဘယ်လိုမှ မသတ်မှတ်ပါဘူး၊ ဟုတ်တာပေါ့၊ သူက အညာခံရတာပဲ၊ ဒီလောက်တော့ စိတ်ဆိုးသင့်တာပေါ့၊ သားကလည်းကွာ၊ ကိုယ့်ကိုပူဆာတာနဲ့ ဖျားတာက သက် သာနေပါပြီ၊ အဲဒီလို ပြောလိုက်ရတာ၊ တင်နဲ့ သမီးကို လာစေချင်လို့လေ၊ တကယ်တော့ ကိုယ်တို့သားအဖ မကောင်းတာပါ"

"မဟုတ်ပါဘူး၊ သူ ဘာဖြစ်လို့ ဒီလောက်အထိ ဆိုးရတာ လဲ၊ အရှက်မရှိ အကြောက်မရှိ မိမဆုံးမ ဖမဆုံးမဖြစ်အောင် ဆိုးရတာလည်း ဆိုတာကို တင့် ရှက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့် တင် ဟန်ဆောင်လို့ မရအောင် တလှိုက်လှိုက် ဆို့တက်လာကာ ငိုချလိုက်တော့သည်။

"ဟာ ... ဒုက္ခပါပဲကွာ၊ တင် ... ကလေးမဟုတ် သူငယ်မဟုတ်ကွာ၊ ကိုယ် ဘယ်လိုချော့ရမလဲ၊ ချော့ပြန်ရင်လည်း မင်း,သမီးနဲ့တိုးလို့ ဒုက္ခရောက်ဦးမယ်၊ ခက်လိုက်တာကွာ၊ ခက်လိုက်တာ"

"အစ်ကို ... တင့် တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်၊ ဒီဧည့်ခန်းထဲက ထွက်ပေးပါ"

"အေး ... အေး၊ ဒုက္ခ ... ဒုက္ခ"

အစ်ကိုမောင်က အလိုက်သိတတ်စွာဖြင့် ဧည့်ခန်းထဲက ထထွက်သွားချိန်မှာ တင် စိတ်လွတ်ကိုယ်လွတ် မျက်ရည်တွေစီးကျလာခဲ့တော့သည်။

အို ... တင့်ဘဝမှာ မျက်ရည်မကုန်ခန်းနိုင်အောင် ဖြစ်ခဲ့ရသည့် ဘဝက ဘယ်ဘဝရေစက်ကြောင့်များ ဝင့်ကြွေးဖြစ်ခဲ့ရတယ် မသိ။

ဩော် ... အဖေတူသမီးရယ်၊ ငါ့ကိုများ တစ်သက်လုံး နှိပ်စက်နေတော့မှာလား။





ဖအေက ငယ်ငယ်က နှိပ်စက်တယ်။

အခု သမီးက လက်ဆင့်ကမ်းအမွေ ဆက်ခံတယ်။

ငါ့ဘဝဟာ ဘယ်တော့များမှ မျက်ရည်ကျရတဲ့ဘဝက လွတ်မြောက်မည်မသိ။

အင်း ... တစ်နေ့တော့ တင် စိတ်ချမ်းသာမှာပဲလို့ တင်က ယုံကြည်ထားခဲ့ပေမယ့် ကံကြမ္မာက တင့်ကို ဘယ်လို အဆုံးအဖြတ် ပေးဦးမည် မသိ။

ဒီအချိန်မှာ တင့်ရင်ထဲက လေးလေးနက်နက် ဆုတောင်းလိုက်မိသည့် အရာကတော့ သမီးငယ်ရဲ့ နားလည်မှုပေးနိုင်သည့် အချိန်တစ်ခုကိုပင် ဖြစ်သည်။

အဲဒီအချိန်တစ်ခုကို အမြန်ရောက်ပါစေ။

သမီးငယ် သူမကို ကျေအေးခွင့်လွှတ်နိုင်မည့် အချိန်တစ်ခုကို အမြန်ရောက်ပါစေလို့ ...။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၇

Breakfast စားသည့် အချိန်မှာ နောက ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ မာမီကိုပဲ ဦးတည်ပြောလိုက်သည်။

"မာမီ ... ဒီနေ့ နော ရန်ကုန်ပြန်မယ်"

အဲဒီစကားကို အလှုပ်ရှားဆုံး ဖြစ်သွားတာက မာမီ့မွေးစားသားပင်၊ ကျန်သည့် လူကြီးနှစ်ယောက်ကတော့ အေးအေးဆေးဆေးပင် နော မျက်နှာလေးကို ကြည့်လာပြီး ...

"သမီးရယ် ... ချက်ချင်းကြီး ဒီနေ့ရောက် မနက်ဖြန်ပြန် ဖြစ်နေပြီ၊ ဒီမှာ နှစ်ရက် သုံးရက်လောက်ကလေး နေလိုက်ပါဦး"

"ဦးကို ကျွန်မ စကားတစ်ခွန်းမှ မပြောဘူး၊ ဦး ဝင်ပါစရာ မလိုဘူး"





"သမီးငယ်"

မာမီက သူ့လက်ကြီးကိုထိတော့ ဆတ်ဆတ်တုန်သွားပြီး နောကို အသံမာမာနှင့် ဝင်ကွန့်ကွက်လိုက်သလို သူကလည်း နောကို သူယူထားသည့် မိန်းမလို့များ သဘောပိုက်ထားသလား မသိ။

နော့လက်ကိုဆွဲပြီး ပိုင်စိုးပိုင်နင်းဆန်စွာဖြင့် အာဏာပေးလာခဲ့လေသည်။

"မင်း မေမေ့ကို ရန်လုပ်စရာ မလိုဘူး နော၊ အေး ... မင်း ပြန်စရာလည်း မလိုသေးဘူး"

"ပြန်တော့ ဘာဖြစ်လဲ၊ ရှင် အာဏာပေးစရာ မလိုပါဘူး"

"ဟာကွာ ... ဒီမိန်းကလေး၊ ကျစ် ... ငါကွာနော်၊ လူကြီးတွေရှေ့မှာ၊ မင်းနော် ... နော"

ဆတ်ဆတ်ခါ နာသွားသည့် သူ့ကို နော တစ်ချက်တည်တည်ကြည့်ပြီး မာမီကိုပဲ ရန်လိုစကား ဆိုလိုက်မိသည်။

"ဘယ်လိုလဲ မာမီ၊ မာမီဟာ အသက်လေးဆယ့်လေးနှစ် ပြည့်သွားပေမယ့် လူကြီးစာရင်း မဝင်သေးပါဘူး၊ ခေတ်ပညာတတ်တစ်ယောက်ပါ၊ ဒီသားအဖ နော့တို့သားအမိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုက ဘာလိုအပ်လို့ ကျူးသွင်းနေတယ်ဆိုတာ မာမီအခု လောက်ဆို သဘောပေါက်လောက်မှာပါ”

“ဟာ ... စကားလုံး ရှင့်လိုက်တာကွာ နော၊ မင်းက အသက်ကလေးကနှစ်ဆယ် လေလုံးက နှစ်ရာဖြစ်နေပြီ”

“တော်ပြီ ... တော်ပြီ သား၊ သမီး ကျေနပ်သလို ပြောပ စေတော့၊ မင်း တစ်ခွန်းမှ ဝင်မပြောတော့နဲ့၊ သမီးပြော၊ သမီးစိတ်ထဲမှာ မကျေနပ်နေတာတွေ မှန်သမျှ ပြောသာ ပစ်လိုက်၊ ဦးနဲ့ ညည်းမာမီ ခေါင်းငုံ့ခံမယ်”

“အိုး ... အခုမှ သူတော်ပြရုပ် လုပ်မနေပါနဲ့”

“ပြောပါကွာ၊ ညည်း ဘယ်လိုပြောပြော ဦး ခေါင်းငုံ့ခံ မယ်”

“ခေါင်းငုံ့ခံခံ ခေါင်းမော့ခံခံ လုံးဝစိတ်မဝင်စားဘူး၊ ကျွန်မ ဒီနေ့ ပြန်ဖို့ကိုသာ လုပ်ဆောင်ပေးပေတော့၊ လိမ်လည်လို ဆယ်ပြီး ခေါ်ထားတာနော်၊ တာဝန်ရှိရင် တာဝန်သိ”

“မသိတော့ မင်းက ဘာလုပ်ဦးမလဲ၊ မင်းကို ပြန်ခွင့်မပေး နိုင်ဘူးဆိုတာ မင်းက ဘာလုပ်ချင်သလဲ”

“ရှင် ဝင်မပါနဲ့နော်၊ သက်သက် ပြဿနာကြီးသွားမယ်”



“ဟားကွာ ... သေချင်စော်ကို နံတာပဲ၊ အော့ကြောလန်ပဲ”

“ကျွန်မ အော့ကြောလန်တာ ရိုးရိုးသားသား ရန်တွေ့တာ၊ လိမ်လည်လုပ်ဇာတ်ခင်းတဲ့လူစား မဟုတ်ဘူး၊ အုံ့ပုန်းကျိတ် ကြံ မဟုတ်ဘူး”

“ဟား ... ရိုးရိုးသားသား၊ ဟား ... ပြောရရင်တော့ကွာ၊ သက်သက် ဇာစ်ရစ်တိုးဦးမယ်”

အခုမှ နော ကိုယ်ဖန်တီးခဲ့သည့် ကိုယ့်လုပ်ရပ်ကို သတိရသွားကာ ဘာစကားမှ ဆက်ပြောချင်စိတ် မရှိတော့တာမို့ ဧည့်ခန်းထဲကနေ ချာခနဲ လှည့်ထွက်လာခဲ့လိုက်သည်။

အဲဒီနောက် အိမ်ရှေ့ဆီသို့ စိတ်လွတ်ကိုယ်လွတ် စိတ်ပင်ပန်းကြီးစွာ ခြေလှမ်းကျဲကျဲတွေနှင့် လှမ်းအထွက် ...

“အား ... လား လား လား ... လာကြပါဦး၊ လာကြ ပါဦး”

“ဟာ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ နော”

“အီး ... ဟေး ဟေး၊ လုပ်ပါဦး၊ လုပ်ပါဦး၊ အကောင် ကြီး ကျွန်မကို ကိုက်လိုက်ပြီလား၊ တက်နင်းမိတာ လုပ် ပါဦး”

www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် ဘာကောင်လဲ"

"မသိဘူး မာမီ၊ ဝါညစ်ညစ် ဝါထစ်ထစ်ကြီး"

"ဟင် ... မြွေ ... မြွေလား"

"အား ... ဘယ်ကမြွေရမှာလဲ၊ ရှင်က ငနံ့စကား ဆိုမလာနဲ့၊ မြွေဆို ကျွန်မ သေပြီပေါ့"

လန့်ရသည့်ကြားထဲ သူက မြွေလားလို့ မေးလာတာက သူမရင်ထဲက ဒေါသက ပိုပြီး မိုင်နှုန်းမြင့်တက်သွားရသည်။

သူ့ကိုလည်း ဒေါသတကြီး မော့ကြည့်ပြီးမှ ကြောက်အားလန့်အားနှင့် ဆုပ်ထားသည့် လက်သီးကို သူ ဆုပ်ဖြေလိုက်တာကို လူကြီးတွေအရှေ့မှာမို့ ကြောက်လည်းကြောက်၊ ရှက်လည်း ရှက်သွားကာ စောစောက အဖုအထစ်ကောင်ကြီး ပြေးသွားသည့် နေရာကို လှမ်းကြည့်လိုက်ပြီး ...

"ဟော ... ဟိုမှာ ဟိုမှာ၊ ဝါထစ်ထစ်နဲ့ အဖုအပိန့်တွေနဲ့ ဘာ ... ဘာကောင်ကြီးလဲ၊ လေးဖက်ကြီး"

"ဟင် ... ဘယ်မှာလဲ"

"ဟိုမှာ ... ဟိုမှာ မမြင်ဘူးလား၊ ရှင့်မျက်စိကလည်း မြွေသလောက် ကန်းတယ်"





နောက ပြောလည်းပြော၊ စောစောက တက်နင်းမိလို့ ကိုက်သွားသလား မသိသည့် ခြေထောက်ဖြူဖြူလေးက ဒဏ်ရာ လုံးဝမရှိတာကြီးကို ဖြဲသဲရှာပစ်လိုက်သည်။

အင်း ... ဘာမှမတွေ့လို့ ...

အခုမှပဲ စိတ်ချမ်းသာသွားရသည်။

နော စိတ်ချမ်းသာသွားတုန်းမှာပဲ သူက လက်ခုပ်ကို ဖောင်းခနဲရိုက်ပြီး ဟားတိုက်ရယ်ချကာ ထအော်လိုက်လေသည်။

"အား ဟား ဟား ... ရန်ကုန်သူ မချွေချောရယ်၊ ဖားပြုတ်တောင် မမြင်ဖူးဘူးလား၊ ဟား ဟား ... အဲဒါ ဖားပြုတ်ကွ ဖားပြုတ်၊ အမယ်လေး ... ရန်တွေ့သာကောင်းတယ်၊ သတ္တိကတော့ မကောင်းပါဗျာ၊ သိသွားပြီ၊ သိသွားပြီ"

"ဟင် ... ဖားကပုတ် ဟုတ်လား"

"ဘာ ... ဘာရယ်"

နောရဲ့အခေါ်အဝေါ်ဆန်းကြီးကို သူ မျက်ခုံးကြီးပင့်ရယ်ချင်ပက်ကျိ မေးလိုက်ချိန်မှာ ဖေဖေနှင့် အန်တီက ထိုက်သိတတ်စွာဖြင့်ပင် ပြုံးစိစိ မျက်နှာတွေဖြင့် တိုက်ထဲကို ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လူကြီးတွေက အလိုက်သိတော့လည်း ဒီက ချစ်မင်းကိုကိုတို့က လက်မနေးဘဲ သုံမလေးကို ပန်းခြံထဲက ဒန်းကလေးဆီသို့ မသိမသာလေး ဆွဲခေါ်လာခဲ့လိုက်သည်။ အဲဒီ နောက် ဒန်းပေါ်မှာ နှစ်ယောက်သား ထိုင်ချပြီးချိန်မှာတော့ စေ စောက သူမလေးရဲ့ ချစ်စရာ အပြောလေးကို သဘောကျစွာ သူ ပြန်မေးလိုက်မိသည်။

"နော ... စောစောက ဘာကောင်"

"ဘာလဲ ... ဘာကောင်လဲ"

"ဖားလေ ညီမရဲ့ဘာဖား"

"ဖားကပုတ်"

"ဟား ဟား ဟား ... ယောကျ်ားပဲ ရတော့မယ်၊ ဖားပြု တောင် ဝီအောင်မခေါ်တတ်ဘူး၊ ဖားကပုတ်တဲ့၊ ဟ ဟား ကြား,မကြားဖူးပါဘူးကွာ"

"ရှင်နော် ... ဘာ လူကို လှောင်တာလဲ၊ ဘာယောကျ်ား မှာလဲ၊ စကားပြောတာ ကြည့်ပြော၊ ကျွန်မလက်က ရာရွေးမှာ မဟုတ်ဘူး"





"ဟ ... ဖူးစာရှေးတဲ့နတ်က ပြောနေပြီလေ၊ မင်း မကြား ဘူးလား၊ မနောရတဲ့ ညည်း မကြာခင် ညည်းထက် ငါး နှစ်ကြီးတဲ့ ယောကျ်ားနဲ့ညား ... အား ... ရွေးမလေး မလုပ်နဲ့ကွ၊ ငါ လက်ကျိုးသွားမယ်ဟ"

သူ့လက်ကြီးကို လိမ်ချိုးလိုက်သည့် နောလထက လေးကို သူက ခပ်တင်းတင်းဆုပ်ကိုင်ပြီး နောကို ရင်ခွင်ထဲဆွဲ ဖက်မလို့ လက်ကလေးကိုအမြှောက် ...

"ကိုချစ်မင်း"

ငယ်သံပါအောင် အော်လိုက်သည့် အသံလေးက လေထဲလွင့်မြောက်နေသည့် သူ့လက်ကြီးကို ဒုတ်ခနဲ ပြန်ပြုတ်ကျ သွားတော့သည်။

သူ့လက်ကြီး ပြန်ပြုတ်ကျသွားသလို သူမလေး အော်လိုက်တာကို သူ အရှက်ကြီး ရှက်သွားရကာ မျက်မှောင်ကြီး ဆိုမတတ် တွန့်လိုက်မိပြီးမှ လေသံမာမာဖြင့် ...

"ဟ ... မင်း ဘာလို့စွတ်အော်ရတာလဲ၊ လူကြီးတွေ တစ် မျိုးထင်သွားရင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျားစေဦးလဲလို့ အမြဲတမ်း ဒ ာွက်ချောင်းနေတာ၊ တော်ပြီ ... တော်ပြီ၊ ကျွန်မ ရှင်နဲ့ စကားမပြောဘူး၊ ရှင် ကျွန်မရှေ့က ထွက်သွား"

"နောကလည်းကွာ"

"ဖယ်နော် ... ရှင် စကားပြောရင် လက်က ကားယားကားယားနဲ့ အမြဲတမ်း"

"ကလေးလေးကလည်း"

နောက်ို အခုမှ ချော့ဖို့ မျက်နှာချိုသွေးလာသည့် သူ့ကို နောက မကျေမလည် စိုက်ကြည့်ပစ်လိုက်သည်။

ဟင်း ... စာစာတုန်းကတော့ နောက်ိုများ မျက်နှာတည် မျက်နှာထားနှင့် ဟိန်းဟောက်နေလိုက်တာ။

နော တကယ် မျက်မုန်းကျိုးခဲ့ရပါသည်။

အခုတော့ ဒါတွေကို ပြန်သတိမရတော့ဘဲ သူက နောအရှေ့မှာ ဒူးထောက်ပြီး အသနားခံတော့မတတ်ကို ချော့မော့နစ်သိမ့်နေတာ နောတို့က ပျော့စိပျော့နဲ့မိန်းမ မဟုတ်။

သံမဏိအသည်းလိုမာသည့် နှလုံးသားပိုင်ရှင်ဆို တော့ သူ ဆွဲဆောင်ညှို့ငင်တိုင်း ဘယ်တော့မှ အညံ့မပေးဘဲ ဦးခေါင်းကို လိုအပ်တာထက် ပိုမော့ထားလိုက်သည်။





ဒီအချိန်မှာ သူက နောနှင့် အနီးဆုံးမှာ အသားချင်း ထိထိုင်ပြီး နောကို ဆော်းတိုက်အနေအထားမှ ပြုံးစိစိမျက်နှာထံပေးနှင့် စိုက်ကြည့်နေခဲ့တာကြီးက နောကို ရင်ခုန်နှုန်း မြန်လာခဲ့ရသလို ရှေးတွေ့ပါ ပြန်ခဲ့ရတော့သည်။

သူ့ရဲ့အကြည့်ကြီးကို မနေတတ် မထိုင်တတ်ဖြစ်ပြီး ဆံပင်လေးတွေကို ကျောဘက်ပစ်သိမ်းလိုက်ချိန်မှာ သူ့က ရယ်စစ အသံကြီးနှင့် ...

"အလည် လည် လည် ... ဖားကပုတ်ဆိုတဲ့ ကောင်မလေးက စကားသာ မပီတယ် ပဲတော့ ပေးတတ်သား"

"ရှင်နော် ... လျှောက်မစနဲ့"

နောရဲ့လက်သီးဆုပ်ကလေးက သူ့ပေါင်ကြီးဆီ ပစ်ရောက်မသွားခဲ့ဘဲ သူ့လက်ထဲသို့ မိမိရရ ပါသွားရချေပြီ။

ဒီအချိန်မှာ နူးညံ့သည့် အသည်းနှလုံး ဖြစ်သွားသည့် နောကိုယ်နော အခဲမကျေ အံကြိတ်ပြီး သူ့လက်ထဲမှာ ပါသွားသည့် လက်ကလေးကို အရုန်းယူလိုက်မိသည်။

သို့သော် အချည်းအနှီးပါပဲ။

"မရုန်းနဲ့ကွာ၊ မင်းလက်ကလေး နာတာပဲ အဖတ်တင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ... ဆုံးမထားတာ မမှတ်သေးဘူးလား၊ ဒီတစ်ခါ ကိုတို့လက်သီးကို ရှင် မြှော်ချင်သေးတယ်ပေါ့"

"ဟော့ ... အဲဒီစကား ဒီတင်ရပ်နော် နော"

"ရှင်ကရော သူများသားသမီးကို အလိုမတူဘဲ ဘာဖြစ်လို့ လက်ကိုင် ခြေကိုင် လုပ်ရတာလဲ"

"သူများသားသမီးမှ မဟုတ်တာ၊ မကြာခင် ကိုယ့်မိယွေး ဖြစ်မယ့် အန်တီ့သမီးပဲ"

"ရှင် စကားပြောတာ ဆင်ခြင်ပြောနော်"

"ဟာ ... မအော်နဲ့လေ၊ ဒါဆင်ခြင်ပြောတာပဲ၊ မင်းလိမ္မာ ရင်တော့ လူကြီးတွေက မင်္ဂလာရက် နောက်ဆုတ်ပေးရင် ပေးမှာပေါ့၊ မလိမ္မာရင်တော့ အန်တီက ဒီကိုလာတာ ဖေဖေ့ကို တစ်ခါတည်း လက်မှတ်ထိုးသွားကောင်း သွား မှာပေါ့"

"ကိုချစ်မင်း ... ရှင် သေချင်ပြီလား၊ ကျွန်မ မကြိုက်တဲ့ စကားလုံးကို ဘာလို့ ပါးစပ်အရသာခံပြီး ပြောနေတာ လဲ"

"ဩော် ... ကွာ၊ ဖြစ်မလာမှာမှ မဟုတ်တာ"



"ဖြစ်မလားရှင့်၊ ဒီလောက် အသက်ကြီးနေခါမှ လင်လို ချင် မယားလိုချင် ဖြစ်နေတာ၊ ယူရဲရင် ယူကြည့်လိုက် လေ၊ မနောရတဲ့ တစ်မနောရတည်းရှိတယ်မှတ်"

"ဟ ... အာကွာ၊ ပါးစပ်နဲ့ လေလုံးကလည်း မတန်လိုက် တာ၊ လေလုံးက မိုးလုံးပြည့်နေပြီ"

"တော်ပြီ ... တော်ပြီ၊ ရှင် ကျွန်မရှေ့က ထွက်မှာလား မထွက်ဘူးလား တစ်ခွန်းပဲပြော"

"ဒေါ်သမဖြစ်နဲ့ သမီး"

"ဘာသမီးလဲ"

"ဖေဖေ့ သမီး"

"ကဲဟယ် ... ဖေဖေ့ သမီးဦး"

"အား"

ဒီတစ်ခါတော့ သူ အငိုက်မိသွားရချေပြီ။

ဖျတ်ခနဲ ပင့်တက်လာသည့် သူမလက်က သူ့ပခုံး ကြီးကို ဖြန်းခနဲ ဆွဲတီးလိုက်တာကို သူ အီစိမ့်စွာ ခံယူရင်းမှ မျက်လုံးကြီးကို တအားမှိတ်ချကာ သူမကိုယ်လုံးလေးကို လသော မှန်းတည့်တည့် ဆွဲဖက်ပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား ... ရှင် ဖယ်နော်"

"မဖယ်တော့ မင်းက ဘာလုပ်ချင်သေးသလဲ၊ လုပ်ချင်လုပ်လေ၊ မကြောက်ရင်ပေါ့"

"အား ... လူရမ်းကားကြီး"

"ဟော့ ... စွတ်မအော်နဲ့နော်၊ မရှက်ဘူးလား"

"ရှက်ရမှာက ရှင် ... ရှင်၊ အသက်ကြီးပြီး အရှိန်မစီးတဲ့လူရဲ့"

"ကိုယ် အရှိန်စီးပါတယ်ကွာ"

"ရှင်ဟာလေ၊ သေချင်းဆိုးနဲ့ကို သေဦးမှာ"

"ကိုယ်သေရင် မင်းက ကိုယ့်မျက်နှာကြီးကို မွှေးမွှေးပေးပြီး အော်ငိုမဲ့ပုံပဲ"

"သေတောင် မငိုဘူး"

"ဟား ဟား ဟား ... ချစ်စရာ ကောင်းလိုက်တဲ့ ညီမလေးပဲကွာ၊ ဒီလိုမျိုး ညီမလေးတစ်ယောက်လောက် လိုချင်ပါရဲ့"

သူက ပြောပြောဆိုဆို နော တိုယ်လုံးလေးကို သူ့ပခုံးကြီးနှင့် အတင်းဖိအပ်လိုက်တာကို နောက အကြောက်အကန်





ရုန်းယူပစ်လိုက်ပေမယ့် အင်အားမမျှဘဲ ရုန်းမောကြီး ဖြစ်သွားရသည်။

အဲဒီလို ရုန်းမရလေ နော ဒေါသကပြင်းလေ ဖြစ်နေတာကို သူက အသည်းယားစရာကောင်းလောက်အောင် တအိအိရယ်ချလိုက်ပြီး နောဆံပင် အိအိကလေးတွေကို သူ့နှုတ်ခမ်းကြီးနှင့် ဖွဖွနမ်းရှိုက်ကာ အလေးအနက် ဖြစ်သွားသည့် အသံကြီးနှင့် ချော့မော့နှစ်သိမ့်လာခဲ့သည်။

"ညီမရာ ... အစ်ကိုတို့က သူစိမ်းတွေ မဟုတ်ဘူးလေ"

"ဘာ့ အစ်ကိုလဲ၊ ရှင့်ပါးစပ် ပိတ်ထား"

"ညည်းပဲ အရင်စခေါ်ပြီးတော့၊ ဟဲ ဟဲ ... သိက္ခာဆယ်မနေပါနဲ့ကွာ"

"တောက်"

ဒေါသတကြီး တောက်ခေါက်လိုက်သည့် နောအသံက နောနားထဲမှာတောင် ပူလောင်သွားခဲ့သည်။

သူကတော့ မျက်နှာကြီး အတော့်ကို ရှုံ့မဲ့သွားပြီး...

"ဒေါသမကြီးပါနဲ့ ညီမရယ်၊ ပူလောင်လွန်းပါတယ်"

"ရှင် ဆရာမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆရာ မလုပ်နဲ့ဆိုပေမယ့် ပြောလိုက်ဦးမယ်၊ ညည်း စိတ်ဝင်စားမယ်ဆိုရင် နားထောင်၊ ဒီစကားက အင်မတန်မှ အရေးကြီးတယ်၊ ဖေဖေက ညည်းမာမီကို ပြောတဲ့ စကားပေါ့"

"ဘာစကားလဲ"

"ကိုယ်ကလည်း မင်းကို ပြောမှာပါပဲ"

"ဘာလဲ ... ရှင် မရစ်နဲ့နော်"

"ဟော် ... မရစ်ပါဘူးကွာ၊ ဖေဖေက မင်းမာမီကို ပြောခဲ့သလို ကိုယ်ကလည်း မင်းကို ပြောပါတယ်၊ ချစ်တယ် ချစ်တယ်တဲ့၊ အရိုးဆုံးပဲပြောမယ် မင်းကို ချစ်ပါတယ်တဲ့ကွယ်"

"ရှင် ... ရှင်ဟာ ဖျံကြီး"

"အင်း ... ဖျံပဲ၊ ဖျံတောင် ရိုးရိုးဖျံ မဟုတ်ဘူးကွ၊ ဖျံမင်း ဖျံမင်း ... ဟဲ ဟဲ"

"တောက်"

နော့ရဲ့တောက်ခေါက်သံကလေး အဆုံးမှာ နော ဘာစကားမှ ဆက်ပြောခွင့် မရအောင် သူက ကြီးကြပ်အုပ်ချုပ်လိုက်ပြန်ပြီ။





ဒီတစ်ခါလည်း နော သူ့ကို အရှုံးပေးလိုက်ရပြန်ပြီပေါ့။

အား ... သေချာပါတယ် မနော့ရရယ်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ( ၈ )

ဒီနေ့ညမှာတော့ သူမလေးကို သူ အပိုင်ကျူးသွင်းဖို့ ဆုံးဖြတ်လိုက်သည်။

မကျူးသွင်းလို့လည်း မဖြစ်တော့။

သူမတို့သားအမိက သန်ဘက်ခါ ပြန်မှာဆိုတော့ မနက်ဖြန်တစ်ရက်ပဲ အချိန်ရှိတော့တာမို့ မနက်ဖြန်တစ်နေ့တာ အတွက် သူမကို ဘယ်လိုစကားမျိုးနှင့် တုတ်နှောင်ရမလဲ ဆိုတာကိုပဲ သူ စိမ့်စိမ့်တွေးနေမိသည်။ အင်း ... ဒီအချိန်မှာ အတွေးသစ်လေးက ဖျတ်ခနဲ သူ့ဦးနှောက်ထဲသို့ ဝင်လာခဲ့သည်တွင် သူမလေးကို သူ ဖုန်းဆက်ပြီးသား ဖြစ်သွားရသည်။





တစ်ဖက်မှ နောအသံကလေးကို နားစွင့်နေတုန်းမှာပဲ အိပ်ချင်မူးတူးနှင့် ထူးလာသည့် အသံလေးလေး,လေးက သူ့ရင်ခုန်သံကို ပို၍ မြန်ဆန်သွားရသည်။

"ဟယ်လို ... နောပါ"

"နော ... ကိုယ်ပါ၊ ရင်ထဲက ထိန်းလို့မရတော့တဲ့စကားတွေကို ပြောချင်လို့ ဖုန်းဆက်လိုက်တာ"

"ကျစ် ... ရှင့်ဖုန်းမှန်း မသိလို့ ကိုင်လိုက်တာ"

"သိရင် ပိုကိုင်မှာပါ နောရယ်၊ မညာချင်စမ်းပါနဲ့၊ မင်း မျက်လုံးလေးတွေကို ကိုယ် အပီအပြင် ဖတ်လို့ရနေပါပြီ၊ ညာရတဲ့ အလုပ်ကို ဘာဖြစ်လို့ ညာပြီးလုပ်ချင်နေရတာလဲ"

"ရှင် ဘာစကားပြောတယ်"

"ရန်မဖြစ်ချင်စမ်းနဲ့ နောရယ်၊ ကိုယ် ပြောတာကို အသေအချာ နားထောင်စမ်းပါ၊ ဟော့ ... ဒီမှာ Baby လေး၊ ကိုယ် မင်းကို အရစ်ရှည်ပြီး ပြောနေမှာ မဟုတ်ဘူးနော်၊ ကိုယ်လည်း အိပ်ချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သူ အပြတ်ပြောလိုက်တော့မှ သူမက အသံတိတ်သွားလေသည်။ စိတ်ထဲကနေ သူ့ကို မခံချိ မခံသာ ဖြစ်နေမှာတော့ သေချာလေသည်။

အတန်ကြာ တိတ်ဆိတ်သွားပြီးမှ မကျေမနပ်သံလေးနှင့် ...

"ဒါဆို ဘာပြောမှာလဲ၊ ပြော မြန်မြန်၊ ကျွန်မလည်း အိပ်ချင်ပြီ"

"အင်း ... မနက်ဖြန် နော ကိုယ့်စက်ရုံ ရုံးခန်းကိုလိုက်ခဲ့၊ အဲဒီမှာ လွတ်လွတ်လပ်လပ် ပြောမယ်၊ ပြောမယ့်စကားကတော့ တခြားမဟုတ်ပါဘူး၊ မေမေ့ဖနဲ့ အန်တီရဲ့အခြေအနေ အရပ်ရပ်ပါ"

"ဘာအခြေအနေလဲ"

သူက နောကို သွေးတိုးစေခဲ့ပြီး တစ်အောင့်ငြိမ်နေလိုက်သည်။ တစ်အောင့်ကြာမှ ခေါင်းတစ်ချက်ဆတ်ကာ ...

"မနက်ကျမှ ပြောမယ်"

"ရှင် အဲဒီလို ဆန့်တင့်င့် တိုးလိုးတစ်လစ် မလုပ်နဲ့နော်"

"ဟော့ ... ဘာလဲ"





"ကျစ် ... ခက်နေပြီ၊ ခက်နေရပြီ၊ ရောက်တဲ့နေ့ကတည်းကနေ ပြန်တဲ့နေ့အထိ တစ်နေ့မှ စိတ်မကြည်ဘူး"

"အဲဒါတွေ ပြောမနေပါနဲ့"

သူမလေး တစ်ဖက်မှ စိတ်ညစ်ညူးစွာ ငိုသံပါလေးနှင့် ဆိုလာတာလေးကို သူ ကြင်နာမြတ်နိုးစိတ်ကလေး ဖြစ်သွားခဲ့ရပေမယ့် သူမလေးကို သနားဖို့ သူ အခွင့်အရေး မပေးနိုင်ခဲ့ပါ။

အခွင့်အရေး ပေးခဲ့မည်ဆိုရင် ဒီထက် ရှောင့်တက်မှာ သေချာသည်။ အခုတောင်မှ မဆုံးသောတေးကို တပီပီညည်းနေခဲ့လေသည်။

"ပြောရမယ်၊ ပြောရမှာပဲ၊ ရန်ကုန်ကလူကို မကြွေးမရောက် ရောက်အောင် လိမ်လည်လီဆယ်ပြီးခေါ်တဲ့ ရှင်တို့သားအဖကို ကျွန်မကတော့ ကမ္ဘာမကျေဘူး"

"ဟ ... ကြီးလိုက်တာ"

"ဘာ"

"အငြိုးကို ပြောတာပါ"

"ရှင် စကားကို ဆင်ခြင်ပြော၊ ကျွန်မက ကိုယ်ကိုယ်တိုင်က လေးနက်တည်ကြည်တဲ့ မိန်းကလေးမို့ လေးနက်အေးလေယူလေသိမ်းတွေကိုပဲ နားလက်ခံနိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... စားသွားပြန်ပြီ၊ တစ်မုံ"

"ရှင် ... တောက်၊ ဦးဝေမောင် သားဟာ ဒီလော မလေးနက်တာ အံ့သြပါရဲ့၊ ဒါကြောင့် မျိုးရိုးလိုက်တာ ထင်တယ်၊ သူ့အဖေကလည်း အသက်ငါးဆယ်နားနီး နောက်မိန်းမယူဖို့ အသည်းအသန် ကြိုးစားနေတာ ရှက် မရှက်တတ်လွန်းပါတယ်"

"အစ် ... နိုင်ငံခြားမှာဆို အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်ကျော်အထိ ယူကြတုန်း အဲဒီစံချိန်ကို ဖေဖေနဲ့ အန်တီက မမီသေးပါဘူး၊ ဖေဖေ့အသက်က အခုမှ လေး ဆယ့်ခုနစ် ရှိပါသေးတယ်၊ အန်တီ့ထက် သုံးနှစ်ပဲကြီးတာ အရွယ်ကောင်းကြီးပါကွာ"

"ရှင် ... အဲဒီစကားကို ဆက်ပြောနေဦးမှာလား၊ လိုရင်းကို ပြောမှာလား၊ တစ်ခွန်းပဲပြော"

တစ်ဖက်မှ ကြောက်စရာ ကောင်းလောက်အောင် အော်လိုက်သည့် အသံက သူ့နားရည်ကြီး တစ်ခုလုံး ပွင့်ထွက် သွားမတတ် သူ ဖုန်းကိုင်ထားရင်းမှ နောက်သို့ယောင်ပြီး မျက်နှာ ကြီး ဆုတ်လိုက်မိသည်။





"ဟ ... အော်လိုက်တာကွာ၊ Baby လေးကလည်း ပြော မှာပေါ့ စိတ်ချည်းပဲ၊ စိတ်ကောင်းကလည်း မရှိသေး၊ အင်း ... ပြောမယ်၊ ပြောမယ် နားထောင်၊ လိုရင်းတိုရှင်း ပဲ၊ မနက်ဖြန် မင်း ငါ့စက်ရုံက ရုံးခန်းကို ငါနဲ့မလိုက်ရင် ဖေဖေနဲ့ အန်တီတို့က မနက်ဖြန် လက်မှတ်ထိုးမယ့်အဆင့် အထိ ဖြစ်ကြလိမ့်မယ်၊ ရှင်းရှင်းပြောရင်ကွာ မနက်ဖြန် ဖေဖေနဲ့ အန်တီ ညားမယ့်ကိန်း ရောက်လိမ့်မယ်၊ ကိုယ်သိ နေတယ်"

"ဘာ"

ငိုသံလေးနှင့် အော်လိုက်သည့် အသံပိုင်ရှင်လေးကို သူ သနားလွန်းလို့ ရင်ခွင်ထဲထည့်သွင်းပြီး နွေးနွေးထွေးထွေး ပွေ့ဖက်လိုက်ချင်ပေမယ့် အခြေအနေက ဘယ်လိုမှပေးမလာခဲ့ တာမို့ ရင်ထဲမှာပဲ စိတ်ကူးနှင့်နမ်းပြီး ရင်ခွင်ထဲထည့်ကာ နွေးနွေး ထွေးထွေး ချော့မော့နှစ်သိမ့်လိုက်ရသည်။

နောရယ် ... ညီမရယ်၊ မင်း မငိုပါနဲ့၊ မင်းရဲ့မျက် ရည်တစ်စက်က ကိုယ့်နှလုံးသားကို သွေးတစ်စက် စွန်းစေခဲ့ရ တယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်မချိစွာ အံကြိတ်ကြိတ်ပြီး ရင်ထဲမှာ ရေရွတ်လိုက်ချိန်မှာ တစ်ဖက်က နောမာမီနှင့် သူ့ဒက်ဒီကတော့ ချွေးမြ သည့် အပြုံးတွေနှင့် လရောင်နုနုအောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်လိုက်ရင်းက အနူးညံ့ဆုံး အသံကြီးနှင့် ပြောခဲ့လိုက်သည်မှာ ...

"တင့် ... လရောင်နုနုကလေးက တကယ် ကဗျာဆန် လိုက်တာကွာ၊ ကိုယ်တို့ရှိတဲ့ အသက်ထက် နှစ်ဆယ်ပိုငယ် သွားသလို ခံစားရတယ်"

"အဟင်း ဟင်း ... အစ်ကိုကလည်း၊ ပြောတော့မယ် အရွယ်က အရွယ်ပေါ့ အစ်ကိုရဲ့ လိမ်လို့မရပါဘူး"

"အင်း ... အစ်ကိုကတော့ အရင်ခံစားချက် အတိုင်းပဲ ကိုယ်တို့တွေဟာ လေးဆယ်ကျော် ငါးနှစ်အတွင်းမှာ ဖြ ဆုံခဲ့ကြတဲ့ ငယ်ချစ်ဦးတွေပေမယ့် တင့်မျက်နှာလေးလည် ကြည့်၊ နပြီး အခုထိ ချောတုန်း လှတုန်း၊ ကိုယ့်ကိုလည် ကြည့်၊ မချောဘူး မလှဘူးလား တင့်"

"အင်းပါ ... အင်းပါ၊ ချောပါတယ် လှပါတယ်၊ ဒါပေ အစ်ကိုရယ် ..."



"ဟား ... ဒါပေမမဲ့နဲ့ကွာ၊ တင့် ပန်းလေးတွေ ရောင်စုံဖြာနေတာ လရောင်ရိပ်ရိပ်အောက်မှာ မနွေးထွေးဘူးလား ဟင် ....

ကဲ ... ကဗျာမဆန်ဘူးလား"

"အင်း ... ကဗျာဆန်ပေမယ့် ခံစားလို့မရတော့ဘူး အစ်ကို၊ တင့်တို့က လူကြီးတွေဖြစ်ပြီး အခုလို ညဘက်ကြီးမှာ ချိန်းတွေ့သလိုကြီး ဖြစ်နေတာ တင့် ရှက်တယ်၊ သမီးသိရင် မိုးမီးလောင်မှာပဲ"

"အင်း ... သမီးက အဆိုးလေးပဲနော်"

"ဟုတ်တယ် အစ်ကို၊ သမီး သားအပေါ် ဆိုးနေခဲ့တာတွေက တင့် သူ့ဒက်ဒီအပေါ် ဆိုးခဲ့တဲ့အတိုင်းပဲ၊ တင့် သူ့ဒက်ဒီကို သတိရတယ်လို့ ဝန်ခံရင် အစ်ကို စိတ်ဆိုးမှာလား"

"မဆိုးပါဘူးကွာ"

လို့ ဆိုလိုက်ရပေမယ့် ဦးဝေမောင် ရင်ထဲမှာ ယ် နင့်ကျသွားရသည်။

www.burmeseclassic.com



ရင်ထဲမှာ နင့်ခနဲ ကြေကွဲခံစားလိုက်ရသလို ဟိုး အရင် အတိတ်ပုံရိပ် ဘဝက အဖြစ်အပျက်ကြီးကို ခါးသီးစွာခံစားလိုက်ရသည်။

သြော် ... ခန့်ဦး ... ခန့်ဦး။ ကိုယ့်သူငယ်ချင်း အရင်းအချာရဲ့ ချစ်သူကိုမှ ခွေးပြီး အရယူခဲ့တဲ့အဖြစ်။

သူ့မှာလည်း ရည်းစားတွေ ပေါတာ သူတို့တစ်ဖွဲ့လုံး အသိဆုံး။ ဒီကြားထဲ သူချစ်တဲ့သူကိုမှ အမိအရ ကျူးသွင်းပြီး သူ(ဝေမောင်)ကား Accident ဖြစ်လို့ ဆေးရုံတက်ရတယ်ဆိုပြီး တင့်ကို တက္ကသိုလ်သို့သွားပြီး အရခေါ်ကာ အဓမ္မစနစ်ဖြင့် ခိုးပြေးသွားခဲ့တာ၊ အဲဒီခံစားမှုကြီးက သူ့ကို အခုထိ အရှိန်နှင့် တငြိုးငြိုး တောက်လောက်နေဆဲ ခံစားရဆဲ ဖြစ်နေခဲ့သည်။

အဲဒီလို သူ ခံစားခဲ့ရပေမယ့် တင့်ကတော့ အိမ်ထောင်သက် နှစ်ဆယ့်သုံးနှစ်လုံးလုံး ပေါင်းခဲ့ရပြီး သားနဲ့သမီး နှစ်ယောက် ထွန်းကားခဲ့တဲ့ မျက်နှာတွေကိုထောက်ပြီး သူမယောကျ်ားအပေါ် သံယောဇဉ်ဖြင့် သံတိရတယ်၊ လွမ်းတယ်ဖြစ်ခဲ့သည်။ သူကတော့ ခန့်ဦးကို မုန်းခဲ့တာ ကနေ့အထိ ကျောက်စိုင်ကျောက်ခဲ တည်ခဲ့လေသည်။





ရင်ထဲက ခန့်ဦးကိုမုန်းသည့် အမုန်းတွေကို တင့်ကို ဖွင့်ပြောပြန်ရင်လည်း တင့်က သူ့ယောကျ်ားဘက်က သူ့ကို စိတ်နာပေးဦးမည်လား မသိ။

အခုလည်း ဟိုအရင်တုန်းက ချစ်ခဲ့သည့် အချစ်ဦး အရှေ့မှာ တင့် သူ့ယောကျ်ားကို လွမ်းနေတာ သူ့ကို တကယ် အခံရခက်စေခဲ့ပါသည်။

အင်း ... မဟုတ်မှလွဲရော၊ တင့် ခန့်ဦးကို သူ ဟိုတစ်ချိန်တုန်းက စွပ်စွဲခဲ့သလိုမျိုး တိတ်တိတ်ပုန်း ကျိတ်ချစ်နေခဲ့တာလားမသိ။

အဲဒီတုန်းက သူ ပေါက်ကွဲပြီး တင့်ကို ဖုန်းနှင့် သောင်းကျန်းခဲ့သည့် စကားများက သူ့နှလုံးသားကို အခုထိ အရှိန်တပြင်း ရိုက်ခတ်လာခဲ့ပြီး ...

ပုံရိပ်ထင် စကားလုံးတင်ဆဲ ဖြစ်ခဲ့ရသည်။

"တင့် ... မင်းတို့နှစ်ယောက် အချိတ်အဆက်နဲ့ ခိုးပြေးသွားတာ မဟုတ်လား၊ မင်းတို့နှစ်ယောက် ငါ့ကွယ်ရာမှာ ဖောက်ပြန်ပြီး ချစ်သူဖြစ်ခဲ့ကြလို့ အခုလို ခန့်ဦးက မင်းကို အပိုင်ခိုးပြေးခဲ့တာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



လို့ သူ ဒေါကြီးမောကြီး ပေါက်ကွဲခဲ့တာကို တင့်က ဖုန်းထဲကနေ ငိုရှိုက်သံဗလုံးဗထွေးဖြင့် ...

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး အစ်ကိုမောင်ရယ်"

ဆိုပြီး ပြောသံနှင့်အတူ ခန့်ဦးရဲ့ ကျားစီးဖားစီး မာန်ဖီသံက သူ့နားထဲက အခုထိမထွက်။

"တင့် ... ပေးစမ်းဖုန်း၊ ဘာရှင်းတမ်းထုတ်နေတာလဲ၊ ယောကျ်ားမယားကို ကြာခိုဖို့ မပြင်နဲ့နော်၊ ရည်းစားဆိုတာ လင်ယောကျ်ား မဟုတ်ဘူး၊ မင်းမှာ ပိုင်ဆိုင်မှု ဘာတစ်ခုမှ မရှိဘူး၊ အရိပ်ပဲရှိတယ်၊ အဲဒီအရိပ်ကို စမ်းတဝါးဝါးနဲ့ ရှုးပြီးလျှောက်ဖမ်းမနေနဲ့"

"ဟား ဟား ဟား ... ခန့်ဦး ... ခန့်ဦး၊ မင်းလောက် သူငယ်ချင်းအပေါ် စည်းမစောင့်တဲ့ကောင်၊ ဒီမှာ ငါကလည်း ဘုရားပေးသမိုင်းနဲ့ ကျိန်လိုက်ဦးမယ်၊ မင်းဟာ ငါအချစ်ဆုံး မိန်းမကို ငါ့ရင်ခွင်ကနေ သိမ်းပိုက်ခဲ့တဲ့ကောင်၊ အဲဒီလို ဒသဂီရိလို ကောင်မျိုးကို ဘုရားက သက်ဆိုးရှည်ခွင့် မပေးပါဘူးကွာ၊ မင်းအရွယ်ကောင်းရောက်တဲ့အချိန်မှာ





သေမှာပါ၊ သေကိုသေမှာ၊ အဲဒီတော့မှ မင်းမိန်းမကို ငါ ယူပြမယ်၊ မင်းနှလုံးသွင်းပြီး မှတ်ထားလိုက် ခန့်ဦး"

ပခံချင်စိတ်ဖြင့် သူ အဲဒီလို ကြွေးကြော်ခဲ့ပြီး အဲဒီ လတွင်းချင်းပဲ သူ့ကို တစ်ဖက်သတ် ကြိုက်နေသည့် ကောင်မလေး (အခု သားတို့အမေ ဆောင်းကို ကောက်ယူခဲ့တာ)အခုတော့ ဆောင်းလည်း ကွယ်လွန်ခဲ့တာ ဆယ်နှစ်တာကာလ ရောက်သွားခဲ့ပြီးမှ တင့် ယောကျ်ားကလည်း ဆုံးသွားပြီဆိုတော့ သူ ကြွေးကြော်ခဲ့တဲ့အတိုင်း သူ့ကို ကံကြမ္မာက အခွင့်အရေး ပေးလာခဲ့လေသည်။

အခုလို ကံကြမ္မာက ပေးလာပြန်တော့လည်း ခန့်ဦးသမီးက ခန့်ဦးလိုပင် ခေါင်းမာကာ အမေအပေါ် နိုင်လွန်းတာ (သားချစ်သည့် မိန်းကလေးမို့ သူ လက်ပိုက်ကြည့်နေရတာ၊ တကယ် စိတ်ထဲကတော့ မနှစ်မြို့လှ)။

"အစ်ကို"

"... ... ..."

"အစ်ကိုမောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟင် ... ဘာလဲ တင်"

အတိတ်က အတွေးမှိုင်းတွေက အခုလက်ရှိ ဘဝတစ်ခုကို မေ့သွားသည်အထိ သူနာသာခံစက်ကြီးဖြစ်ကာ အံကြီးကြိတ်မိမလိုဖြစ်ပြီးမှ တင့်ကို ငုံ့ကြည့်လိုက်မိသည်။

ဒီအချိန်မှာ လရောင်အောက်က မင်းသမီးလေးတစ်ပါးလို ဝင်းအိနေသည့် တင့်မျက်နှာချောချောကြီးက သူ့ကို အသက်ပိုင်းဆိုင်ရာနှင့် ဘယ်လိုမှ ထိန်းချုပ်ကန့်သတ်လို့ မရတော့ဘဲ သူ့ အသိလွှတ်သွားရပါပြီ။

"ဟာ ... အစ်ကိုကလည်း"

"ချစ်တယ် တင့်ရယ်၊ အစ်ကို မင်းကို ဘယ်လိုချစ်မှန်း မသိဘူး၊ အစ်ကိုတို့ သားတို့ လက်ထပ်ပြီးရင် အချိန်မဆိုင်းတော့ဘူး လက်ထပ်ကြမယ်ကွာ၊ မပေါင်းခဲ့ရတဲ့ အချစ်ဦးရဲ့ အချိန်တွေအတွက် ကိုယ် တောင်းဆိုတာကို ခွင့်ပြုပါနော် တင်"

"ဟင့်အင်းကွယ်၊ တင့်ကို လွှတ်ပါဦး၊ တင့် မနေတတ်လို့ပါ"





"တင့်ကလည်းကွာ၊ ငြိမ်ငြိမ်နေစမ်းပါ၊ ခဏလေးပါ"

"အချိန်က မသင့်တော်ဘူး အစ်ကို"

"အချိန်တွေ ကာလတွေ နေရာတွေ ရွေးမနေနိုင်ဘူးကွာ၊ ကဲ ... ပြော၊ တင့် အစ်ကို့ကို လက်ထပ်ခွင့် အခုထိမပေးနိုင်သေးရင် အစ်ကိုက ဒီအတိုင်းပဲ ဖက်ထားမှာ"

"ဒုက္ခပါပဲ၊ စိတ်တွေညစ်လိုက်တာ၊ အသက်ကြီးခါမှ ရှင်နော်၊ သိပ်နှစ်မနေနဲ့"

တင့် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ ရှက်လန့်ကြောက်အားပိုစွာ မျက်စိကလေး မှိတ်ချလိုက်ချိန်မှာ တင့်ပါးပြင်တစ်ခုလုံး နွေးပူသွားရလေတော့သည်။

အိုး ... တင် ဒီအရွယ်ကြီး ရောက်ခါမှ ချစ်ဦးသူရဲ့အနမ်းကို ခံရတာ ရှက်လိုက်တာ၊ ဘယ်လိုကြီးရှက်မှန်းမသိ ရှက်သွားပြီးမှ သမီးဒက်ဒီကို ဖျတ်ခနဲ သတိရကာ တင့် သူ့ရင်ခွင်မှ တအားရုန်းထွက်ပစ်လိုက်သည်။

"အစ်ကိုမောင် ... တင့် ... တင့် ..."

"ဟား ... ဘာလဲကွာ၊ ကိုယ့်မျှော်လင့်ချက်ကိုတော့ ဖြိုဖျက်မချိုးပါနဲ့ကွာ နော်"

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး အစ်ကိုရယ်၊ မလောစမ်းပါနဲ့"

"လောတာ မဟုတ်ဘူးကွာ၊ မျှော်ခဲ့ရတာ စောင့်ခဲ့ရတာ ဘယ်နနှစ် ရှိပြီလဲ"

လေးကိုင်းနှုတ်ခမ်း တင်းတင်းရင်းရင်းကြီးက ပိရိသွားပြီး မျက်နှာတည်ကြီးနှင့် မှိုင်သွားသည့် သူ့မျက်နှာကြီးက တင့်ကို ရင်တကယ်မွန်းသွားရလေသည်။

တင့် သူ့ကို ဘာပြန်ပြောရမလဲ။

ဘာပြန်ပြောသင့်သလဲ။

သူကတော့ အခွင့်ကောင်းယူပြီး တင့်ကို မရအရကို တောင်းဆိုနေပါပြီ။

"တင် ... သန်ဘက်ခါ ပြန်မှာနော်၊ မပြန်ခင် ကိုယ်အဖြေတစ်ခုကို အတိအကျ ကြားချင်တယ်ကွာ"

တင့် ဘယ်လိုပြောရမှန်းမသိ အကျပ်ရိုက် လှောင်ပိတ်မိသွားစဉ်မှာပဲ အစ်ကို့ခါးကြားထဲက ဖုန်းကလေးက တတုတုထမြည်လာတာကြောင့် တင့် လွတ်လပ်ခွင့် ရသွားခဲ့သည်။

"ဟင် ... ညကြီး ဖုန်းစက်ပိတ်မထားဘူးလား၊ ဖုန်းကိုလည်း ဘာလို့ ယူထားတာလဲ"





တင့်က မျက်လုံးအဝိုင်းသားနှင့် သူ့ကိုမေးလိုက်တော့ သူက အရှယ်နဲ့မလိုက်အောင် နုသစ်ချောမွေ့သည့် ညှို့မျက်နှာကြီးနှင့် တစ်ချက် လွင့်လွင့်ပြုံးသွားကာ ...

"သားက ညကျ ဖုန်းဆက်မယ်လို့ ပြောထားလို့ပါ"

"ဩော် ... သားအဖတွေ ဘာအကြံများ ထုတ်မှာလဲ မသိဘူးနော်"

"အဟင်း ... တင့်ကလည်းကွာ၊ သူ့သမီးလေး ကျနေတာပဲ၊ ရန်လိုတတ်နေပြီနော်၊ ခဏ ခဏနော် တင့် Please"

"အင်းပါ ... အင်းပါ၊ သားအဖတွေ လွတ်လွတ်လပ်လပ်ပြော"

တင့်က အစ်ကိုနဲ့ဝေးရာ ပန်းခြံထဲကို သုတ်ခနဲ ထွက်သွားတာကို အစ်ကိုက အာရုံမရောက်တော့ဘဲ သူ့သားနှင့် အကြည်တော် ခင်းသွားရပြီဖြစ်သည်။

"အဟား ဟား ဟား ... ဖေဖေ ဘာလုပ်နေလဲ ဟုတ်လားသား၊ ဖြေရမှာတောင် နည်းနည်းရှက်တက်တက်၊ အေးပါ အေးပါ၊ ဖြေမှာပါကွာ၊ မင်းအန်တီနဲ့ ပန်းခြံထဲမှာ ချိန်း

www.burmeseclassic.com



တွေ့နေတာ၊ ဟော့ကောင် တအားမရယ်နဲ့စွ၊ ငါ မင်းအဖေ မင်းလိုပဲ ရက်တတ်တယ်"

တစ်ယောက်တစ်ပြန် အမွှမ်းတင်နေသည့် ဒီသား အဖ စကားကို တင် လက်ပိုက်ပြီး အသာ နားထောင်လိုက်တော့ သည်။

"ဟေ ... ဟုတ်လား၊ အောင်မယ် ... အောင်မယ်၊ ဘယ် တုန်းက သားရဲ့ Baby girl ဖြစ်သွားတာလဲ၊ ကြည့်သွား ကြပြီလား၊ ဟာ ... ကြားရတာ ဝမ်းသာသကွာ၊ ဟေး ... ဘယ်လို၊ သားတို့က မိုင်းနပ်လိုလိုနဲ့ ပလပ်ဖြစ်သွားကြ ပြီ၊ အေး ... မင်းပလပ်မှ ငါကလည်း ပလပ်ဖြစ်မှာနော်၊ ဟေး ဟေး ... တယ်ကောင်းတဲ့ အကြံပဲ၊ အဲဒါအကောင်း ဆုံးပေါ့၊ ဒါမှ သမီးကို Control လုပ်နိုင်မှာ၊ ကောင်းတယ် ကောင်းတယ်၊ သားအကြံ ကြားရတာ မင်္ဂလာပဲကွာ၊ မင်္ဂလာဂွဒ်ရှယ်ပဲ၊ ဒီပုံစံ အကောင်းဆုံးပဲ၊ အေး ... အေး ဟား ဟား ... ဖေဖေတို့ ညလုံးပေါက်တော့ ရှိန်းမတွေ့ ပါဘူးကွ၊ မင်းကလည်း အိုခေ ... အိုခေ"





ဖျတ်ခနဲ ဖုန်းပိတ်သွားပြီဖြစ်တဲ့ အစ်ကိုမောင်ကို တင့် မျက်စောင်းတစ်ချက် ပစ်ရွယ်လိုက်ပြီး သူ့အနားကို လက် ပိုက်လျှောက်သွားလိုက်ကာ သူနှင့်ယှဉ်ရပ်လိုက်ရင်းက ...

"ကဲ ... ပြောစမ်းပါဦး၊ သားက ရှင့်ကို ဘာတွေအကြံည် တော် ခင်းလိုက်ပြီလဲ"

"ဟား ဟား ... တကယ်ကောင်းတဲ့ သားရဲ့အကြံကွာ၊ ကိုယ်တို့နှစ်ယောက်အတွက်ရော၊ သားတို့နှစ်ယောက် အတွက်ပါ မင်္ဂလာဂွတ်ဒ်ရှယ်ပဲ"

"ဟဲ့ အယ် ... ဘာမင်္ဂလာဂွတ်ဒ်ရှယ်လဲ ပြောစမ်းပါဦး၊ တကတဲ အပျော်လွန်ပြီး ဇွတ်မင်္ဂလာဂွတ်ဒ်ရှယ်နေ တင့် ကဖြင့် ဘာတစ်ခွန်းမှ မသိသေးဘူး"

ဒီတော့မှ အပျော်လွန်နေသည့် အစ်ကိုမောင့် မျက်နှာ ကြီး မျက်နှာပိုးသတ်သွားပြီး၊ မျက်သီးထအောင် ရယ်နေရာမှ တစ်ချက်တည်ကာ တင့်ကို ဆရာကြီးအိုက်တင်ဖြင့် ကြည့်လာ လေသည်။

"အင်း ... ငါ့သားကတော့ကွာ၊ အကြံက ဘာကောင်း သလဲပဲ တင့်ရေ၊ အခု ဝါဝင်ဖို့ ဆယ်ရက်ပဲ လိုတော့တယ် နော် တင့်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ"

"အေး ... သမီးလေးကို သူက ပြောမယ်ပေါ့ကွာ၊ မနက်ဖြန် သမီးကို ဆွေးနွေးမတဲ့၊ အခု သူ့ကို စေ့စပ်ထားပေါ့ကွာ၊ ဝါထွက်ရင် လက်ထပ်၊ လက်မထပ်ရင် ဖေဖေနဲ့ အန်တီ မနက်ဖြန် လက်ထပ်မှာပဲလို့ အပြတ်ပြောလိုက်မယ်တဲ့ကွာ"

"အဲဒီတော့ သမီးက ဘာပြောသလဲ"

"ဟာ ... သမီးကို မပြောရသေးဘူးလေ၊ မနက်မှ ဆွေးနွေးမယ့်စကားကို ကိုယ့်ကို မင်္ဂလာသတင်းပေးတာ"

"အင်း ... သားအဖတွေ၊ သားအဖတွေ၊ အကြံကလည်း ကြီးပါ့၊ တကယ်တဲ့ သမီး မျက်မှန်းကျိုးမယ်ဆိုလည်း ကျိုးစရာပဲ"

"ဟုတ်တယ်ကွာ၊ သား အကြံပိုင်လိုက်တာ၊ သားတို့စုံတွဲက သီတင်းကျွတ်၊ အဖေတို့စုံတွဲက တစ်လကွာ၊ တန်ဆောင်မုန်း ကောင်းလိုက်တဲ့ မင်္ဂလာဂွတ်ဒ်ရှယ် ... ဂွတ်ဒ်ရှယ်"





"အမယ်လေးလေးနော် ပိုလိုက်တာ၊ မနက်ဖြန် သမီးက ဘယ်လိုအဆုံးအဖြတ် ပေးဦးမလဲ မသိဘူး"

"သား စကားထွက်ပါကွာ၊ ကိုယ့်သားက ဉာဏ်ပါးပြီး သား လှစ်လှစ်ကလေး"

"ဟင်း ဟင်း ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

အစ်ကိုမောင် အူလှိုက်သည်းလှိုက် ပျော်နေတာကြီးကိုကြည့်ပြီး တင့် ရင်ထဲမှာလည်း အပျော်လှိုင်းတွေ ပြေးရိုက်သွားရလေတော့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၉

ကားပေါ်က ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် သူက နော့နှင့်အနီးဆုံး ကပ်ရပ်နေရာမှ နော့ လက်ကလေးကို ခွဆုပ်ကိုင်တွဲကာ ကျယ်ဝန်းသော သူ့စက်ရုံကြီးဆီ လမ်းလျှောက်လိုက်သည်တွင် နော့က လက်ကလေးကို အတင်းရုန်းယူလိုက်ပြီး သူ့ကို မကျေမနပ် ရန်တွေ့ပစ်လိုက်သည်။

"ရှင် ကျွန်မလက်ကို ဖြုတ်ပေးပါ"

"ဟ ... ဘာလို့ဖြုတ်ပေးရမှာလဲ၊ မင်းနဲ့ကိုယ်က ချစ်သူတွေပဲ၊ ဟဲ ... ဟဲ ... ကိုရီးယားချစ်သူစုံတွဲလေး နွဲ့နွဲ့ညွှဲညွှဲကလေး လက်ကလေးကိုတွဲလို့"

"ဘာ ... ကိုရီးယားချစ်သူစုံတွဲလဲ"





"ဟဲ ... ဟဲ ... အမည်မသိ ကိုရီးယားချစ်သူ၊ ဟုတ်တယ်နော် နော့"

နော့ ဘယ်လိုပဲ ရန်တွေ့တွေ့ သူကတော့ နော့လက်ကလေးကို ချစ်သူတွေလို မိုင်မိုင်နိုင်နိုင်ကြီး ယှက်ဆုပ်ပြီး သူ၏စက်ရုံဝင်းထဲသို့ သွက်လက်သည့် ခြေလှမ်းတွေနှင့် လှမ်းဝင်လိုက်လေသည်။

နော့မှာသာ သူနှင့်ယှဉ်ရက် ပခုံးချင်းတိုက်ပြီး ဒရောသောပါး ပါလာရလေပြီ။

"ဖြည်းဖြည်းလျှောက်ပါ၊ ရှင်ဟာကလည်း အနောက်က ကျားမကြီး လိုက်လာတာ ကျနေတာပဲ"

"နားငြီးလိုက်တာကွာ၊ တပိပိနဲ့ အသက်မရှူစတမ်း နှဲမှုတ်နေသလိုပဲ"

သူ့အပြော သူ့ဟန်တွေကို မုန်းလွန်းလို့ မျက်စောင်းလှမ်းထိုးပြန်တော့လည်း သူက မသိသလို သိသလို မျက်နှာပေးနှင့် ခေါင်းတညိတ်ညိတ် လုပ်နေတာက နော့ကို တကယ်အသည်းယားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ချက်ချက် သူ့ကိုယ်သူ လူကြီးယောင်ယောင် ဆရာကြီးယောင်ယောင် ဖမ်းတတ်သည့် သူ့ကို နော စိတ်ထဲက မျက်မုန်းကျိုးသလို သူ့အလိုဆန္ဒကို အခုလို လိုက်လျောခဲ့မိတာ သူက ဘယ်လိုသဘောပိုက်မည် မသိ။

နောကတော့ တွေးရင်းနှင့်တောင် ရင်ထဲမှာ လိပ်ပြာမလုံကြီး ခံစားလိုက်ရသည်။

ဒီခံစားချက်ကြီးက လိပ်ပြာမလုံမိသလို နှုတ်ခမ်းလေးကလည်း အလိုလို စုထော်သွားရလေသည်။

"ဟ ... နှုတ်ခမ်းက ဝေက်ထော် ဖြစ်နေပြီ၊ ဘာဖြစ်တာလဲ၊ ကြည့်ရတာကွာ အဆင်မချောလိုက်တာ"

သူက ရုံးခန်းထဲ လှမ်းဝင်ပြီး တံခါးကို ရီမုဒ်ဖြင့် ပိတ်ကာ နောမျက်နှာကို တစ်ချက် ငုံ့ကြည့်လျက် အခုလိုပြောလိုက်တော့ နော ရင်ထဲက အစာမကြေတာတွေက ပိုပြီးပွင့်ထွက်သွားတော့သည်။

"ကျွန်မ ထမင်းဆာနေပြီ၊ စကားပြောချိန် နာရီဝက်ပဲ ပေးနိုင်မယ်၊ နာရီဝက်အတိ ဖြစ်တာနဲ့ ကျွန်မကို ပြန်ပို့"

"ဟ ... ဒါ ထမင်းစားချိန်လား"





"မနက်က ကော်ဖီတစ်ခွက်တည်း သောက်လာတာ၊ မုန့်စားထားတာ မဟုတ်ဘူး၊ ထမင်းဆာတယ်"

တမင်သက်သက်ကို ကန့်လန့်လုပ်ပြီး ဂျီကျနေသည့် နောကို သူ စိတ်ပျက်စွာ ကျစ်စုတ်ပြီး ခဏစိုက်ကြည့်လိုက်တော့ သူမက မနေတတ် မထိုင်တတ်နှင့် မျက်လွှာလေး သိမ်းသွားကာ သူထိုင်သည့် ခေါင်းရင်းဘက်ခြမ်းက ဆုံလည်ဆိုဖာကြီးမှာ ဆောင့်ခနဲ ပစ်ထိုင်လိုက်လေသည်။

"ဟ ... ဖြည်းဖြည်းထိုင်လေ၊ ဆုံလည်တောင် ကျွတ်ထွက်ဦးမယ်"

သူက ပြောပြောဆိုဆိုနှင့် သူမနှင့် မျက်နှာချင်းဆိုင် မကျတကျ ထောင့်ဆုံလည်တစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး စိတ်ပင်ပန်း မောပန်းမှုတွေကို လေပူဟားကာ ဆိုဖာကြီးကို ပစ်မှီလျက် တအိအိလှည့်ကာ မှိန်ယူပစ်လိုက်သည်။

သူ အဲဒီလို ဆုံလည်ကြီးလှည့်ပြီး မှိန်ယူနေတာကို သူမကတော့ ဘယ်လိုမျက်လုံးတွေနှင့် ကြည့်နေသည်မသိ။

သူကတော့ သူမလေးကို စိတ်ထဲကနေ ကျိတ်လှောင်နေခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်နာရီဝက်အတွင်း ပြန်ပို့တဲ့၊ ဟား ဟား ရယ်ချင်သေးရဲ့။

နာရီဝက်မပြောနဲ့၊ မင်း တစ်နေကုန် မိုးချုပ်တောင် ခေါင်းမာနေရင် ပြန်ခွင့်ရမှာ မဟုတ်ဘူးကွ။

ဒီကနေ့ဟာ စက်ရုံရုံးပိတ်ရက်မို့ စက်ရုံစောင့်အလုပ်သမားနှစ်ယောက်ပဲရှိပြီး ဘယ်ဝန်ထမ်းမှ မရှိတာမို့ သူက အခုလိုမျိုး သူမကို စက်ရုံရုံးခန်းမှာ လက်ထပ်ဖို့ကိစ္စအတွက် တမင်ဉာဏ်ဆင် အကွက်ရိုက်လိုက်ခြင်း ဖြစ်သည်။

အကယ်၍များ သူမလေးဘက်က သူ့ကို ခါးခါးသီးသီး ငြင်းမည်ဆိုပါက သူက တစ်ခါတည်း သူမလေးကိုလက်ထပ်ပစ်ဖို့ ရည်ရွယ်ချက် အကြံကြီးကြီးနှင့် အခု ဒီရုံးခန်းထဲကို ခေါ်လာခဲ့ခြင်းဖြစ်သည်။

ကဲ ... ဘာတတ်နိုင်သေးလဲ မရွှေမနောရ။ မင်းတို့မောင်နှမ မာယာနဲ့ ငါ့ကို ခေါ်ထည့်လိုက်သလို၊ ငါ့မာယာကတော့ မင်းအတွက် တစ်သက်စာ ထာဝရ ဖြစ်သွားစေရပြီပေါ့။

"အဟား"





ရင်ထဲက ရယ်သံတွေက အပြင်ကို ထွက်ကျသွားသည်တွင် သူမရဲ့လက်ဖနောင့်ရိုက်ချက်က သူ့လက်မောင်းကြီးကို စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသည်။

"ဟ ... ဘာလုပ်တာလဲကွ"

"ရိုက်တာ ... ရိုက်လိုက်တာ၊ ယောက်ျား ... ရှင် အကြံကြီးကြီး မနေနဲ့နော်၊ ရှင့်အကြံကို မသိလို့ကတော့ မနောရတို့က ဒီကို လိုက်မလာဘူး"

"ကဲ ... ကိုယ့်အကြံက ဘာလဲ ပြော"

သူ တကယ် စိတ်ပျက်သွားရပါပြီ။

နေရာတကာတိုင်း သူမစိတ်ချည်း ဦးစားပေးနေသည့်နောက် မျက်နှာတည်နဲ့ကြည့်ပြီး မာန်လိုက်တော့ သူမလေးက နှုတ်ခမ်းလေးတင်းလျက် ဘာစကားမှ မပြောတော့ချေ။

အဲဒီလို မထုံတက်တေး ဖြစ်သွားပြန်သည့် သူမကို အသည်းယားကာ သူမ ပခုံးသားလေးကို ဆွဲခွာပြီး သူ သူမနှင့် အနီးကပ်ဆုံး ကပ်ရပ်ပစ်လိုက်သည်။ အဲဒီအချိန်မှာ သူမက မျက်နှာလေးကို စပရင်လို မဲ့လိုက်ပြီး သူ့လက်မောင်းကြီးကို ဆတ်ထုတ်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမှာလဲ၊ ရှင် ကျွန်မကို နှစ်ယောက်တည်းဆိုပြီး ရိုးတိုးယားတား လုပ်မယ် မပြင်နဲ့နော်"

"မပြင်ပါဘူး၊ ကြံရင်သာ ကြံမှာ"

"ဘာ"

သူ ပြောလိုက်တာကို အရှက်ကြီး ရှက်သွားကာ...

"ဝုန်း"ခနဲ ဆိုဖာပေါ်ကနေ ဒေါသတကြီး ထရပ်လိုက်သည့် သူမကို သူ လက်ကြီးနှင့် ကမန်းကတန်း ဖမ်းဆွဲလိုက်ပြီး နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးဆီ ဆွဲခေါ်လာခဲ့ကာ ဆတ်ခနဲ အထိုင်ခိုင်းလိုက်သည်။

"ကဲ ... ဒီမှာထိုင်၊ ညည်း သောင်းကျန်းဖို့တော့ မပြင်နဲ့နော်၊ ဒီစက်ရုံထဲမှာ ညည်းနဲ့ငါ နှစ်ယောက်တည်းရှိတာ၊ ဒီနေ့ စက်ရုံပိတ်ရက်ပဲ၊ တမင်သက်သက်ကို စကားပြောစရာရှိလို့ ရုံးခန်းကို ခေါ်လာခဲ့တာ၊ အေး ... အဆင်ပြေသလိုနေ၊ မနေတတ် မထိုင်တတ် ထသောင်းကျန်းမယ်ဆိုရင် ညည်းထိုက်နဲ့ ညည်းကံပဲ"

"လူရမ်းကားကြီး၊ ကျွန်မကို သူတော်ယောင်ဆောင်ပြီး ညည်း ... ညည်းနဲ့ မပြောစမ်းနဲ့"





"ရန်မတွေ့နဲ့၊ သိပ်ရန်တွေ့ကောင်းမနေနဲ့၊ ဒီတစ်ခါ ငါ့ကို ခံခံအော်နေရင် မင်းကို ငါ ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်တော့ဘူး"

သူမပခုံးနှစ်ဖက်ကို တင်းတင်းဆုပ်ပြီး ကြိမ်းလိုက်တော့မှ သူမက အံကလေးကြိတ်ပြီး ငြိမ်ကုပ်သွားလေသည်။

အဲဒီလို ငြိမ်ကုပ်သွားတာကလည်း အားမတန်လို့ မာန်လျှော့လိုက်တဲ့ ပုံစံပင်။

အင်း ... ဘာပုံစံဖြစ်ဖြစ် အခုလို နားအေးသွားတာပဲ သူ စိတ်ချမ်းသာခွင့် ရခဲ့သည်။

"ကဲ ... စကားပြောလို့ ရပြီလား၊ ညက ကိုယ် မင်းနဲ့ ဆွေးနွေးခွင့်ရမယ်ဆိုတဲ့ ကိစ္စလေ"

"ပြော ... ရပြီ"

သူမက လေသံမာမာနှင့် သူ့ကိုဟောက်လိုက်တာကို သူ မခံချင်ဖြစ်သွားရကာ မျက်နှာကြီးတင်းတည်သွားရလေသည်။

သူမမျက်နှာလေးကိုလည်း ဒေါသမျက်လုံးနှင့် စိုက်ကြည့်လိုက်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို မချေမငံ မပြောနဲ့နော်၊ ကိုယ်ထက်ကြီး မှန်းမသိ ငယ်မှန်းမသိ ရိုင်းကိုရိုင်းလွန်းတယ်"

"ကြီးတဲ့လူကလည်း ပြောတာချောင်တာ တစ်ခွန်းပါသလား"

"ဘာ ... ရန်တွေ့နေတော့မှာလား၊ ငါပြောမဲ့စကားကို မပြောရတော့ဘူးတဲ့လား"

"ပြောလို့ ပြောထားပြီးမှပဲ"

"အေး ... အဲဒါဆို ငြိမ်ငြိမ်နားထောင်၊ ထပြီးဝုန်းဒိုင်း မကြဲနဲ့နော်၊ မင်းရဲ့အပျိုဘဝက ငါ့လက်ထဲမှာပဲ မင်းမ ကြောက်ရင်တော့ ရုတ်ရုတ် ရုတ်ရုတ်လုပ် ...

"အင်း ... ပြောမယ်၊ တိုတိုရှင်းရှင်းပဲ၊ မင်း လက်ခံတယ်ဆိုရင် လက်ခံတယ် တစ်ခွန်းပဲပြော၊ လက်မခံဘူး ဆိုရင် ကိုယ်က ဖိုးကျိုင်းတုတ်ပဲ"

"ဘာလဲ ... ရှင်ပြောမယ့်စကားသာ ပြောလိုက်စမ်းပါ"

"မင်းကို ကိုယ် လက်ထပ်ချင်တဖ်၊ အမိက,က အခုလော လောဆယ် မင်းကို စေ့စပ်ထားချင်တယ်၊ ဝါဝင်ဖို့ ဆယ် ရက်လောက်ပဲလိုတော့ ဘယ်လိုမှ မင်္ဂလာအကြီးအကျယ် ဆောင်လို့ မရတော့ဘူး၊ Hotel ဒိတ်တွေက ပြည့်နေပြီ၊





အဲဒီတော့ သီတင်းကျွတ်မှ ကိုယ်တို့ လက်ထပ်ကြမယ်၊ အဲဒါကို မင်း သဘောတူရင် ဖေဖေနဲ့ အန်တီက သူတို့ ဒီနေ့ လက်ထပ်မယ့်ကိစ္စကို နောက်ဆုတ်ပေးမယ်တဲ့၊ ကဲ ... သဘောတူလား"

"မတူဘူး၊ လုံးဝမတူဘူး၊ ဒါ ရှင် ပရိယာယ်ဆင်တာ၊ ရှင့် ပရိယာယ်လောက်ကတော့ မနော်ရတို့က ပျင်းသနားတယ်၊ ဒီမှာ တွေ့လား"

ဖျတ်ခနဲ ခါးကြားထဲ လက်နှိုက်လိုက်ပြီး ပါလာသည့် အရာဝတ္ထုလေးကို သူ့ အလန့်တကြား အပြူးအပြဲ စိုက်ကြည့်ရင်း လေသံက ထစ်အ,သွားကာ ...

"မင်း ... မင်း ... ဒီ ဒီဓားက ဘယ်ကယူလာတာလဲ"

"ရန်ကုန်က၊ ကဲ ... ရှင် မသေချင်သေးဘူးဆိုရင် ကျွန်မ ကို ဒီအခန်းထဲက လွှတ်ပေး"

"ဟာ ... ဒီမိန်းကလေးတော့နော်၊ ငါ ... ငါ တစ်ခုခုလုပ် ပစ်လိုက်လို့"

"အောင်မယ် ... လာလာချည်သေးတယ်၊ ဒီမှာ ရှင့်အိမ်ကို လာကတည်းက ရှင်ကြံမယ့် အကြံတစ်ခုကို အပြီးသိလို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်လာတာ၊ ကဲ ... ပြောလေ၊ ဆက်ပြော၊ ဘာပြောဦး မလဲ"

သူ့ကို ပမာမခန့် မျက်လုံးနှင့် တကယ့်လူဆိုးမကြီး ရုပ်နှင့် မျက်အိမ်ကျဉ်းကြည့်လာသည့် သူ့ကို ဖြစ်နိုင်ရင် သူ နား ရင်းသာ ဆွဲကိုင်ပြီး ပါးပိတ်တီးပစ်လိုက်ချင်သည်။

ဟင်း ... ဒေါသထွက်တာတောင် သူ့မှာ အစွမ်းကုန် ထွက်ခွင့်မရအောင် သူမရဲ့စတီးဓားဖြူဖြူလက်လက်ကလေးကို ကြောက်၍ တုန်လှုပ် ကျောချမ်းသွားရသည်။

ဟား ... ဖြစ်နိုင်ရင် သူမလက်ထဲက ဓားလေးကို ဆွဲလုချင်တာပါ။ ဘယ်လိုမှ မဖြစ်နိုင်တာမို့ ဒီအတိုင်းပင် လည်ပင်း ကြီးအင့်ပြီး အသက်အောင့်ကာ သူမကို မျက်ခြည်မပြတ် စောင့် ကြည့်နေလိုက်သည်။

စောင့်မကြည့်လို့မရ။ သူက သူ့ကို ဓားနဲ့ထောက်ပြီး ရုံးခန်းကို ဖွင့်ခိုင်းရင်ဖြင့် ...။ ဟား ... အတော်ကို အကြံပက်စက်တဲ့ မိန်းကလေး။

သူ့အကြံထက်ကောင်းသည့် သူမကို တော်တော် ဖြုံသွားရပါသည်။



ဒီအချိန်မှာ သူ ဘာလုပ်ရမှန်းမသိ အကြံကုန်သွား ကာ သူမန်ဘေးမှာ လည်ပင်းကြီးအင့်ပြီး မျက်လုံးတွေ အီသွား ရကာ ကိုယ့်ပေါင်ကိုပဲ တဖတ်ဖတ်ရိုက်ပစ်လိုက်ရင်းက ရင်ထဲက ဒေါသတွေကို ထုတ်လွှတ်လိုက်ရသည်။

"ဟား ... မှန်းဖို့ကောင်းလိုက်တဲ့ မိန်းကလေးကွာ၊ ချစ်ခဲ့ မိတဲ့ ငါ့နှလုံးသားကိုက မှားတာ"

ကိုက်မနိုင် ခဲမရ သူ ရေရွတ်လိုက်တော့ သူမက တကယ့်လူဆိုးမလေး အသွင်နဲ့ မခံချိမခံသာဖြစ်အောင် ကိုယ်လုံး ကလေးလှုပ်ပြီး ခနိုးခနဲ့ ရယ်လိုက်လေသည်။

"ဟင်း ဟင်း ဟင်း"

"... ... ..."

သူ ဘာမှမပြောမိတော့ဘဲ ဓားကိုင်ထားသည့် သူမ လက်ကိုပဲ ဆွဲလုဖို့ စိုက်ကြည့်နေလိုက်သည်။

ဒါကို သူမက အထာပေါက်စွာ သူ့ကိုလှမ်းခေါက် ပြီးကြည့်ရင်းက ဓားကလေးကို ဘယ်ဘက်လက်ထဲ ပြောင်းကိုင် လိုက်ပြီး ခေါင်းကလေးဆတ်လျက် ...

"မှားရင်ပြင်၊ မှန်ရင်ချစ် ဒါပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“နော ... မင်း ဇာတ်ပျက်စကား ဆိုမနေနဲ့၊ မင်းလုပ်ရပ် လုံးဝပုံစံမကျဘူး၊ မင်း ငါ့ကို စိန်ခေါ်နေတာ၊ စိန်ခေါ်နေတာ”

“အလို ... ငါးဖယ်က ပြောင်းပြန် ဖြစ်ပြီ၊ ဟာဟ ... ရယ်ချင်သေး”

“ကျစ် ... ငါ မင်းမာမီကို ဖုန်းဆက်မယ်၊ ရတယ်၊ မင်းတော့လားကွာ”

နောက်ဆုံးတော့ သူ ကြံရာမရဖြစ်သွားရကာ အန်တီဆီ ဖုန်းဆက်ဖို့ ဆတ်ခနဲ ထရပ်လိုက်သည်။

အဲဒီလို သူ ထရပ်လိုက်တာကိုလည်း သူမက ဘာတစ်ခွန်းမှ တားမြစ်ကန့်ကွက်ခြင်း မပြုဘဲ ဒီအတိုင်း လက်ထဲက ဓားကလေးဘယ်ညာကိုင်ကြည့်ပြီး တိတ်တဆိတ် စောင့်ကြည့်နေလေသည်။

ကြည့်စမ်းပါဦး၊ ဘယ်လောက် သွေးအေးတဲ့ မိန်းကလေးလဲ။ ဒီလိုသွေးအေးတဲ့ မိန်းကလေးရဲ့ လုပ်ရပ်တွေကို သူ မနှစ်မြို့ပေမယ့် နှုတ်ခမ်းစေ့ကာ အန်တီကို ဖုန်းခေါ်လိုက်သည်။

“ဟယ်လို ... အန်တီလား”





တစ်ဖက်မှ အန်တီ့အသံကို ကြားကြားချင်းပင် သူက ရင်ထဲက အခံရခက်နေသည့် အသံကြီးနှင့် နှုတ်ဆက်လိုက်သည်။

“အေး ... သား၊ ဘာအရေးကြီးလို့လဲ၊ သမီးနဲ့ဘာပြဿနာတက်ပြီလဲ”

အန်တီကလည်း သူမသမီး အဆိုးမလေး အကြောင်းကို သိထားပြီး ကွက်တိ အမှန်မေးခွန်းကို မေးလိုက်လေသည်။

အဲဒီလို ကွက်တိမေးလိုက်သည့် အန်တီ့ question ကို သူ ရင်ဘတ်အောင့်စွာ နားထောင်ရင်းမှ အံကြိတ်သံကြီးနှင့် အစ်လုံးချင်း ပြန်ဖြေလိုက်မိလေသည်။

“ပြဿနာမှ တကယ့်ပြဿနာ အကြီးစားပဲ အန်တီ၊ အန်တီ့သမီးဟာ လူဆိုးမိုလ်မပဲ လုပ်စားဖို့ ကောင်းတော့တယ်၊ ဒီမှာ ကျွန်တော့်ကို ဓားနဲ့ခြိမ်းခြောက်နေပြီလေ အန်တီရဲ့”

“ဘုရားရေ ... ဘာ ... ဘာဓားလဲ”

“သူ့လက်ထဲမှာ ကျွန်တော် အန္တရာယ်ပြုမှာဆိုပြီး အဆင်သင့် ရန်ကုန်ကနေ ဓားတစ်လက် ဆောင်လာခဲ့တယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဖောင်းထောင်းတဲ့ မိန်းကလေး၊ ကျွန်တော် သူ့လုပ်ရပ်ကို လုံးဝမကျေနပ်ဘူး အန်တီ၊ ဖေဖေလည်း အိမ်မှာရှိတယ်နော် အန်တီ၊ ကျွန်တော် လိုရင်းပဲ ပြောတော့မယ်နော်၊ ကျွန်တော်တို့ကိစ္စ အဆင်ပြေမှာ မဟုတ်ဘူး၊ အဲဒီတော့ အန်တီတို့ ရန်ကုန်မပြန်ခင် လက်ထပ်လိုက်ကြပါ၊ ကျွန်တော့်ကို ဘာမှငဲ့မနေတော့နဲ့၊ သူ့ကိုတော့ လုံးဝငဲ့စရာမလိုတော့ဘူး၊ မိဘကငဲ့ညာနေလို့ ငဲ့ညာနေမှန်းမသိ အလကားမိန်းကလေး”

“ဒုက္ခပါပဲ၊ သမီးနဲ့တော့ ခက်ပြီ၊ အေး ... အေး၊ အန်တီသမီးနဲ့ ဆက်စကားပြောဦးမယ်၊ သားဖုန်း သမီးကိုပေးလိုက်”

“ဟုတ်ကဲ့”

သူက ဖျတ်ခနဲ အကြည့်တစ်ချက် သူမဆီဖွေ့ကာ နောက်ခြေတစ်လှမ်းဆုတ်ပြီး သူမဆီ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

သူမက သူ လျှောက်လာတာကို မြင်တာနှင့် ဆတ်ခနဲ ထိုင်ရာမှ ထရပ်ကာ သူ့ကို ကျောခိုင်းလိုက်သည်။





အဲဒါကို သူက ပိုအသည်းယားသွားကာ အံကြိတ်သံကြီးနှင့် ...

“ဟော့ ... ဒီမှာ၊ အန်တီ မင်းနဲ့ ဖုန်းစကားပြောမယ်တဲ့”

“No ... No လက်သင့်မခံ”

“ဟာကွာ၊ ပမာမခန့် ရှိလိုက်တာ၊ ငါ နားရင်းဆွဲရိုက်လိုက်လို့ သက်သက် ရိုက်ပွဲဖြစ်ဦးမယ်”

“ကိုချစ်မင်း ... ရှင် စကားကို ဆင်ခြင်ပြောနော်”

“မင်းအသက် နှစ်ဆယ်ပဲ ရှိသေးတယ်နော်၊ မင်း သိပ်လူလည်ကျမနေနဲ့၊ ဖုန်းပြောမှာလား မပြောဘူးလား”

“မပြောဘူး”

“ကောင်းပြီ၊ နောက်မှ နောင်တမရနဲ့”

“ဟား ... ဟ၊ အရှုံးကြီး ရှုံးနေတာတောင် ခေါင်လုပ်ချင်သေးတယ်၊ ရယ်ရတဲ့ လူ့သဘော လူ့မနော”

ဒီကောင်မလေးကို သူဘာယ်လိုမှ အံတုပြောနိုင်သည့် အင်အားမရှိတော့ပြီမို့ လက်ထဲကဖုန်းကိုပဲ ခပ်နာနာ ဖျစ်ညှစ်ပြီး အန်တီ့ကို အကြောင်းပြန်လိုက်ရသည်။

“အန်တီ ... အန်တီ့သမီးက No ... No လက်သင့်မခံတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး၊ ဒါဆိုလည်း တစ်နည်းကြံရတာပေါ့၊ အန်တီ ကတိပေးတယ်၊ သားနဲ့သမီးကို စေ့စပ်ဖြစ်အောင် ကို အန်တီလုပ်ဆောင်ပေးမယ်၊ ဒါပဲနော် သား၊ သူ့ကိုအခု ခေါ်ပြီး အိမ်ကိုပြန်လာခဲ့တော့ သား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူ ဖျတ်ခနဲ ဖုန်းပိတ်ပြီး သူမကို လှည့်ကြည့်လိုက်တော့ သူမက စောစောကအတိုင်း ဆံလည်ဆိုဖာကြီးမှာ ဆံလည်ကြီးစီးပြီး ခပ်ငြိမ့်ငြိမ့် ထိုင်နေတာ မျက်မုန်းကျိုးစရာ ကောင်းခဲ့ပေမယ့် သူ့ စိတ်ကိုအတတ်နိုင်ဆုံး ဖြေဖျောချလိုက်ရတော့သည်။

အင်း ... ဘီလူး ... ဘီလူးချင်းဆို ဝါးစားဖို့ပဲရှိတော့မည်။

ခက်ရချည်ရဲ့ နောရယ်၊ မင်းတွေ့လားကွာ။

တစ်နေ့ ငါနဲ့ လက်ထပ်ပြီးတဲ့အချိန် ရောက်ရင်တော့ဖြင့် ...။ ဆိုသည့် အတွေးတစ်ချက်နှင့် သူ့စိတ်ထဲက အနိုင်ယူပစ်လိုက်ပြီး တကယ့်အပြင်ဘဝမှာတော့ နောအရှေ့ကို ခခယယ ရောက်သွားကာ အနူးညွတ်ဆုံး လေသံကလေးနှင့် ချော့မော့ နှစ်သိမ့်ပြီး ပြန်ဖို့စကား ဆိုလိုက်ရတော့သည်။





"နော ... ညီမ၊ ကိုယ်တို့ ပြန်ကြစို့၊ ညည်းလည်း ရန်ဖြစ်ရတာနဲ့ မောနေလောက်ပြီ၊ ထမင်းဆာရောပေါ့၊ ဟင် ... ဆာပြီလား၊ ကဲ ... ဓားကိုလည်း ပြန်ထည့်လိုက်ပါဦးကွာ၊ အန္တရာယ်များပါတယ်၊ ကဲ ... ကဲ ... တို့ ပြန်ကြစို့"

ဒါပဲ သူပြောလိုက်ပြီး ရီမုတ်ဖြင့် ရုံးခန်းတံခါးကို လှမ်းဖွင့်ကာ သူက အရှေ့ကနေ ဦးဆောင်ပြီး ရုံးခန်းထဲကနေ လှမ်းထွက်လာခဲ့လိုက်သည်။

အဲဒီအချိန်မှာ အနောက်ကနေ နော လိုက်လာခဲ့သည်ဆိုတာကို သူ အကြားအာရုံဖြင့် သိလိုက်ရပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၀

ရန်ကုန်အိမ်ကို ပြန်ရောက်သည့် အချိန်မှာတော့ ညည်သည်တွေ ရန်ကုန်ပါလာရသည့်အဖြစ်၊ ပြီးတော့ နောနှင့်လူ စေ့စပ်ခဲ့ရတဲ့ အဖြစ်ကြီးကို ကိုကိုက လုံးဝလက်သင့်မခံဘဲ သူ့ အခန်းထဲမှာ ထသောင်းကျန်းပါတော့သည်။

"ငါ လုံးဝ လက်သင့်မခံဘူး နော၊ လုံးဝလက်သင့်မခံဘူး ဒီကောင့်ကို ငါချဉ်တာ တူးတာ၊ ဟားကွာ ... ယောက် တော်ရမယ်၊ ပြီးတော့ တစ်နွယ်ငင် တစ်စင်ပါဖြစ်ပြီ၊ နင် နင် ရှုံးလိုက်တာ မိနောရ"

လက်သီးလက်မောင်းရှိုးပြီး ရင်ဘတ်ကြယ်သီးတွေ ကိုဖွင့်ကာ စိတ်လွတ်ကိုယ်လွတ် တံခါးပိတ် ပေါက်ကွဲနေသည်





ကိုကို့ကို နော တစ်ချက် မအီမလည်ကြည့်ပြီး စိတ်ညစ်ညစ်နှင့် ခေါင်းကဆံပင်တွေကို စုံလုံးကုတ်ပစ်လိုက်သည်။

ဪ ... ဖြစ်ပုံ ... ဖြစ်ပုံ၊ မကွေးသား အပြင်းဖျား ဖျားတယ်ဆိုလို့ ဒီကနေ အလောတကြီး (မာမီကြောင့်)လိုက်ပါ သွားရပါတယ်။

ဟိုကျ အကျပ်ရိုက်ပြီး အခုလို နောတို့အနောက် ကို ပါလာပြီး နောနှင့်သူ စေ့စပ်ပွဲလုပ်ရသည့်အဖြစ်။

ကောင်းလိုက်တဲ့ ကိုချစ်မင်း အစီအစဉ်။

Director ချစ်မင်း လုပ်ချက်က မိုက်ပါ့။

လုပ်ထားလိုက်စမ်းပါ ကိုချစ်မင်းရယ်။

ကျွန်မကလည်း ရှင်တို့ အစီအစဉ်ကို အခုလို အေး အေးဆေးဆေး လက်သင့်ခံလိုက်တာကလည်း ကျွန်မအစီအစဉ်နဲ့ ကျွန်မလေ။ (တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ ရှင် ကြားဖူးမှာ ပါ)။ ဒီအတိုင်းပဲ ကျွန်မ ရှင့်ရဲ့စေ့စပ်ပွဲ တောင်းဆိုမှုကို လိုက် လျောခဲ့တာကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ပါပဲရှင်။

နော တစ်ယောက်တည်း တိတ်တိတ်ကလေး ကြိတ် ဝါးနေတဲ့ ရင်ထဲက အသံတွေကို ကိုကိုက ဘာမှမသိဘဲ နော



www.burmeseclassic.com

www.burmeseclassic.com



ပခုံးနှစ်ဖက်ကို ဆောင့်ခါယမ်းပြီး ရင်တွင်းအက်ကွဲသံကြီးနှင့် အတိုင်းအတာတစ်ခု လွန်မြောက်ကာ ပေါက်ကွဲလာတော့လေသည်။

"နင် ... နင်ဟာလေ၊ အပြောတစ်မျိုး အလုပ်တစ်မျိုး၊ အခု ... အခု ခံလိုက်ရပြီ မဟုတ်လား၊ ဟာ ... ဒီကောင် အကျပ်ကိုင်လို့ အခုလို စေ့စပ်ရတာ ဟုတ်ချင်မှ ဟုတ်မှာ၊ နင် ဒီကောင့်ကို ကျိတ်ကြိုက်နေလို့ လက်ခံလိုက်တာ မဟုတ်လား"

"ဟာ ... ကိုကိုကလည်း၊ ဘာကျိတ်ကြိုက်တာလဲ"

"ဒါဆို ပေါ်တင်ကြိုက်တာလား၊ ပြော"

"ဟား ... ကိုကိုနော်၊ နင် ငါ့ကို လျှောက်ပြီးမစွပ်စွဲနဲ့၊ ဟိုမှာ ငါ ဘယ်လိုပြဿနာနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ နင်က ဘာမှမသိဘဲနဲ့"

"ကဲ ... ပြော၊ နားထောင်ရတာ အကွက်ကျလို့ကတော့ ကျ၊ မကျလို့ကတော့ နင်နဲ့ငါ အသိပဲ"

"ကိုကို မကြိမ်းနဲ့နော်"

"ပြောစမ်းဟာ"



ကိုကိုရဲ့ဒေါသတကြီး လက်ဖျားတွေက နော့ပခုံးသားလေးပေါ် တအားနစ်ဝင် နာကျင်သွားလေသည်။

နာကျင်လွန်းလို့ နော်က "အ"ခနဲ တစ်ချက်ညည်းပြီး မျက်ရည်ကလေးတွေတောင် ဝိုင်းသွားရသည်။

"ကျစ် ... မျက်ရည်က ဘယ်က ဘယ်လို ထွက်တာတ်လာတာလဲ၊ ဟိုကောင်က သင်ပေးလိုက်ပြီလား"

နော မျက်ရည်လေးတွေကိုကြည့်ပြီး ကိုကိုက ကြမ်းကြမ်းရှရှ ပြောလာတော့ နော့ ရင်နာသွားရသည်။

"ကိုကိုနော် ... နင်"

"ပြောစမ်း၊ မကွေးမှာ ဓာတ်ခင်းကြတဲ့ပုံ၊ မာမီ ... မာမီဟာလည်း အသက်ကြီးခါမှ အတော်ကို လင့်လိုချင်နေတာ၊ သမီးကို ယူမဲ့ယောကျ်ားရဲ့သားနဲ့ အရင်ပေးစားခန်းထုတ်ပြီးမှ သူတို့က နောက်က မေးလိုက်မယ်ပေါ့၊ ဇာတ်တူသားစားကြတာ ဘယ်တော့မှ ပျက်စီးမလဲ မသိဘူး"

"ဟာ ... အာ ... ငါက ဒီ ချစ်မင်း ဆိုတဲ့လူကို ယူမယ်လို့ နင့်ဘယ်သူပြောလဲ၊ စေ့စပ်ပြီးတာ လေးငါးလလောက်ကြာမှ မင်္ဂလာပွဲ စီစဉ်ရမှာလေ၊ ဒီမှာ ကိုကို နော ...

www.burmeseclassic.com

www.burmeseclassic.com



မနောရတဲ့၊ တစ်မနောရတည်းရှိတယ်၊ ငါပါပဲ၊ ဟား ... ဟိုမှာ ငါ့ကို အမိအဖမ်းခံသလို ဖြစ်နေလို့ ငါ သူတို့အစီအစဉ်ကို လက်ခံရတာလေ၊ ငါက သူ့ကိုမစေ့စပ်ရင် မာမီက သူ့ဒက်ဒီကို ချက်ချင်းလက်ထပ်မတဲ့ ခြိမ်းခြောက်တာလေ၊ ဟင်း ဟင်း ... အကြံကြီးလွန်းတဲ့ သားအဖကို ဒီက ရွှေမနောရတို့ကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်တတ်ပါတယ်၊ Director မနောရ စီစဉ်တာကို ကိုကိုစောင့်သာကြည့်လိုက်"

"ကဲ ... ပြောစမ်းပါဦး၊ ဘာတစ်ချက်ခုတ် နှစ်ချက်ပြတ်လဲ"

ဒီတော့မှ ကိုကိုက နည်းနည်းကြည်သွားပြီး နော မျက်နှာလေးကိုလည်း တည့်တည့်ကြည့်ဖော် ရလာခဲ့သည်။

ချက်ချင်းလက်ငင်းကြီး ပြောင်းလဲသွားသည့် ကိုကို့ကို နော မျက်စောင်းခဲကြည့်လိုက်တော့ ကိုကိုက တစ်လုံးတစ်ခဲကြီး မကျေမနပ် ဆိုလာခဲ့ပြန်သည်။

"ငါ့ကိုလာပြီး မျက်စောင်းခဲပြမနေနဲ့၊ မှုယာမာယာ အများလွန်လို့ အခုမှတွေ့တဲ့လူက နင့်ကို လက်လွှတ်မခံနိုင်ဖြစ်နေတာ"





"သေပါလား၊ ယောက်ျားတွေက လှတဲ့လူတွေ့ရင် အမြဲတမ်း ဖျာပ်ချိုး ဟပ်ချိုး ဖြစ်နေတာ နင် မသိဘူးလား"

"အဲဒီထဲမှာ ငါမပါဘူး၊ နင့်ကောင် ထိပ်ဆုံးကပဲ"

"ဘာ နင့်ကောင်လဲ"

"နင်နဲ့ စေ့စပ်ပြီးသွားတဲ့ကောင်က နင့်ကောင် မဟုတ်လို့"

ကိုကို ပြောတာလည်း ဟုတ်နေ မှန်နေတာမို့ နော တစ်ချက် ငြိမ်သွားပြီး မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် ရင်ခုန်သံတွေကို နည်းနည်းရှက်မိသွားရသည်။ (ကွယ် ... မရှက်စတမ်း ဝန်ခံရရင် ကြည်နူးသလိုလို ရှက်သလိုလို) ပြီးတော့ ရင်ထဲမှာ ရှက်မိသလိုလိုနှင့် စိတ်လည်းဆိုးကာ နှာကျင်အောင့်မျက်သွားရသည်။ (ဘာကြောင့် ရှက်တယ်ဆိုတာက ယနေ့ သူနှင့် စေ့စပ်လိုက်ရလို့ပါ)။

ယနေ့ စေ့စပ်လိုက်သည့် စေ့စပ်ပွဲမှာ သတို့သမီးလောင်းလေး မနောရဟာ အင်မတန်မှ ကံကောင်းသည့် မိန်းကလေး ဖြစ်ခဲ့တာကိုတော့ နောတို့နှစ်ဖက်အသိုင်းအဝိုင်းက ကောင်းချီးသြဘာ ပြုခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အထိ နော ကံကောင်းသလဲဆိုရင် ခေတ်ပညာတတ် ယောကျာ်း၊ တည်ကြည်ခန့်ညားပြီး ယောကျာ်းပီသစွာ ချောမောတဲ့ယောကျာ်း ဖြစ်ရုံမက နောကို ငွေသိန်းလေးထောင် ပုံတင်တောင်းခဲ့တာ၊ ကဲ _ နောလောက် ကံကောင်းသည့် မိန်းကလေး လောကမှာ အင်မတန် ရှားလိမ့်မည်ထင်သည်။ (ရှိတော့ရှိတယ် ရှားတယ် ဖြစ်ပါလိမ့်မည်။)

ဒါပေမဲ့ နောကတော့ သူ့စည်းစိမ်တွေနှင့် ဂုဏ်တင်ပြီး ဘယ်လောက် ငွေပုံတင်တောင်း တင်တောင်း စိတ်ကြည်ရွှင်မှု လုံးဝမရှိတာ အမှန်ပင်။

စိတ်မကြည်ရတဲ့ကြားထဲ ကိုကိုက ဟစ်နေ ပေါက်နေပြန်သေးတာမို့ ကိုကို့ကို ရှင်းတန်းထုတ်နေရသေးသည်။

"ငါမပြန်ခင် ညက မာမီနဲ့ သူ့အဖေက ငါ့ကို ဘယ်လိုအပိုင်ကြီးတုတ်သလဲဆိုရင် ငါ သူ့သားကို လက်မထပ်ရင် လောလောဆယ် မစေ့စပ်ဘူး အတိအကျငြင်းရင် အဲဒီနေ့ညမှာ သူ့အဖေ အသိုင်းအဝိုင်းနဲ့ လက်မှတ်ထိုးပြီး လက်ထပ်မယ်တဲ့၊ တကယ်လို့ ငါက သူ့သားကို လက်ခံလိုက်ရင် သူတို့မင်္ဂလာကိစ္စကို နောက်ဆုတ်မယ်တဲ့၊ အဲဒီလို အကျပ်ကိုင်လို့ ငါ သူနဲ့ စေ့စပ်ပွဲကို လက်ခံလိုက်ရတာ"





"အင်း ... ဟုတ်ပါပြီ၊ နင် ပြောတဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာကရော"

ကိုကိုက မကျေမနပ် မျက်မှောင်ကြီးကုတ် ပြောလာလျှင် နောက ဗိုဗိုသာသာလေး မျက်ခုံးရှုံ့ပစ်ပြီး ဆတ်ခနဲ ထရပ်လိုက်ကာ တင်ပါးကလေးကို နောက်ပစ်ချိတ်လိုက်ရင်း ဆန့်ချိကြွေးကြော်ပစ်လိုက်သည်။

"နောက်မှ ပို့ချမယ်၊ ဒီနေ့ ဒီလောက် Lecture နဲ့ပဲ ကျေနပ်တော့၊ ငါလည်း စိတ်ပင်ပန်းတယ်၊ နားလိုက်ဦးမယ်၊ နင်လည်း အေးအေးဆေးဆေးနားတော့၊ ငါ သူ့ကိုတကယ် လက်ထပ်မှာ မဟုတ်ဘူး"

ပြောရင်းနှင့် နောက ကိုတို့အခန်းထဲကနေ ခပ်သွက်သွက် လှမ်းထွက်လာခဲ့သည်။

နော တံခါးဝရောက်သည့် အချိန်မှာတော့ ကိုကို့ရဲ့ ဆောင့်အင်အင်သံကြီးကို မခံချိမခံသာ ကြားလိုက်ရပြန်သည်။

"ဟင်း ဟင်း ... ဟုတ်ရိုးဟုတ်ဆီ ငါ့ကိုပြောနေတာ၊ ဟုတ်လာလို့ကတော့ ဟုတ်ကွာ၊ မဟုတ်လို့ကတော့ ဟင်း နှစ်ယောက်စလုံး မသာပေါ်သွားမယ်မှတ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး၊

နောက်ကိုမျှား ကိုကို အထင်သေးပြီး မယုံမကြည်ဖြစ်နေတာ။

ပြန်ပြောပြန်ရင်လည်း အိမ်မှာ မကျွေးသားအဖက ရှိသေးတာမို့ နော ကျိတ်သည်းခံပြီးပဲ ကိုကို့အခန်းထဲက ခပ်သွက်သွက်ကလေး လှမ်းထွက်လာခဲ့လိုက်တော့သည်။

အင်း ... မနော တစ်ယောက်တော့ ...

အခုကလော အဆင်မပြေတာတွေ များနေပြီ(စကားနဲ့)ယကြာချေပေးဦးမှ ဖြစ်လိမ့်မယ် ထင်ပါသည်။

○ ❦ ○





ဒီညတစ်ညလုံး နော ဘယ်လိုမှ အိပ်ပျော်မည် မထင်တော့ပါ။ ရင်ထဲမှာ မောသလိုလို ရင်ခုန်ပြီး စိတ်လှုပ်ရှားနေသလိုလိုနှင့် နေ့လယ်က သူနှင့် လူကြီးဆုံရာရှေ့မှာ စေ့စပ်လိုက်ရသည့် ပွဲတစ်ခုက အတည်ဖြစ်သွားပြီမို့ နောရင်ထဲမှာ တကယ်အမောဖောက်သွားရပြီဖြစ်သည်။

ပိုပြီး ရင်မောခဲ့မိတာက သူ့ရဲ့ငွေကြေးအင်အားကြီးနှင့် တင်တောင်းခဲ့သည့် သိန်းလေးထောင်ဂဏန်းကြီးပင်။

ဒီဂဏန်းကြီးက နောနှင့်သူ စေ့စပ်ပွဲပျက်မယ်ဆိုတောင် ရာဇဝင်တွင်ကျန်ခဲ့မယ့် ဂဏန်းကြီး။ (နောကိုတင်တောင်းတာ သိန်း ၄၀၀၀ ... ၄၀၀၀ တဲ့။)

"အင်း ... ကိုချစ်မင်း ... ကိုချစ်မင်း၊ လူလည်ကလည်းကျွတ်ပါ၊ နာမည်နဲ့ လူနဲ့လည်း လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အိပ်မပျော်နိုင်သေးဘဲ နေ့လယ်က လူကြီးစုံရာရှေ့မှာ သူ့ရဲ့အကြည်နွေးနွေးတွေနှင့် ပီတိသောမနသ ဖြစ်နေသည့် အပြုံးတွေက နောကို ရင်ခုန်ရှူးသွပ်စေခဲ့ရသည်။

တည်ကြည်ချောမောသည့် မျက်နှာထားနှင့် တစ်ချက် တစ်ချက် လွတ်လွတ်လပ်လပ် ရယ်လိုက်ရင်း ကလေးဆန်သလောက် တစ်ခါတစ်ခါ နောကို မျက်နှာတည်ကြီးနှင့် ကြည့်လိုက်ပြန်ရင်လည်း အရမ်းလူကြီးဆန်သွားသည့် သူ့ကို နော ရင်ခုန်ခဲ့မိတယ်ဆိုတာကိုတော့ တစ်ယောက်တည်း ဘယ်သူမှမသိအောင် ဝန်ခံချင်ပါသည်။

"ဝန်ခံပါတယ်၊ ကျွန်မ ရှင့်ကို ရင်ခုန်တယ်၊ ဒါပေမဲ့ ဒီနေ့ စေ့စပ်ပွဲကိုတော့ နောက် လေးလလောက်ကြာရင် ဖျက်ပစ်ရမှာက ဖျက်ပစ်ရမှာပဲ၊ ကျွန်မ ဒီစေ့စပ်ပွဲကို ဘာကြောင့် ဖျက်တယ် ဆိုတာကတော့ ရှင် ကောင်းကောင်းနားလည်သဘောပေါက်လိမ့်မယ် ထင်ပါတယ်"

သဘောမပေါက်တော့လည်း အဲဒီအချိန်ကျမှ နော ပညာပြရတာပေါ့လေ။





အခုလောလောဆယ်တော့ သူ့အရှေ့မှာ အရှုံးကြီး ရှုံးခဲ့ရသည့် မနောရ ဖြစ်ခဲ့ရသည်။

အဲဒီလို ခံယူခဲ့ရတဲ့ ဘဝကို နော မုန်းတာ။

မုန်းပေမယ့်လည်း မာမီနှင့် သူ့အဖေ ချက်ချင်းလက်မထပ်ရရေးအတွက် နောက အခုလို စေ့စပ်ပွဲကို လက်ခံပြီး လေးလစီမံကိန်းကြီးနှင့် ကြိုတင်ပြင်ဆင်လိုက်ခဲ့တာပဲဖြစ်သည်။

အင်း ... သူကတော့ အခုလောက်ဆိုရင် လိုချင်တာကို ရသွားပြီမို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီလားမသိ။ (ညဉ့်ကလည်း နက်ပါပြီ)။

မနက်ကတော့ နောကို တပြုံးပြုံးနှင့်ကြည့်ပြီး ပီတိလွှမ်းမိုးနေသည့် သူ့မျက်နှာကြီးက နော ရင်ထဲကို အခံရခက်ကာ တစ်ယောက်တည်း ကြိတ်မနိုင်ခဲမရ ဒေါသဖြင့် အံကြိတ်လိုက်နှင့်ဖြစ်နေချိန်မှာပဲ နော ခေါင်းရင်းက ဖုန်းကလေးက တတူတူ မြည်လာပါတော့သည်။

ဟော ... ပြောရင်း ဆိုရင်း သူ ဖုန်းဆက်လာပြီ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက တဇာတု မြည်နေသည့် ဖုန်းကလေးကို ဖျတ်ခနဲ ကောက်ကိုင်ပြီး အသံဝပ်မာမာဖြင့် အသံပြုလိုက်သည်။

"ဟယ်လို"

"အား ... အသံကလည်း ကြောင်လိုက်တာ Baby လေးရယ်"

"ယောက်ျားဖြစ်ပြီး ရှင် ဘာဖြစ်လို့ အဲဒီလို (ညုသလို) တစ်ဖက်မိန်းကလေးရင်ကို ထိစေတဲ့ စကားမျိုး လျှောက်ပြောရတာလဲ"

"ဟော် ... ဒါလား၊ ဟဲ ... ဟဲ ... ညည်း ရင်မခုန်အောင်"

"ကျွန်မ ရင်ခုန်မယ်လို့ ရှင်က ထင်သလား"

"မခုန်လို့လား"

"လုံးဝမခုန်ဘူး၊ ရှင့်ကိုတောင် အထင် small သေးတယ်"

"ဟုတ်လား၊ ဟား ဟား ... နော့ ဘာပဲဖြစ်ဖြစ် မင်း ဒီနေ့ စေ့စပ်ပွဲကိုတော့ ရင်ခုန်မှာပါနော်"

တစ်ဖက်မှ နောရဲ့ဂျစ်တူးတူး အသံကလေးက သူ့နားစည်ထဲကနေ နှလုံးသားထဲကို တစ်ရှိန်ထိုး စီးဝင်သွားခဲ့





သည်တွင် သူ ဘယ်လိုကြီး ခံစားလိုက်ရမှန်း မသိအောင် ရင်တစ်ခုလုံး မြင့်မောက်ခုန်တက်သွားတော့သည်။

ဟား ... တကယ်ပါကွာ။

မင်းလေးကို ကိုယ် နှောင်ဆံယ်သက်အထိ ဆက်ချစ်ခွင့်ရရင် ဘယ်လောက်များ ကောင်းမလဲဟင်။

သူ့ရင်ထဲက စကားတွေက သူ့ရင်ထဲမှာပဲ ခုန်ပေါက်သွားခဲ့ပြီး သူ ငြိမ့်ငြိမ့်လေး ခံစားကာ မျက်ဝန်းကြီးမှိတ်ထားတုန်းမှာပဲ နောအသံမာမာလေးက သူ့အသည်းကို အဖျားခတ်သွားရလေသည်။

"အင့်"ခနဲတောင် မြည်သွားသည် ထင်မှတ်ရလေသည်။ အဲဒီလောက်အထိ သူမလေးရဲ့စကားလုံးက ကြီးတာ။

"ဒီစေ့စပ်ပွဲက လုပ်စေ့စပ်ပွဲကြီးဟာ၊ ကျွန်မ ရင်ခုန်စရာမှ မဟုတ်တာ"

"နော ... မင်း"

နောရဲ့စကားကြီးက သူ့ရင်ထဲက ရင်ခုန်ချစ်ခြင်းတွေကို နှလုံးသားထဲ ပြန်ကျုံ့ဝင်သွားသလို စူးနင့်ရှိဝေစွာ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်၊ တစ်နိုင်ငံလုံးသိအောင် သတင်းစာထဲမှာ စေ့စပ်ကြောင်းလမ်းခဲ့ပေမဲ့"

"နော ... မင်းစကားတွေနော်၊ ရင့်နေပြီ"

"သြော် ... ရှင်က ရှင်တို့လုပ်ဇာတ်ခင်းထားတာကျ မရှက်ဘူးပေါ့၊ အနုနည်းနဲ့ ချုပ်တီးထားတာကိုး"

"Baby ... ငါ စိတ်ညစ်တယ်ကွာ၊ မင်း ငါ့ကို ရန်မထောင်စမ်းနဲ့၊ ငါစိတ်ညစ်ရင် မကြွေးမပြန်ဘဲနေပြီး အရက်လျှောက်သောက်ပစ်လိုက်မှာနော်"

"ရှင့်ဘာသာ အရက်သောက်သောက်၊ အဆိပ်သောက်သောက် ကျွန်မ ဂရုမစိုက်ဘူး"

နောရဲ့အသံစွာစွာလေးက သူ့ရင်ထဲက ဒေါသကိုပိုပြီး တုလိပ်လိပ် ကြွတက်လာတော့သည်။

ရင်ထဲမှာရှိတဲ့အတိုင်း ပေါက်ကွဲပြန်ရင်လည်း သူနဲ့သူဟာ မငြိမ်းသောမီး ဖြစ်ဦးမည်။

အား ... ပေရှည်ပါတယ်ကွာ။

စကားဖြတ်ပြီး အိပ်တာပဲ ကောင်းတယ်။

"အိပ်ပြီး စိတ်ကူးယဉ်မယ်၊ ဒါ အကောင်းဆုံးပဲ" ဟုဆိုကာ ...





ဆုံးဖြတ်ချက်တစ်ခုကို အပီချပစ်လိုက်ပြီး သူချစ်သည့် သူမလေးကို တစ်နာရီလောက် စကားပြောမယ်လို့ ဆုံးဖြတ်ထားသည့်ရင်က ဆယ်မိနစ်လောက်နဲ့တင် စခန်းသိမ်းချပစ်ဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

သင်း အခုလောက်ဆို ခုတင်ပေါ်ကနေ မျက်လုံးကလေးမှေးပြီး ဖုန်းကို မျက်စောင်းချိတ်လိုက်၊ နှုတ်ခမ်းမဲ့လိုက်နှင့် လုပ်နေမည့် ကိုယ့်ချစ်သူ ကောင်မလေး (ဒီကနေ့ စေ့စပ်လိုက်သည့် Baby လေးကို) သူ နောက်ဆုံးပိတ် နှုတ်ပိတ်ချစ်ခွန်းခြွေဖို့ မျက်လုံးအကြည့်တွေ ရီဝေသွားရကာ ရင်ထဲက လေးနက်ရှတသည့် အသံကြီးနှင့် ဆိုလိုက်မိပြန်သည်။

"Baby ကိုယ်တို့ စကားစခန်းသိမ်းစို့ Baby (You're my No.1 ... I love you"

ရင်ထဲက စကားတွေကို ဆိုလိုက်ပြီးချိန်မှာတော့ တစ်ဖက်မှာ သူမလေးရဲ့စကားပြန်ကို မစောင့်တော့ဘဲ ရင်ခုန်သံစဉ်တွေကို ငြိမ့်ငြိမ့်ကလေး လွှတ်ချပေးလိုက်မိကာ သူ ဖုန်းကလေးကို နှုတ်ခမ်းကလေးဖြင့် ဖိအပ်နမ်းရှိုက်ပြီး ဖျတ်ခနဲ ပိတ်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



Baby ...

မင်းဟာ ငါ့ရဲ့တစ်ဦးတည်းသော ချစ်ရသူပါကွာ။

မင်းဟာ ကံကောင်းတဲ့ မိန်းကလေးပါ။

○❦○





## ❦ ၁၁ ❦

သူပြန်သွားပြီး တစ်လကျော် ကြာသည်အထိ သူ့ဆီက ဖုန်းကလေးတစ်ချက်တောင် ဆက်လာဖော်မရသည့် သူ့ရဲ့ လျစ်လျူရှုမှုတွေကို နော မခံချင်စိတ်သီးကာ ကြိတ်ထားသည့် အကြိုအစည်တွေက တစ်ရစ်ပြီး တစ်ရစ် ရှေ့တိုးခဲ့ရလေတော့သည်။

အင်း ... နောက်တစ်လလောက် ကြာရင်တော့ ရှင်ပေါက်ကွဲသံစဉ် ဖြစ်တော့မယ်လေ၊ ကိုချစ်မင်း။

အခုလောလောဆယ်တော့ ရှင် ကျွန်မကို ဖုန်းမဆက်ဘဲ မျိုသိပ်ထားဦး၊ မျိုသိပ်ထားပါဦး ဆိုပြီး တိတ်တိတ်ကလေး ကြိမ်းနေတုန်းမှာပဲ။

"တူ ... တူ ... တူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့အကြောင်းကို တွေးနေသည့် အတွေးတွေတောင် မဆုံးသေးချေ။ ညအချိန်မတော် မြည်လာသည့် ဖုန်းသံက သူ့ဖုန်းပဲဆိုတာကို နော တပ်အပ်ထင်ပြီး ဖုန်းကို ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"နော ... ကိုယ်ပါ"

ထင်သည့်အတိုင်းပင် သူ ဖုန်းဆက်လာပြီမို့ နောက ရင်လေးတွေ ခုန်မြည်သွားခဲ့ရတဲ့ ကိုယ့်အဖြစ်ကိုယ် နည်းနည်း ရှက်သွားရလေသည်။ (အိုး ... ရှက်စရာလားကွယ်)။

နော ကိုယ့်အဖြစ်ကိုယ် ရှက်လွန်းလို့ မျက်လွှာလေး တစ်ချက် သိမ်းပြီးမှ ...

"အင်း ... ပြော"

"ပြောဆို ချစ်တဲ့အကြောင်းပဲ ပြောရမှာပေါ့နော်"

"ရှင့်ဘာသာ ဘာပြောပြော"

"နားထောင်ချင်နေတာ ကြာပြီပေါ့နော်"





"ဘာပြောတယ်"

တစ်ဖက်က သူ့ရဲ့ခနိုးခနဲ့ ရယ်သံနှင့် အပြောက နောရဲ့အလွှမ်းတွေကို ချက်ချင်းပျောက်သွားရကာ ဒေါသက မိုးထိ မြင့်တက်သွားရလေပြီ။

ကြည့်ပါလား။

အမြဲတမ်း ရန်ဖြစ်ဖို့ တိုက်ကွက်လုပ်နေသည့်သူ့ကို နောက ကိုယ်နဲ့စေ့စပ်ထားတဲ့လူ။

တစ်ချိန်ကျ ကိုယ်လက်ထပ်ရမယ့်လူ ဆိုပြီး ဘယ်လို ဆုပ် အထင်ကြီးလို့ ရမှာလဲ။

အထင်ကြီးလို့မရတဲ့အပြင် မုန်းတဲ့စိတ်က နှလုံးသားထဲက မထွက်စတမ်း ဖြစ်နေခဲ့တာဟာ နောရင်ထဲက သူနှင့် တော်သက်ပြီး ပူလောင်မှုတွေပဲ ဖြစ်ခဲ့သည်။

အခုလည်းကြည့် နောကိုများ သူ ချစ်ပုံပြင်ပြောမှာ ကို အငမ်းမရ ငံ့လင့်စောင့်ဆိုင်းနေသူလို့ ဖုန်းနဲ့တင်သွင်းလာတာ ဖြစ်နိုင်ရင် နော ဖုန်းကို ခွပ်ခနဲ ပစ်ချပြီး ပိတ်ပစ်လိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေသည့် (သည်းခံ ... သည်းခံ ... ရှေ့မှာအခန်းဆက်တွေ ရှိသေးသည်ဆိုသည့် အသိက) သည်းခံစိတ်၊ ကြိတ်မှိတ်မွေးယူနေရပြီး အခုထိ တအိအိ သဘောကျမဆုံး ဖြစ်နေသည့် သူ့ကို ဖုန်းထဲကနေပဲ တနင့်တနည်း ဆဲပစ်လိုက်တော့သည်။

"ရှင် ဘာတွေကိုများ ဒီလောက်အထိ သဘောကျပြီး ရယ်နေရတာလဲ"

"ဟဲ ဟဲ ... မင်း ငါ့ကို သတိရနေပုံ လွမ်းနေပုံလေးကို သနားလွန်းလို့ပါကွာ"

ဘယ်အချိန်က နော သူ့ကို သတိရပါတယ်လို့ ပေါ်လွင်အောင် ပြောခဲ့မိသည် မသိတာကြီးကို သူက ကောက်နှုတ်တင်ပြလိုက်သည်တွင် နော မျက်နှာတစ်ပြင်လုံး ရေနွေးငွေ့ ဟပ်သွားသလို ပူဖျင်းဖျင်းကြီး ဖြစ်သွားရလေသည်။

သူဟာ ဘာဖြစ်လို့ နောရဲ့ရင်တွင်းခံစားချက်ကို ဒီလောက်အထိ ပုံဖမ်းဆုပ်ကိုင်နိုင်ရတာယ် မသိ။

ခက်လိုက်တာ ကိုချစ်မင်းရယ်၊ ရှင့်ကိုတော့ ကျွန်မ ပိုပြီးအငြိုးကြီးမိတော့မယ်၊ သိလား။





"ဟော ... ငြိမ်လိုက်တာကွာ၊ ကိုယ့်ဖုန်းကို မျှော်နေတာလားဟင် ညီမ"

ပြောလိုက်သည့် အရာတိုင်း တစ်ကွက်ကြော့ကြီး ပြောနေတာ သူ့ကိုယ်သူ လူချမ်းသာကြီးဆိုပြီး ဂုဏ်အရှိန်နှင့် မြောက်ကြွ ဂုဏ်တက်နေတာလား မသိ။

ဒီလိုဆို နောတို့က တစ်ကွက်ကျော့မပေးဘဲ သူ့ကို ပြန်ပြီး ရင်ပြည့်အောင် ပြန်ဆော်ရမည်ဖြစ်သည်။

ဒီစကားကို နောက်နှစ်လလောက်ကြာမှ ပြောမယ်လို့ စဉ်းစားထားတာ၊ အင်း ... အခုပြောလိုက်ရ ကောင်းမလား။

သူမ ဘာမှစဉ်းစားခန်း ထုတ်မနေချင်တော့ဘဲ တစ်ဖက်မှ အပိုင်အနိုင် ဖြစ်နေသည့်သူ့ကို Heart ထိသွားအောင် သွေးတိုးစမ်းစကား ဆိုပစ်လိုက်သည်။

"ရှင့်ဖုန်းကို မမျှော်ပါဘူး၊ ရှင် ဖုန်းမဆက်ဘဲနေတော့ ကျွန်မက Boy friend တွေနဲ့ ပိုပြီး သူငယ်ချင်းလုပ်တမ်း ကစားလို့ ရတာပေါ့"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ကိုယ့်ထိတော့ ဆတ်ဆတ်ခါ နာသွား တတ်လိုက်တာ၊ အခုလည်း ချစ်မင်း ဆိုတဲ့လူသား ဆတ်ဆတ်ခါ နာသွားပုံကြီးကို နော က မြင်ယောင်ရင်း တအိအိရယ်ချလိုက်ပါ တော့သည်။

"အဟင်း ... ဟင်း"

အင်း ... ဒီတစ်ခါတော့ ရှင့်အလှည့်ပေါ့ ကိုချစ်မင်း။

"မင်း စကားပြင်ပြောစမ်း နော"

"ဘာလဲ ကိုချစ်မင်း"

"Boy friend တွေနဲ့ သူငယ်ချင်း လုပ်တမ်း ကစား တာ"

"အဲဒါ အမှန်တရား အတွက်ပဲ၊ ပြင်လို့မရ ... စာပြင် မရှိ"

"နော ... မင်း ... မင်း"

"အင်း ... ပြောလေ၊ ဘာပြောဦးမလဲ"

"နောရယ် ... မင်း ကိုယ့်ကို စိတ်မရှည်အောင် ဆွပေး သိပ်မလုပ်ချင်စမ်းနဲ့ကွာ၊ ကိုယ် ဘာကိုမှ ဂရုစိုက်မှာမဟုတ် ဘူးနော်၊ မင်း ကိုယ့်စိတ်ကို သိပါတယ်"





တစ်ဖက်မှ သူ့အသံမာမာကြီးက နော အခုပြော လိုက်သည့် စကားကို ဘယ်လောက်အထိ အခံရခက် နာလှုံးပေါက် သွားတယ်ဆိုတာကို ကောင်းကောင်း သဘောပေါက်သည့် နောက နှုတ်ခမ်းလှလှလေးကို စုချွန်ပြီး အမိုးပေါ် မော့ကြည့်ပြုံးပစ်လိုက် တော့သည်။

အဲဒီလို တစ်ဖက်မှ သူ အခံရခက်နေတာကြီးကို နော လှလှပပ သရော်ကောင်းနေဆဲ သူ့အသံကြီးက အလွှမ်းသံ ကြီး ပေါက်သွားပြီး နှုးညံ့ရိုဝေစွာဖြင့် နော နှလုံးသားတွေ တလှုပ်လှုပ် ပုတ်တင်းခတ်သွားအောင် ဆွဲဆောင်သိမ်းသွင်းလိုက် ပြန်သည်။

"ညီမ ... အစ်ကို ရန်မဖြစ်ချင်ဘူးကွာ၊ ရန်ဖြစ်တာကြီး ကို ငြီးငွေ့တယ်၊ ညည်းက ရန်ဖြစ်စကားပဲ လျှောက်ပြော နေတာ"

"လျှောက်မပြောပါဘူး"

"ဒါဆို ထိုင်ပြောနေတာလား"

"အင်း ... ဟုတ်တယ်၊ အဟိ"



www.burmeseclassic.com

www.burmeseclassic.com



"အရူးမလေး"

သူ ပြန်ကြည့်သွားပြီမို့ နော်လည်း ပြန်ပြီးရင်ချောင်သွားခဲ့ရသည်။

အဲဒီခဏမှာပဲ ရင်တွင်းခံစားသံကြီးနှင့် ဆက်ပြောလာခဲ့သည်။ သူ့စကားက နော်ရင်ကို အချစ်လှိုင်းလုံးကြီးကြီးထိမှန်သွားခဲ့ရလေတော့သည်။

(အချစ်လှိုင်းလုံးကြီးက ဘယ်သူ့အချစ်လှိုင်းကြီးလဲ ဆိုရင် သူ့အချစ်လှိုင်းလုံးကြီးရယ်ပါ။)

"ညီမ အချစ်ကို ခံစားလို့မရသေးဘူးလားဟင်၊ မရသေးဘူးဆိုရင် အစ်ကို သင်ပေးမယ်နော် ... ဟုတ်လား၊ အင်း ... အချစ်ဆိုတာ နှလုံးသားထဲက လေးနက်မှုနဲ့ ဖြစ်တည်လာတဲ့ ခံစားမှုပဲ အချစ်ကို လိမ်လို့မရဘူး ညာလို့မရဘူး၊ ငါဒီလူကို လူမှုရေးနဲ့ပတ်သက်ပြီး မုန်းလိုက်တာလို့ ဆိုချင်ပေမယ့် မုန်းလို့မရဘူး၊ နာကြည်းလို့မရဘူး၊ အချစ်က အချစ်ပဲ၊ နှလုံးသားနဲ့ပဲ ဆိုင်တယ် ညီမ"

အံမယ် ... သူကလည်း အလာကြီးပဲ။





စိတ်ကြွပ်သလိုလိုနှင့် အနုအရွကျ ဖန်တီးပြောဆိုတတ်သား။

မဆိုးဘူး (ရှင့်ကို ကျွန်မ နည်းနည်းအထင်ကြီးသွားပြီ)။

ရှင်သာ ဆက်ပြော။

ကျွန်မ နားထောင်နေမယ်။

"ညီမ နားထောင်နေသလားဟင်"

"အင်း"

တစ်ဖက်မှ သူ့ရဲ့လှမ်းမေးသံကို နော်က ရင်ခုန်စွာ မျက်စိမှိတ်ပြီး အင်းလိုက်လိုက်သည်။

"နားထောင်လို့ရော ကောင်းလား"

"အင်း"

"အိုခေ ... ဒါဆို ဆက်ပြောမယ်၊ နားထောင်နော် ညီမ၊ ကိုယ့်ရင်ထဲမှာ ဟိုးလွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက အရပ်ရှည်ရှည် အသားဖြူဖြူနဲ့ ကြယ်ကလေးလို တလက်လက် တောက်နေတဲ့ မျက်လုံးပိုင်ရှင်လေးကို စွဲလမ်းသွားတာ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထုန်းက အဲဒီကလေးမလေးက ဖခင် တစ်ယောက်လုံးကို အပြီးဆုံးရှုံးလိုက်ရလို့ သောကရောက်နေတဲ့ အလွမ်းမျက်နှာလေးနဲ့ပေါ့၊ သာမာန် ဘာမာန ဘာအငြိုးမှ မရှိခဲ့သေးဘူး၊ ပကတိ ဖြူစင်ရိုးသားခဲ့တယ်လေ"

ဩော် ... သူက နောကို ဖေဖေ့အသုဘမှာ စတင်တွေ့ဆုံခဲ့တာပါလား ဆိုတာကြီးကို နော ရင်ခုန်စွာ မှတ်သားလိုက်မိပြန်သည်။

ဒါဆို ရှင်က နောကို အသက်ဆယ့်ခုနစ်နှစ်သမီးကတည်းက မြင်ဖူးပြီး စွဲလမ်းသွားခဲ့တာပေါ့။

အခုမြင် အခုကြိုက်ကြီး မဟုတ်ရဘူးပေါ့။

ဒါဆို ရှင် တော်တယ်။ (ရှင့်ကို တစ်မှတ်ပေးလိုက်ပြီ)။

ဆိုပြီး နောတစ်ယောက်တည်း ကျေနပ်စွာ တိတ်တိတ်ကလေး ကျိတ်ပြုံးလိုက်ချိန်မှာ သူ့ရဲ့ဆွဲငင်မှုပြည့်သည့်အသံကြီးက နောရဲ့မချစ်ချင် ချစ်ချင် ဖြစ်နေသည့် နှလုံးသားလေးကို ဆွဲဆောင်သိမ်းသွင်းလိုက်ပြန်ပြီ။





"အဲဒီတုန်းက ဘာအငြိုးမှ မရှိ၊ ဘာမာနမှမရှိတဲ့ အသက်ဆယ့်ခုနစ်နှစ်အရွယ် ချာတိတ်မလေးဟာ အခု အသက်နှစ်ဆယ်အရွယ်ရောက်လာတော့ သူ့မလေး သိပ်ချစ်တဲ့ မာမီရဲ့ လူမှုရေးနဲ့ ပတ်သက်ပြီး သူ့ထက် အသက်ငါးနှစ်ကြီးတဲ့ စက်ရုံ G.M ကြီးကို မုန်းနေပြန်သတဲ့ ..."

သူ ပြောတတ် ဆိုတတ်ပုံကြီးကို နော ကျိတ်ပြီး ကြည်နူးရင်ခုန်နွှန်း မြန်နေသည့် အချိန်မှာပဲ သူ့အသံကြီးက အရှိန်ကောင်းစွာ ထွက်လာပြန်သည်။

"အဲဒီအမုန်းတွေကို စက်ရုံ G.M ကြီး ချစ်မင်းကိုကိုက ကျိတ်သည်းခံပါတယ်၊ ဘယ်လောက်အထိ သည်းခံသလဲဆိုရင် ကောင်မလေးက သူ့ကိုစားရွယ်ပြီးတော့တောင် ကြိမ်းသတဲ့၊ ရှင် မသေချင်သေးဘူးဆိုရင် ကျွန်မကို ဒီအခန်းထဲက လွှတ်ပေးတဲ့၊ အဲဒီလောက်ဆိုးတဲ့ ကလေးမလေးကို G.M ကြီးရဲ့ သူ့အပေါ် ဆိုးလွန်းတဲ့ ကလေးမလေးအပေါ် ချစ်တဲ့အချစ်အကြောင်းတွေ အတိုချုပ်ပါ၊ ဒီလောက်ဆို ကျေနပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ချက်ချင်းကြီး ဖုန်းပိတ်သွားပြီဖြစ်တဲ့ သူ့ရဲ့ အဆန်းဆုံးလုပ်ရပ်နှင့် အဆန်းဆုံး စကားသစ်ကလေးတွေကို နော ရင်ခုန်ကြည်နူး မြတ်နိုးမဆုံး ဖြစ်သွားရကာ မျက်ဝန်းလှလှလေးတွေကို ယောင်ယမ်းမှိတ်ထားမိသည်။ ပြီးမှ အသက်ဝဝရှိုက်ရှူကာ ဖုန်းကလေးကို ပိတ်လိုက်ရပြီး ခုတင်ကြီးပေါ် တုံးလုံးပစ်လှဲချလိုက်မိပါတော့သည်။

အို့ ... ကျွန်မ ဘယ်လိုခံစားချက်ကြီးမျိုး ခံစားနေရတာပါလိမ့် အရှင်။

(ထူးဆန်းလိုက်တာ)။

○ ❦ ○



## ၁၂

စေ့စပ်ပြီးလို့ နှစ်လတိတိပြည့်သည့်အချိန် လက်ထပ်ဖို့ နှစ်လခွဲလောက်ပဲလို့တော့သည့် အချိန်တစ်ခုမှာ သူက ဖုန်းမဆက် ဘာမဆက်နှင့် နောတို့ဆီသို့ ပေါက်ချလာခဲ့သည်။

အဲဒီနေ့က နော သူငယ်ချင်း Birth day သွားဖို့ အဆင်သင့်ဖြစ်နေပြီး ကားပေါ်တက်ခါနီးမှ သူ့ကားကြီး ခြံထဲကို "ဝေါ"ခနဲ ထိုးဝင်လာခဲ့တာကို နောက အံ့သြသွားသည့် မျက်ဝန်းဝိုင်းကလေးတွေနှင့် မော့အကြည့်၊ သူ့ရဲ့ ကာဒီလက်ကားကြီးက နောရပ်ထားသည့် နောရဲ့ Mark II ကားလေးဘေးသို့ ထိုးရပ်လိုက်တာဖြစ်သည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း Birth day ကိုသွားဖို့ အားလုံးအဆင် သင့်ဖြစ်ပြီးမှ အခုလို ရောက်လာသည့် သူ့ကို ညေ့ခံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာမို့ နော်က သူ ကားပေါ်မှာ အပြုံးနုနုတွေ နှင့်ဆင်းပြီး လျှောက်လာတာကို ခဏရပ်စောင့်နေလိုက်ပြီး ရင်မော စွာ သက်ပြင်းလေး ကျိတ်ချလိုက်မိသည်။

"ဟင်း"

သူ ဘာမျှ ဂရုဂရောင် ကျဦးမည်မသိ။

"နော် ကိုယ့်ကိုတောင် အပြုံးကလေးတစ်ခုနဲ့ ကြိုဖော်မရ ဘူး"

"ကျွန်မ သူငယ်ချင်းမွေးနေ့ သွားမလို့"

နော်က မျက်နှာတည်လေးနှင့် တိုက်ထဲကို တစ်ချက် ကြည့်ပြီး သူ ဆွဲကိုင်လိုက်သည့် လက်ကလေးကို မသိမသာ ရုန်းပစ်လိုက်သည်။

"ကိုကို အိမ်ထဲမှာ ရှိတယ်"

"ကိုကိုရှိတော့ ဘာဖြစ်လဲ၊ ကိုယ်နဲ့စေ့စပ်ထားတဲ့ မိန်းက လေးလက်ကလေးကိုတောင် ကိုင်ခွင့်မရှိတော့ဘူးလား"



"ဟာ ... ရောက်ရောက်ချင်း စကားကို ကပ်မပြောနဲ့နော်၊ သွား ... သွား၊ အိမ်ထဲဝင်ပြော၊ မာမီတော့မရှိဘူး၊ ကျွန်မ မွေးနေ့ပွဲသွားရဦးမယ်၊ အချိန်နောက်ကျနေပြီ"

"နေပါဦးကွာ၊ မွေးနေ့ပွဲက အရေးကြီးသလား ကိုယ်က အရေးကြီးသလား"

စကားကို ကပ်ပြောနေပြီဖြစ်တဲ့ သူ့ရဲ့ တည်ကြည် ချောမွေ့သည့် မျက်နှာတည်ကြီးကို နော် စိတ်ပျက်လက်ပျက် စိုက်ကြည့်လိုက်မိသည်။

နော် မျက်လုံးထဲမှာ ဇပို့ရှပ် အဝါနုရောင်ကလေး နှင့် ဂျင်းအောင်းဘီရှည်ကို တွဲဝတ်ထားသည့် သူ့စတိုင်က အထူးယောကျ်ားပီသပြီး ကြည့်ကောင်းခဲ့ပေမယ့် စိတ်ဓာတ်က ရုပ်နှင့်ဆန့်ကျင်ဘက် မချောမွေ့ခဲ့တာက သွားခါနီး လာခါနီး နော့အတွက် စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။

စိတ်ညစ်ညစ်နှင့် သူ ဆုပ်ကိုင်ထားသည့် လက်က လေးကို ရုန်းမိပြန်တော့လည်း သူက လွှတ်မပေးခဲ့တာမို့ နော် ငိုချင်စိတ်ပေါက်သွားကာ ဆတ်ခနဲ မျက်နှာလေးလွှဲလိုက်မိသည်။ အဲဒီအချိန်မှာ ခါးကြီးနှစ်ဖက်ထောက်ကြည့်လာသည့် ကိုကို့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသဖြင့် နော ပါးစပ်ကလေး ဟောင်းလောင်းဖြစ်သွားသည်အထိ အံ့သြထိတ်လန့်သွားရပါသည်။

"ကိုကို"

"အဲဒါ ဘာဖြစ်နေတာလဲ"

ကိုကိုက ပြောလည်းပြော သူနှင့် နော ရှိရာကို လျှောက်လာခဲ့သည်တွင် သူက ဆုပ်ကိုင်ထားသည့် နောလက်ကလေးကို ဖျတ်ခနဲ ဖြေလွှတ်လိုက်လေသည်။

ဟွန်း ... ကိုကို့ကျ ကြောက်လိုက်တာ။

ဟိုက အဆုံးအမကြမ်းတာကိုး (ကြောက်မှာပေါ့)။

"ဟော့ကောင် မင်း ငါ့ညီမအရှေ့ကနေ ကာဆီးကာဆီးနဲ့ ဘာလုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူးကွာ၊ ဒီမှာ မင်းညီမက မွေးနေ့သွားစရာ ရှိလို့ပြောနေတာ၊ နေဦး နော၊ ကိုယ်ပါ မင်းသွားမယ့်မွေးနေ့ကို လိုက်မယ်"

"ဟာ ... လိုက်လို့ဖြစ်မလား ဒုက္ခပဲ"

"နော ... နင့်ကိစ္စ နင်သွား၊ ဒီကောင့်ကို ဧည့်ထောက်ခံမနေနဲ့"





ကိုကိုက ဒေါသတကြီးဝင်ကန့်ကွက်လိုက်သည်တွင် သူက ရှုံ့ရှုံ့ရှားရှား ဒေါပွသွားပြီး နောအရှေ့မှာ ကာဆီးရပ်လိုက်ပြန်သည်။

"နော ... မင်း မသွားရဘူး၊ ငါ ရောက်နေတဲ့ကြားက မင်း အခု သွားစရာမလိုဘူး"

"ဟ ... ဘာဆိုင်လဲ ချစ်မင်း၊ မင်းတော့နော် သက်သက် ပြဿနာဖြစ်အောင် မလုပ်နဲ့"

"ယေဘုံရ ... မင်း ကာဆီး ကာဆီးနဲ့ ဝင်မပါနဲ့"

"ဝင်ပါတယ်၊ ဝင်ပါတော့ မင်းက ဘာဖြစ်ချင်သလဲ"

ပြောပြောဆိုဆို ကိုကိုက သူ့ကို လက်သီးပစ်ကျွေးမလို့ လက်သီးကြီးကိုပင်အမြှောက် နောက ကိုကို့အရှေ့က ကွယ်ရပ်လိုက်ပြီး ဖျန်ဖြေလိုက်ရတော့သည်။

"ကိုကို မလုပ်နဲ့၊ ကိုချစ်မင်း ရှင်ကလည်း ရောက်လာတာနဲ့ ဂြိုဟ်မွှေဖို့ကြည့်မနေနဲ့၊ ကျွန်မ သွားစရာရှိတဲ့လမ်းကို သွားတာ၊ အဲဒီမှာ ရှင့်ကို စကားပြောမယ့်သူ မရှိရင် ဧည့်ခန်းမှာ အချေထိုးကြည့်နေ၊ ကျွန်မ တစ်နာရီအတွင်း ပြန်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … တစ်နာရီအပြင် မင်း ပိုမကြာစေနဲ့နော်"

အလှူရှင်မှန်းသိအောင် ကိုကို့အရှေ့မှာ မဣာပ်တိုင် တက်ပြလိုက်သည့် သူ့ကို နော တစ်ချက် မအီမသာ စိုက်ကြည့်ပြီး ကားပေါ် ဖျတ်ခနဲ တက်ကာ ကားစက်နှိုးပြီး မောင်းထွက်လာခဲ့လိုက်တော့သည်။

သူနှင့် ထပ်စကားပြောနေရင် ထပ်ပြီး အရစ်ရှည်ဦးမယ်။ အခုလို အမြန်ဆုံး ကားမောင်းထွက်လာတာပဲ လွတ်လပ်ခွင့်ရပါတယ်။

**ဒီအချိန်မှာ သူနှင့် ကိုကို(ကမ္ဘာ့ရန်သူကြီးနှစ်ယောက်) ကတော့ ဘယ်လို တစ်ယောက်နှင့်တစ်ယောက် တိုက်စစ်ဆင်နေကြမည်မသိ။**

ဟင်း …

ရှေ့လျှောက် သူတို့နှစ်ယောက်အတွက် ရင်လေးမိပါသေးတယ်။

○ ❦ ○





သူ ဒီကိုရောက်တာ သုံးရက်ရှိပြီ။ နောနှင့် အခုထိ စကားလက်ဆုံ မကျရသေးသည့် အဖြစ်ကြီးကို ဒီကနေ့မှာတော့ သူမ မမျိုသိပ်နိုင်တော့ဘဲ အန်တီ့ကို အခုလိုပဲ ဧည့်ခန်းထဲမှာ တပျက်လက်ပျက် တိုင်လိုက်မိလေသည်။

"အန်တီ … အန်တီ့သမီး ပုံစံမကျတော့ဘူး"

အဆုံးအစမရှိ ပြောလိုက်သည့် သူ့စကားကြီးကို အန်တီက အံ့သြသွားသည့် မျက်လုံးဝိုင်းကြီးနှင့် သူ့ကို တစ်ချက်ကြည့်လိုက်သည်တွင် သူ သတိရသွားကာ ခေါင်းက ဆံပင်တွေကို တဖွဖွ ကုတ်ပစ်လိုက်ရင်းက အားနာစကား ဆိုလိုက်မိလေသည်။

"ဩော် … ဒီလိုပါ အန်တီ၊ အန်တီ့သမီးက ကျွန်တော် ရောက်တာ သုံးရက်ရှိပြီ၊ အခုထိ ကျွန်တော်နဲ့ကို စကားကောင်းကောင်း ပြောမရ ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သား အစွမ်းအဆပဲ၊ အန်တီနဲ့ ဘာဆိုင်လဲ"

"ဟာ ... အန်တီကလည်းဗျာ၊ အန်တီ့သမီး ဆိုတာကို အန်တီ သိနေတာပဲ"

"ကဲ ... အဲဒီတော့ သားက အန်တီ့ကို ဘာအကူအညီ တောင်းချင်သလဲ"

နူးညံ့ချွေးထွေးသည့် မိခင်အပြုံးမျိုးနှင့် မေးဆက်မေး လိုက်သည့် အန်တီ့ကို သူနည်းနည်း ရှက်သွားရပေမယ့် ရင်ထဲ က တောင်းဆိုချင်သည့်စကားကို တောင်းဆိုလိုက်ရသည်။

"အဟား ... ရှက်တယ်၊ ရှက်တယ် အန်တီရယ်"

"အမယ်လေး ရှက်မနေပါနဲ့၊ ပြော ... ပြော"

"သူနဲ့ ရန်ကုန်မြို့ထဲကို ဒီနေ့ လျှောက်လည်ချင်တယ်၊ အဲဒါ အန်တီက အမိန့်ထုတ်ပေးပါနော်၊ အန်တီ့သမီးက အမိန့်နဲ့မှ၊ အမိန့်မပါရင် သူက ဂလန်ကဆန် အမြဲလုပ် တယ်"

"အေး ... အေး ... ဖြစ်ရမယ်၊ ဟဲ့ ... ပြောရင်းဆိုရင်း သမီး အပြင်က ပြန်လာပြီ၊ ကားသံကြားတယ်၊ သွား



သွား ... သား ... မင်း အခန်းထဲ ခဏဝင်နေ၊ ဝင်နေပြီးမှ အန်တီ သမီးနဲ့ စကားပြောချိန်ကို မှန်းလာခဲ့ ... သွား သွား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူး အန်တီ"

သူမလေး တိုက်ထဲမဝင်ခင် အပေါ်ထပ်ကိုတက် မလာခင် သူက အမြန်ဆုံး ကိုယ့်အခန်းထဲကိုယ် ပြေးဝင်လိုက် ရတော့သည်။

ဟား ... အခုမှပဲ ရင်ထဲငြိမ်တော့တယ်။

အင်း ... ဒါဆိုရင်တော့ ဒီနေ့ အိုကေလောက်ပါ တယ်။

ဒီလိုဆို သူမနှင့် ရန်ကုန်မြို့ထဲကို လျှောက်လည်ပြီး ရင်တော့ နောက်တစ်နေ့ကို သူ မကြွေး မပြန်မဖြစ် ပြန်ရတော့ မည်။

အဲဒီတော့ မနက်ဖြန် ပြန်ကိုပြန်ရမှာမို့ ဒီကနေ့ သူမလေးနှင့် တွေ့ရဖို့အရေးကိုပဲ မျှော်တွေးပြီး သူမ ခြေသံကလေး ကို ရင်ခုန်စွာဖြင့် နားစွင့်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အပေါ်ထပ်ကို တဒုန်းဒုန်း တက်လာသည့် ခြေသံနှင့်အတူ စည့်ခန်းဝရောက်သည်နှင့် ကြားလိုက်ရသည့် သူမ အသံစာစာလေးက သူ့ကို ရင်အမောပြေသွားရလေသည်။

"ဟင် ... မာမီ ဒီနေ့ ဘယ်မှ မသွားဘူးလား"

"မသွားဘူး သမီး၊ ဒီနေ့ မာမီ နားတယ်၊ ကဲ ... လာပါဦး သမီး၊ မာမီ သမီးကို ပြောစရာရှိလို့"

နီစွရှူဝ စိန်အရောင်းအဝယ်ကိစ္စနှင့် အပြင်ကို သွားတတ်သော မာမီက ဒီနေ့ နားတယ်ဆိုတော့ အင်း ... အကြောင်းထူးများ ရှိပြီလား ...။

ဘာအကြောင်းထူးဖြစ်ဖြစ် ဝါတွင်းကြီးတော့ နော်ကို သူ ဘယ်လိုမှ နားပူနာဆာလုပ်လို့ ရမည်မဟုတ်။

အခုလည်း မာမီ ပြောမယ့်စကားက သူနဲ့ပတ်သက်ပြီး ပြောမှာပဲ ဆိုတာကို အတပ်သိသည့် သူမက မကျေမနပ်ဖြင့် နှုတ်ခမ်းကလေးက တွန့်မဲ့သွားရကာ မျက်လုံးတွေက ထန်သွားရသည်။





"ဘာလဲ မာမီ"

မာမီနှင့် မျက်နှာချင်းဆိုင် ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်သည်တွင် မာမီက မျက်ခုံးကြီးတစ်ချက်ပင့်ပြီး ...

"သမီးနဲ့ ချစ်မင်း အဆင်မပြေဘူးလား"

"ဘယ်တုန်းက အဆင်ပြေတာ တွေ့ဖူးလို့လဲ"

"အေးလေ ... အခု အဆင်ပြေတာ တွေ့ချင်တယ်၊ သမီးနဲ့ သား တစ်ခါမှ အဆင်ပြေတာမတွေ့တော့ မာမီ စိတ်မချမ်းသာဘူး"

"နော်ကတော့ စိတ်ချမ်းသာတယ်"

ဂျစ်ကျကျပြေလိုက်သည့် နော်ကို မာမီက မျက်ဝန်းတစ်ချက်လှန်ကြည့်ပြီး မျက်ဝန်းအရောင် ပြောင်းသွားကာ စည့်ခန်းအဝကို လှည့်ပြီး ...

"ဩော် ... သား၊ လာကွယ်"

"ဟင်"

နော တစ်ချက် မျက်နှာလည်သွားကာ သူ့ကို မျက်လုံးဝိုင်းတွေနှင့် ပင့်အကြည့် သူက နော်ကို ချစ်စနိုးပြုံးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာမို့ နော မာမီအရှေ့မှာ ရှက်ကိုးရှက်ကန်း ခေါင်းလေး ငုံ့ချလိုက်မိသည်။

သူ့ကိုလည်း ဘယ်လို စကားလုံးနှင့် ရန်တွေ့ရ ကောင်းမလဲလို့ စဉ်းစားအကြံထုတ်နေတုန်းမှာပဲ ဩဇာအပြည့်ပါ သည့် သူ့အသံက နောနားထဲကို ခါးသီးစွာ ရိုက်ဝင်သွားရ သည်။

“နော … မင်းမလည်း ကိုယ်ရောက်တာ သုံးရက်ရှိပြီ၊ ကိုယ့်ကို ညှော်မခံနိုင်လောက်အောင်ကို ‘အလုပ်ကြီးလုပ် နေတာပဲ၊ လမ်းသလားတာ … လမ်းသလားတာ”

“ဟင်”

နောကို ရိသလို ပတ်သလိုနှင့် မာမီအရှေ့မှာ ဩဇာအာဏာပြလာသည့် သူ့ကို နော ခပ်ထန်ထန် စိုက်ကြည့် ကာ ချုပ်ထိန်းထားသည့် ဒေါသက ဒိုင်းခနဲ လွတ်ထွက်သွားရ သည်။

“ကျွန်မ လမ်းသလားတာ ရှင်နဲ့ ဘာဆိုင်လဲ”

“မဆိုင်ဘဲနေမလားကွ၊ မင်းနဲ့ကိုယ်က စေ့စပ်ထားတာ”



“ဟား ဟား … ရယ်စရာပုံပြင်ပဲဟောင်း”

“ဟင် … မင်း မခန့်လေးစား ရှိလိုက်တာ”

“ရှင့်ကို ခန့်ရအောင် ရှင်က ကျွန်မကို သင်ခဲ့တဲ့ ကျောင်း ဆရာလား၊ မှတ်ထား ကိုချစ်မင်း၊ ရှင် မဏ္ဍာပ်တိုင်တက်မပြ နဲ့၊ မဏ္ဍာပ်တိုင်တက်ရင် မဏ္ဍာပ်တိုင်ကို မနောရတို့ ရိုက် ချွတ်နိုင်တဲ့အစွမ်း ရှိတယ်”

“သမီးငယ်”

“မာမီ ဘာမှ မသိဘဲ ဝင်မပြောပါနဲ့”

“မာမီ ဒီဇာတ်လမ်းမှာ မသိတာ ဘာမှ မရှိဘူး၊ သမီး … ညည်း စကားကို ရင့်ရင့်သီးသီးမပြောနဲ့၊ ကြမ်းကျဲတာသာ နုတ်လို့ရတယ်၊ စကားကျဲတာကို နုတ်လို့မရဘူး၊ ပြင်လို့ မရဘူး”

“အိုး … ကြောက်စရာကြီးပါလား”

“သမီးငယ် ဘာမှ မပြောနဲ့၊ ဒီနေ့ နေ့လယ်စာစားပြီးရင် သားကို ရန်ကုန်မြို့ထဲ အလည်လိုက်ပို့ပေးလိုက်၊ သားက လည်း ရန်ကုန်က ဝယ်စရာရှိတာ ဝယ်သွားရတာပေါ့ … ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"မာမီက နောက်ကို အမိန့်နဲ့ နိုင်းတာလား၊ ဒါ ဘယ်သူ သင်ထားတာလဲ၊ ဘယ်သူ ပြောနိုင်းတာလဲ၊ ဟင်း ... မသိရင်ခက်မယ်၊ ဆင်ကြံကျိတ်ကြံနေတဲ့ မကျေးသားအဖ အကြောင်းကို မနောရ မသိရင် ခက်လိမ့်မယ်"

နော ဒီတစ်ခါတော့ ဒေါသစိတ်ကို မမျိုသိပ်နိုင်တော့ဘဲ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ကာ လက်ညှိုးထိုးပြီး ရန်တွေ့ပစ်လိုက်လေသည်။

"သတ္တိနည်းနည်းမှမရှိတဲ့ ယောက်ျား၊ မိန်းကလေးတစ်ယောက်ကို လိမ်နည်းပတ်နည်းနဲ့ပဲ လှည့်ပြီး ကျူးသွင်းဖို့ ချောင်းနေတာ၊ မုန်းဖို့အကောင်းဆုံးပဲ"

အဲဒီလိုပြောလိုက်တာကို သူက သူ့ကို ပန်းနဲ့ပေါက်နေသလား၊ အောက်မေ့သလား၊ မသိဘဲ ပြုံးပြုံးလေး ပြုံးလိုက်ပြန်သည်။

နောအပြော နောအဆိုကို ပန်းနဲ့ပေါက်သလိုပဲ ခံစားရသည်ပေါ့။ (ထားလိုက်စမ်းပါ)



ဟင်း ဟင်း ... အခုနေတုန်းတော့ ပန်းနဲ့ပေါက်တယ်ပေါ့။ နောက်နှစ်လလောက်ကြာမှ ကျောက်စိုင်ကျောက်ခဲနဲ့ ရှင့်နှလုံးသားကို ပစ်ချမှာ။

အဲဒါ ရှင့်ကို မချစ်လို့ မဟုတ်ဘူး။

မုန်းလို့ မှတ်ထား ကိုချစ်မင်း။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရန်ကုန်ကို နှစ်ခေါက် သုံးခေါက်သာ ရောက်တာ၊ အင်းလျားကန်ကို တစ်ခါမှ မရောက်ဖူးဘူး။ နော့ရော ဘယ်နှခါ ရောက်ဖူးလဲဟင်"

နော့ကို ချော့သလို မျက်လုံးနွေးနွေးတွေနှင့် စိုက်ကြည့်ပြီး မေးတဆတ်ဆတ် ပြောလာသည့် သူ့ကို မုန်းလွန်းလို့ သူနှင့် ပခုံးချင်းယှဉ်လျှောက်နေရာမှ မျက်စောင်းတစ်ချက်ခဲလိုက်သည်။

ဒါကို သူက အထူးသဘောကျသွားပြီး ခေါင်းတဆတ်ဆတ် ညိတ်နေပြန်သဖြင့် နော့ ရင်ထဲက ဒေါသတွေက မိုင်နှုန်းတွေက မြင့်တက်သွားတော့သည်။

"ရှင် ဘာဖြစ်လို့ ခေါင်းတဆတ်ဆတ် ညိတ်နေတာလဲ"





အိမ်ကနေ စိတ်မကြည်ဘဲ သူ့အနောက်ကို မဖြစ်မနေ ပါလာရသည့် နော့က သူ့ကို နိုင်ကွက်ချည်း ရခဲ့လေသည်။

"ဟော် ... သဘောကျလို့ပါ"

နော့ရဲ့ အဟောက်အဟမ်းတွေကို သူက သူ့ကို ပန်းနဲ့ပေါက်တယ်များ သဘောပိုက်ထားသလား မသိ။ သူမ လက်ကလေးကို ဆွဲကိုင်ထားရာကနေ တစ်ချက် အရယ်မရပ်ဘဲ နော့ မျက်နှာလေးကို ချစ်မြတ်နိုးစွာ ကြည့်လာခဲ့ပြန်သည်။

"ရှင်နော်၊ ဘာဖြစ်နေတာလဲ"

"ဟောဗျာ၊ ကိုယ်ချစ်တဲ့ သူကလေးကို လက်ကလေးဆွဲပြီး အင်းယားကန်ပေါင်ရိုးမှာ လမ်းလျှောက်ရတဲ့သူ မပျော်ဘူး၊ သဘောမကျဘူးဆိုတာ ဘယ်သူရှိမလဲကွယ်၊ ညီမ စဉ်းစားကြည့်"

ဒီတစ်ခါလည်း သူ့ရဲ့အပြောတွေကို မုန်းလွန်းလို့ နော့ သူ့မျက်နှာကြီးကို မျက်စောင်းခဲလိုက်မိပြန်သည်။

"ဟော့ ... မျက်စောင်းထိုးလွန်းလို့ မျက်ရိုးကျိုးနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စကားတွေ ဇေ့ပတ်ပြီး ဆင်ငှေ့ရန်ရှောင် လုပ်ပြောမနေနဲ့၊ ပြောစရာရှိတာသာပြော၊ ကျွန်မ တစ်နာရီအပြင် ပိုအချိန်မပေးနိုင်ဘူး"

"ဘယ်ရည်းစားနဲ့ ချိန်းထားလို့လဲ"

"ရှင်"

"အ ..."

ဆတ်ခနဲပင့်တက်လာသည့် သူမရဲ့ လက်တစ်ဖက်က သူမမှာ ရည်းစားမရှိကြောင်းကို သက်သေရသွားခဲ့သည်။ (ဟူး တော်ပါသေးရဲ့) တစ်ချိန်တည်း သူကလည်း ဝဲတက်လာတဲ့ သူမ လက်ကလေးကို အမြန်ဆုံး ဖမ်းထိန်းလိုက်နိုင်လို့ (နင့်မို့ ပါးရိုးကျိုးလောက်မည်)ထင်သည်။

"မင်း မစွာနဲ့ နော"

သူက နော့ရဲ့ပခုံးလေးကို ခပ်ကြမ်းကြမ်း ဆွဲကိုင်ပြီး ခုံတန်းကလေးတစ်ခုမှာ ပူးပူးကပ်ကပ် ဝင်ထိုင်လိုက်ပြီးမှ နော့ရဲ့ဆံပင်အိအိ စင်းစင်းကလေးတွေကို လေမှုတ်ကစားလိုက်သည်။



အဲဒီလို ကစားလိုက်သည့် သူ့ရဲ့အချစ်ကွန်ယက်ကြီးကို နော ဘယ်လိုမှ ရုန်းမထွက်နိုင်သလို နှုတ်ခမ်းကလေးမဲ့ကာ မျက်နှာကလေး ဆတ်ခနဲလွှဲလျက် ငြိမ်သက်သွားရလေသည်။

နော မျက်နှာလေး လွှဲသွားတာကို အသည်းယားပြီး သူ့ဘက်သို့ ပြန်လှည့်စေလိုက်ကာ ...

"ဟော့ ... ကောင်မလေး၊ ကိုယ့်ကို တည့်တည့်ကြည့်၊ ကိုယ် စကားပြောတော့မယ်၊ ဟဲ ဟဲ ... ချစ်ဖို့ကောင်းလိုက်တာကွာ၊ ကိုယ့်ကို အသည်းယားအောင် နှုတ်ခမ်းကြီးစူမထားနဲ့နော်၊ ကိုယ်က အသည်းယားရင် ..."

"ရှင်နော် ... ပြောမှာဖြင့်ပြော"

"အင်း ... ပြောမယ်၊ Baby နားထောင်၊ ကိုယ် အင်းယားကန်ခုံတန်းကလေးတွေမှာ အခုလို ချစ်သူလေးနဲ့နှစ်ယောက်တွဲပြီး တစ်ခါမှ မထိုင်ခဲ့ဖူးသလို အင်းယားကန်ပေါင်ရဲ့စောင်းကလေးတွေမှာလည်း ချစ်သူလေးကို ပေါင်ပေါ်ခေါင်းအုံးပြီး တစ်ခါမှ မသိပ်ခဲ့ဖူးဘူး"

"ဒါလား ... ရှင် ပြောမယ့်စကား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘယ်ကမလဲ ညီမကလည်း"

"အဲဒါဆို အရည်မရ အဖတ်မရစကားတွေ လျှောက်ပြောနဲ့၊ ကျွန်မ ထပြန်ပစ်လိုက်မှာ"

"ထပျံရအောင် အတောင်ပံဖြင့် မပါဘဲနဲ့ ဘယ်လိုလုပ် ပျံမလဲ"

"ကိုချစ်မင်း၊ ရှင် ဖွက်လိုက်တာ"

"ဟဲ ဟဲ ... ချစ်လေး စိတ်ဆိုးပုံလေးက ကိုယ့်ရင်ကို တကယ် ဖိနှိပ်လို့ပါ၊ ကဲ ... ပြောတော့မယ်၊ နားဆင်၊ နော အချစ်ကို ဘယ်လိုယုံသလဲ"

"ဘယ်လိုမှ မယုံဘူး"

"အတည်မေးနေတာကွာ"

သူက မျက်မှောင်ကြီးကုတ်ပြီး စိတ်မရှည်စွာ နော မျက်နှာနား ကပ်ပြောလိုက်တော့ သူမကိုယ်လုံးလေး ကျုံ့သွားကာ မျက်နှာကို တစ်ဖက်လှည့်ပြီး ...

"ရှင် စကားပြောရင် လွတ်လွတ်လပ်လပ်ပြော"

"ကြီးကြီးကျယ်ကျယ် မကြာခင်ဘဲ ဘိတ်သိတ်သွန်းတော့မယ်"



"ကျစ်"

"ဟဲ ... ဟဲ"

ဒီလောက်အထိ စိတ်ဆတ် အည်းမခံတတ်သည့် ကောင်မလေးကို သူ ချစ်ရတာ ရင်ထဲမှာ ဘယ်လိုပျော်ပြီး ဘယ်လိုကြီး သာယာမိမှန်း မသိအောင် ခံစားရပါသည်။

တကယ်ပါ။

အဟုတ်ကို ဘုရားစူး ဝန်ခံပါရစေ (နောကို ကျွန်တော် ပြောမပြတတ်အောင် ချစ်တယ်)။

မျိုသိပ်ထားလို့မရအောင် နှလုံးသားထဲက တဒက်ဒက် ပြောချင်အောင် ချစ်တယ်လို့ ဝန်ခံရင် (ခင်ဗျားတို့က ကျွန်တော့်ကို တဏှာရူးလို့ ပြောကြမလား)။

(မပြောကြပါနဲ့ဗျာ)။

(ကျွန်တော် တကယ်ခံစားပြီး သူ့ကို အရိုးရှင်းဆုံး ချစ်ခဲ့တာပါ)လို့ သူ့စိတ်ထဲက ဘယ်သူ့ကို ရင်ဖွင့်နေမှန်း မသိ ရင်ဖွင့်နေချိန်မှာ နောရဲ့လက်ကလေးက သူ့လက်မောင်းကြီးကို ခြွန်းခနဲ ပိတ်ရိုက်လိုက်သည်တွင် သူ့ရဲ့စိတ်ကူးယဉ် ကမ္ဘာလေး ပျက်စီးသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား ... မင်း"

"စကားပြော် စိတ်ကူးယဉ်မနေနဲ့"

"အင်း"

"အင်"ခနဲ ပါးစပ်က ပွင့်ထွက်သွားသည်အထ
လန့်သွားပြီးမှ သူမ မျက်နှာကလေးကို တစ်ချက်ဖိအပ်ပြီး ...

"အင်း ... နားထောင်ချင်ပြီ၊ ရင်ခုန်ချင်ပြီပေါ့၊ ပြောတော့
မယ် နားထောင်နော် နော၊ အချစ်အကြောင်းကို မင်းမ
စားတတ်သေးရင် ကိုယ်ပြောပြမှာပေါ့၊ အချစ်ဆိုတာ ကိုယ်
ဟိုတစ်ပတ်က ပြောခဲ့သလို နှလုံးသားထဲက လာတာပါပဲ
မင်း ကိုယ့်ကို ဘယ်လောက် မျက်မုန်းကျိုးနေနေ ကိုယ်
က မင်းကို ဒီနေ့အထိ စိတ်ထဲမှာငြိုငြင်ခဲ့ဖူးတာ တစ်ကွက်
မှ မရှိခဲ့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား နော"

"ဘယ်သိမလဲ"

"ချစ်လို့ပေါ့ နောရယ်"

သူက ခံစားချက် မျက်လုံးတွေနှင့် ေ/နှ မျက်
တည့်တည့်ကိုကြည့်ပြီး ပြောလိုက်သည်တွင် သူမ၊ မျက်လုံး
က အရောင်တစ်မျိုး လက်သွားတာဟာ ခံစာ'.ချက်လား။





"ဖြစ်ပါစေကွာ"လို့ပဲ သူ့ရင်ထဲက တိတ်တိတ်က
လေး ညည်းပြီး နော ရင်ခုန်သထက် ခုန်သွားအောင် စကားဆန်း
လေးတွေကို ရွေးပြီးပြောလိုက်သည်။

"အချစ်ဆိုတာ ခက်တယ် နော၊ ကိုယ့်ကို အလိုမရှိတဲ့သူ၊
ကိုယ့်ကိုမုန်းနေတဲ့သူကိုလည်း ဘာမှဂရုမစိုက်မိဘူး၊ သူ
လေးက ကိုယ့်ကို မုန်းနေပါလားလို့လည်း မခံစားမိဘူး၊
သူ့ကို အပြစ်မမြင်ဘဲနဲ့ကို အရိုးရှင်းဆုံး ချစ်ချင်နေတာ၊
ဩော် ... တကယ်တော့ ကိုယ်ဟာ သူ့ရဲ့အမုန်းခံလူသား
ကြီး ဖြစ်မှန်းမသိ ဖြစ်နေတာ၊ အဲဒါကိုတော့ ခေါင်းထဲက
အသိရှိပေမယ့် ကိုယ်ချစ်တဲ့ ကောင်မလေးကို မငြိုငြင်ခဲ့မိ
ဘူး၊ အဲဒါ အဆန်းဆုံး ခံစားချက်ပဲ"

သူက သူမ မျက်နှာတည့်တည့်ကို စိုက်ကြည့်ပြီး
ခံစားချက်အပြည့်နှင့် ပြောလိုက်သည်တွင် သူမက မျက်လွှာကလေး
သိမ်းကာ ခပ်တိုးတိုးလေး မပွင့်တပွင့် ဆိုလာခဲ့သည်မှာ ...

"ဘယ်သူက ရှင့်ကို မုန်းတယ်လို့ ပြောနေလို့လဲ"

"မပြောပေမယ့် အမူအရာက ပြနေတာပဲ"

"ရှင်နော် ... ရန်စမလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ့်ကို ချစ်တယ်ပေါ့"

သူ့အကြွက်ထဲကို အမိအရ ဝင်လာပြီဖြစ်တဲ့ ချစ်ရသူလေးကို သူ အရိုးရှင်းဆုံး မေးလိုက်သည်တွင် သူမက မျက်လွှာလေးသိမ်းကာ ခေါင်းငြိမ်ကျသွားသည်။

တစ်အောင့်ကြာမှ မပွင့်တပွင့်သံလေးနှင့် ပြောလာသည်မှာ ...

"မခံစားတတ်သေးဘူး"

"ဒါဆို ကိုယ် ခံစားချက် သွင်းပေးမယ်လေ"

"မလိုပါဘူး၊ ရှင်ပဲ အချစ်ဆိုတာ နှလုံးသားထဲလာခဲ့တာဆို"

"အောင်မယ် ... ဒီလိုကျ တတ်သား"

"တတ်တာပေါ့၊ ရန်ကုန်သူပဲ"

"အဟား ... ဟုတ်လား"

"အဲဒီတော့ ကျွန်မ နှလုံးသားထဲက ခံစားလို့ရမှ ရှင့်ကို ပြောမယ်၊ ရှင် စိတ်အေးလက်အေးသာ ပြန်ပေတော့"

သူက နော်ကို တစ်ချက် မအီမလည် ကြည့်ပြီး မျက်လုံးတွေ အောက်စိုက်ချကာ တအောင့်ငြိမ်ကျသွားလေသည်။





ဒါ သူ နော်အတွက်နဲ့ ခံစားတာပေါ့ (ခံစားမှုးရှိသွားတာပေါ့)။

ဘယ်လိုပဲ ခံစား ခံစား ကိုချစ်မင်းရယ်၊ ရှင့်ကို ကျွန်မ နောက်နှစ်လလောက်ကြာရင် စေ့စပ်ပွဲပျက်အောင် ဖန်တီးမှ ပြုရမယ်။

အဲဒီတစ်ကွက်ကိုတော့ ကျွန်မ မေ့ထားလို့ မရဘူး။

ရှင်ပဲ ကံဆိုးတာလား၊ မသိဘူးရှင်။

"နော်က ကိုယ့်ကို ဒါဆို ဘယ်လိုမှ မချစ်မနှစ်သက်နိုင်သေးဘူးပေါ့"

ဒီအချိန်မှာ သူ့အသံကြီးက ဟိုးအဝေးတစ်နေရာက ရောက်လာသလို လှိုင်းသံပေါက်သွားတာက နော်ကို တကယ် ရယ်ချင်သွားရသည်။

ရယ်ချင်လွန်းလို့ နှုတ်ခမ်းကလေးကို ဖိကိုက်လိုက်မိသည်အထိ ဖြစ်သွားပြီးမှ မျက်နှာလေး ငုံ့ချပစ်လိုက်သည်။ အတန်ကြာ မျက်နှာလေးငုံ့ချပြီးမှ ပြန်ပြီး မျက်နှာလေးမော့ကာ ...

"အချိန်က အဆုံးအဖြတ် ပေးမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ သူမ ပြန်ဖြေလိုက်သည်တွင် သူက အင်္ကျီအိတ်ထဲက ဘောလ်ပင်ကလေးကို ကန်ရေထဲကို ဆတ်ခနဲ လွှင့်ပစ်လိုက်လေသည်။

"ဟင် ... ဘာလုပ်တာလဲ၊ ဘောလ်ပင်ကို ရေထဲလွှင့်ပစ်ရအောင်"

"တည်ငြိမ်နေတဲ့ ကန်ရေပြင်တောင် ဒီပစ္စည်းလေး ပစ်လိုက်တာနဲ့ ဂယက်ရိုက်ခတ်သွားသေးတာ၊ မင်းရင်ထဲက နှလုံးသားကလည်း ကျောက်စိုင်ကျောက်ခဲမှ မဟုတ်တာ၊ လှုပ်ရှားရမှာပေါ့၊ အချစ်နဲ့တွေ့ရင် နူးညံ့တဲ့ မင်းရဲ့နှလုံးသားဟာ ကိုယ်ပစ်ထည့်လိုက်တဲ့ ကန်ရေပြင်လို လှိုင်းဂယက်ထရမှာပါ၊ နော ... မင်း မလိမ်ပါနဲ့"

"အင်း ... အင်း ... ထားပါ၊ ရှင့်ကို ကျွန်မ စဉ်းစားပေးမယ်လေ"

"ကိုယ် မနက်ဖြန် ပြန်တော့မယ်၊ စက်ရုံက အကြောင်းကြားလို့ ရတာမဟုတ်ဘူး၊ ဒီတစ်ခေါက် ရန်ကုန်လာရင်တော့ ကိုယ့်အတွက် အဖြေဟာ ခေါင်းညိတ်ခြင်းပဲ ဖြစ်ပါစေကွာ"





"အင်း ... ရှင် စိတ်ချမ်းသာရမယ်"

"ကိုယ်က အခု စိတ်ချမ်းသာချင်တာ"

"အခုတော့ တစ်ဝက် စိတ်ချမ်းသာလိုက်ဦးနော်"

"အေးပါကွာ၊ အေးပါ၊ Baby သဘောပါ"

လို့ပဲ သူ ဆိုလိုက်နိုင်သည်။ အဲဒီနောက် ဘာမှ မပြောမိတော့ဘဲ သူ နော ပခုံးလေးကို သိမ်းပွေ့ပြီး ပခုံးပေါ်သို့ သူမခေါင်းကလေးကို မှေးတင်ပေးလိုက်မိသည်။

အဲဒီခဏအတွင်း သူမလေးကလည်း သူ့ပခုံးကလေးပေါ်မှာ ခပ်ငြိမ်ငြိမ်ကလေး ငွေးထွေးစွာ မှေးစက်လိုက်လေသည်။

အင်း ... ဒီလောက် လိမ္မာပေးရင် ကိုယ် ကျေနပ်ပါတယ် နောရယ်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



၁၃

ဒီတစ်ခေါက် သူ ရန်ကုန်လာပြီး ပြန်သွားသည့် အချိန်မှာ အထူးငြိမ်ချက်သားကောင်းသွားသည့် နောကို ကိုကိုက ရီထေ့လာခဲ့သေးသည်။

"ငါ့ညီမတော့ ဒီတစ်ခါတော့ တယ်မီးသေနေပါလား ဟေ့"

"ကိုကိုနော် ... နင်က ဘာရန်ထောင်ဦးမှာလဲ၊ ငါ့ကို ငါက မငြိမ်ရအောင် ဘယ်တုန်းက dance နေလို့လဲ"

"ဒီကောင်နဲ့ တွေ့ပြီးမှ နင် မဒန့်တော့တာပါ၊ ငါသိပြီး သား"

"ကိုကိုနော် ... နင် ရန်မစနဲ့"





ဒီတစ်ခါတော့ နော ဘယ်လိုမှ သည်းမခံနိုင်လောက် အောင်ကိုပင် ကိုကို့ကို အကျယ်ကြီး အော်ပစ်လိုက်တော့သည်။ အဲဒီလို အော်လိုက်တော့မှ ကိုကိုကလည်း နားအရသာရှိသွားသည် ထင်သည်။ တစ်ခါတည်းကို ငြိမ်ကုပ်သွားလေပြီဖြစ်သည်။

အဲဒီစကာအတွင်းလေးမှာပဲ နော စားပွဲပေါ်က Hand Phone ကလေးက တတူတူ မြည်လာခဲ့လေသည်။

"ဟာင်"

သူ့ဆီက ဖုန်းများလား။ သူ့ဆီကဖုန်း ဆိုရင်တော့ ကိုကိုအရှေ့ကြီးမှာ မပြောချင်ပါ။

နော ရင်ထဲမှာ ကြံရာမရဖြစ်ပြီး ကိုကို့ကို အကဲ ခတ်ကြည့်နေတုန်းမှာပဲ ကိုကိုက ဖျတ်ခနဲ စားပွဲပေါ်က နောဖုန်း ကလေးကို ကောက်ဖွင့်နားထောင်လိုက်လေသည်။

"ဟယ်လို ... သြော် ... အေး၊ ဘာလဲကွ၊ မရှိလို့ မရှိဘူး ပြောတာ ဘာ မင်းက ရန်စတာလဲ၊ ငါက မင်းကိုလိမ် ပြောရအောင်၊ အေး ... ဒီမှာ ချစ်မင်း၊ မင်းကို ငါမလိမ် ဘဲ အမှန်အတိုင်းပြောမယ့် စကားတစ်ခွန်း ရှိသေးတယ်၊ ပြောမယ် အသေအချာနားထောင်၊ ငါ့ညီမမှာ ရည်းစားရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခု ငါ့ညီမ သူ့ရည်းစားနဲ့ အပြင်ထွက်သွားလို့ ဖုန်းထားခဲ့လို့ ငါကိုင်လိုက်တာ၊ အင်း ... ဟား ဟား ... စိတ်မဆိုးပါနဲ့ ချစ်မင်းရာ၊ ငါ့ညီမ မင်းကို မယူမှာတော့ အသေအချာပဲ"

ကိုကိုက အားရအောင် သူ့ကို ထိုးနှက်ပြီးသွားပြီမို့ ဖုန်းကို ဖျတ်ခနဲ ပိတ်ပစ်ကာ ခါးကြားထဲ ထိုးထည့်လိုက်လေသည်။ ပြီးတော့ နောကို မခံချင်ဖြစ်အောင် သရော်တော်တော် မျက်ခုံးပင့်ကြည့်ပြီး ရိုထွေထွေ ပြောလာသေးသည်။

"ငါ ဒီလိုပြောလိုက်တာ နင် ကျေနပ်တယ် မဟုတ်လား"

"ကိုကို ... နင်က ငါ့ကို ဘယ်လိုသတ်မှတ်နေလို့ ဒီစကားကို မေးတာလဲ"

"နင်ကရော ဘယ်လိုခံစားနေရလို့ ငါ့ကို ဒီလိုမေးတာလဲ"

"ဟာ ... ငါက ဘာခံစားရမှာလဲ၊ နဂိုကတည်းက ဒီလို ငါကြံမယ် ငါပြောမယ်လို့ ပြောထားတာပဲ၊ အခု နင်ပြောလိုက်တော့ ငါ နားပူတောင် သက်သာသေးတယ်၊ နင်ပြောလိုက်လို့ ပြဿနာဖြစ်သွားတော့လည်း ကောင်းတာပေါ့၊ ဒီကြားထဲ သူ ပေါက်ချလာတော့လည်း တို့မောင်နှမက





ဝိုင်းသမပေးလိုက်တာပေါ့၊ သူ အိမ်ကိုရောက်လာခဲ့ရင် နင် ငါ့အနားကနေ တစ်ဖဝါးမှ မခွာနဲ့နော် ကိုကို"

"အေးပါ၊ နင်သာ အပြောနဲ့အလုပ် တစ်သားတည်းကျပစေ"

ကိုကို့စကားကို မျက်စောင်းထိုးပြီး ထွက်လာခဲ့မိသည်မှအပ နော ဘာမှပြောစရာစကား မရှိတော့ပါ။

ရင်ထဲမှာကို စကားကုန်ခန်းသွားတာဖြစ်သည်။

အင်း ... သူကတော့ ဒီစကားကို ကြားပြီး ဘယ်လောက်အထိ မိုးအထိ ထပေါက်သွားမည်မသိ။

ထင်ပါသည်။ နောက်တစ်ရက် နှစ်ရက်လောက်ဆိုရင် နောဆီကို ဒေါသတကြီး ပေါက်ချလာတော့မှာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် နောကတော့ သူရောက်လာသည့် အချိန်ကို သတိ ... ကြည့်ရှောင် လုပ်ရတော့မှာ သေချာသွားရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းဆက်ပြီး နောက်တစ်နေ့မှာပဲ သူ အိမ်ကို ရောက်လာပြီး မာမီနှင့် စိတ်ဆိုးပေါက်ကွဲနေတာကို နော်တို့ မောင်နှမက အခန်းအပြင်ကနေ တိတ်တဆိတ် ချောင်းနားထောင်ခဲ့လို့ ကြားခဲ့ရလေသည်။

"အန်တီ ... အန်တီ့သမီးမှာ ရည်းစားရှိတယ် ဆိုတာ ဟုတ်လား"

"ဟဲ့ ... ဘယ်ကသာ ကြံကြီးစည်ရာ၊ ရည်းစားရှိရမှာလဲ၊ သားကို ဘယ်သူက နောက်လိုက်ပြန်ပြီလဲ"

မာမီ့အသံက အစ်ရစကော်ဖွာ ဟင်းမာမာကြီး ပေါ်လာခဲ့လေသည်။

"အန်တီ့သား ပြောတာ"





"ဟယ် ... ဒုက္ခပဲ၊ ဒီကလေးတွေတော့ သူများလက်ထပ်ခါနီးကို စိတ်ပျောက်သောက်ဖြစ်အောင် လုပ်နေတာ၊ ခက်တာပဲ၊ ဒါ သားက အဲဒီကိစ္စနဲ့ ပေါက်ချလာတာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့၊ အန်တီ့သမီးကို ဖုန်းခေါ်လို့လည်း မရဘူး၊ အဲဒါနဲ့ ကျွန်တော် ချက်ချင်းလာခဲ့တာ"

"သမီးနဲ့ရော တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး၊ ညနေကျမှ အေးအေးဆေးဆေး ဆွေးနွေးမယ်"

"အေးကွယ် ... မင်း ဒီမောင်နှမ စကားကိုတော့ မျက်စိမှိတ်ပြီး သွားမယုံလိုက်လေနဲ့ မင်း မှားသွားမှာ၊ ဒေါသလည်း ရှေ့မထားနဲ့နော် ... သား၊ သမီးက စိတ်ကြွပ်တယ်၊ သမီးကို ချော့ချော့မော့မော့ ပြေရာပြေကြောင်းပြော"

"အန်တီ့သမီး ပုံစံမကျရင်တော့ ကျွန်တော်က လက်မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ နှစ်ယောက်သား ညှိညှိနှိုင်းနှိုင်းလုပ်ကြပေါ့၊ ဒါနဲ့ မင်းအဖေကရော ဘာမှာလိုက်သေးလဲ"

"အနဲတိုကို လွမ်းတယ်တဲ့၊ ဖုန်းထဲမှာ စကားပြောရတာ အလွမ်းမပြေဘူးတဲ့၊ သားတို့မင်္ဂလာဆောင်မယ့်ရက် မြန်မြန်ရောက်ပါစေတဲ့ အနဲတီ"

"အဖယ်ဟဲ့ ... ဒီလိုပြောလိမ့်မယ် အလည်လေးနော်၊ မင်းအကြောင်းကို မသိဘူးအောက်မေ့နေသလား၊ ကဲ ကဲ ... သားလည်း ခရီးပန်းလာတာ၊ ရေမိုးချိုးပြီးမှ ထမင်းစားကြတာပေါ့၊ ဒါမှမဟုတ် ခဏအနားယူရင်လည်း ယူလိုက်ဦး၊ ပြီးမှ ရေချိုး၊ သမီးကိစ္စကို ဘာမှ ခေါင်းထဲထည့်မနေနဲ့၊ အဲဒါ သူတို့ မင်းကို နှောင့်ယှက်တာ"

မာမီ့စကားကို နောက စိတ်ထဲကနေ နှာခေါင်းရှုံ့လိုက်မိကာ ကိုကို့လက်တစ်ဖက်ကို ဆွဲပြီး ကိုယ့်အခန်းကိုယ် အပြေးလှမ်းဝင်လာခဲ့တော့သည်။

အင်း ...

အနောက်ကနေ ဟို မွေးစားသားအမိနှစ်ယောက်တော့ ဘာတွေ ပြောကျန်ခဲ့ဦးမည်မသိ။





သူမနှင့် ကိုကိုကတော့ သူ့ ထွက်လာမယ့်လမ်းကို ဘာအရိပ်မှ မမြင်အောင်ကိုပင် သုတ်ခြေတင်ပြီး ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် မှုန်ဝါးသည့် ညနေ နေရိရိအောက်မှာ သူနှင့်အတူ ပန်းခြံထဲက ခုံတန်းကလေးမှာ အတူယှဉ်တွဲပြီး ထိုင်နေခဲ့ပေမယ့် စိတ်က ကိုကို့ဆီကို ရောက်နေခဲ့သည်။

ကိုကိုနဲ့ မောင်နှမနှစ်ယောက်က အကြံကြီးကြီးနှင့် အချိတ်အဆက်လုပ်ပြီးသား။ (ကိုကိုက အခု နှောတို့ခုံတန်း အနောက်က ပန်းချုံအစပ်မှာ ရှိပြီးသား) ဒါကို မကွေးသားက မသိဘဲနှင့် သူ့နောက်ကျောသူ လုံခြုံစွာဖြင့် နှောလက်ကလေးကို တစ်ဖက်ကိုင်ပြီး တစ်ဖက်က နောက်ပခုံးလေးကို တန်းပေါ်ကနေ ကျော်ပြီး တင်ထားကာ သူလိုချင်သည့် စကားတွေကို ရအောင် အစ်အောက်မေးနေခဲ့ပြီဖြစ်သည်။

"နှော ... ကိုယ် အခု အရွယ်အထိရောက်ပြီ၊ နှောကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဖူးသေးဘူး"





"အင်း"

နှော သူ့ကို အင်းလိုက်လိုက်သည်။ သူ့အကြည့်တွေကိုတော့ နည်းနည်းရင်ခုန်မိပေမယ့် အနားမှာ ကိုကိုရှိတယ်ဆိုတဲ့ အသိက နှောကို ဘယ်လိုမှ မလုံနိုင်အောင် ရှက်စိတ်တွေ လွှမ်းနေခဲ့ရကာ သူ့လက်ထဲက လက်ကလေးကို တစ်ချက် ရုန်းယူပစ်လိုက်သည်။

"ဘာလဲ နှော"

"တစ်ယောက်ယောက် မြင်သွားရင် မကောင်းဘူး"

"မိုးချုပ်နေပါပြီကွာ၊ မင်းကိုကိုလည်း ကိုယ်တို့စုံတွဲကို ချောင်းကြည့်မနေပါဘူး၊ အင်း ... မင်းကိုကို၊ အင်း ... နှော ကိုယ် ဟိုတစ်ပတ်က ပြောခဲ့တဲ့စကားတွေကို မမေ့သေးဘူးဆိုရင် မင်း ကိုယ့်ကို ခေါင်းညိတ်ဖို့ လုံလောက်လောက်ပြီ ထင်ပါတယ်"

နှော ဘာမှ မပြောမိ။ ဒီစကားတွေကို ကိုကို အတိုင်းသား ကြားနေရတာကိုပဲ နှော အရှက်ကြီးရှက်ကာ မျက်နှာတွေ ထူအမ်းအမ်းကြီး ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို နော အရှက်ကြီး ရှက်သွားတာကို သူက သူ့အပြောကို ရှက်သွားတယ်ထင်ပြီး သဘောကျသွားကာ ခပ်နုနု အပြုံးဖြင့် နောကို စိုက်ကြည့်ပြီး ...

"မရှက်ပါနဲ့ နောရယ်၊ ကိုယ်တို့က လက်ထပ်ဖို့ တစ်လ လောက်ပဲလိုတော့တာ၊ အရင်းနှီးဆုံးဖြစ်ရမယ့်သူတွေပဲ"

"ဒုက္ခပါပဲ ကိုယ့်ထင်ရာနဲ့ မြင်ရာ ဘာတွေလျှောက်ပြော နေတာလဲ"

"ဟင် ... ဒါ ဘာစကားလဲ"

သူက အံ့သြထိတ်လန့်သွားသည့် မျက်လုံးတွေနှင့် နောကို စိုက်ကြည့်လာတဲ့အချိန်မှာ နောက သူ့မျက်လုံးတည့်တည့် ကို စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောချလိုက်တော့သည်။

"ကျွန်မက ရှင့်ကို လက်ထပ်မှာမှ မဟုတ်တာ"

"ဘာ"

"ရှင် ကျွန်မလက်ကို လွှတ်နော်၊ ကျွန်မ ပြောတာကိုလည်း အသေအချာ နားထောင်ပြီးမှ ရှင့်ဘာသာ ဝေဖန်ပိုင်းဖြတ်"

"ဟ ... ဒါ ဘာစကားလဲ၊ ကလေးကစားနေတာ မဟုတ် ဘူးနော် နော၊ မင်း နောက်စရာ မဟုတ်ဘူး"





သူက မျက်လုံးတွေ အပြူးသားနှင့် တအံ့တသြ ပြောလာခဲ့တာကို နောက မချိုမချဉ်လေးပြုံးပြီး သူ့ကို မေးတစ် ချက်ဆတ်ပြကာ ...

"ကျွန်မ နောက်နေတယ်လို့ ရှင်က ထင်လို့လား"

"ဟ ... မနောက်ရအောင် ဒါက အတည်ပြုစရာလား"

"အင်း ... ပြုရမယ်၊ ပြုရမယ်လေ၊ ကျွန်မက ရည်းစားရှိတဲ့ မိန်းကလေးပဲ"

"ဘာကွ"

"ရှင်နော်"

နော ပခုံးလေးကို တအား ဆွဲခါလိုက်သည်တွင် နောက ဆတ်ခနဲရုန်းပြီး သူ့လက်ကြီးကို တအားရိုက်ထုတ်လိုက် သည်။

"ဘာ ... ရည်းစားလဲ၊ မင်းနော် မင်း ငါ့ကိုနောင့်ယှက် မနေနဲ့ မင်းတို့မောင်နှမတွေ ငါ့ကို စိတ်အနှောင့်အယှက် ပေးနေတာ ငါ မသိဘူး အောက်မေ့နေသလား"

"ဘုရားရေ ... ရှင်က ကျွန်မ ရည်းစားရှိတာကို မယုံဘူး လား"

www.burmeseclassic.com

www.burmeseclassic.com



"လက်မခံတာ၊ လုံးဝကို လက်သင့်မခံတာ"

"ရှင် ကိုယ်ချင်းမစာတဲ့စကား မပြောနဲ့၊ ရှင်ကရော ဒီအရွယ်ကြီးရောက်နေပြီ အမြီးမပေါက်သေးဘူး ဆိုတာ ရှိမလား"

"ဟင် ... မင်း ရိုင်းလိုက်တာကွာ"

သူ့ဒေါသသံ ကျိတ်ကျိတ်က အခုလောက်ဆို ကိုကို့ကို အံတာခဲခဲ ဖြစ်နေလောက်ပြီ။ ဒီထက် သူလွန်လာ ကျူးလာရင် ကိုကို သူ့ကို ထဘောပေတော့မည် ဆိုတာကို သူက မသိသေးဘဲ ဒေါသတကြီး ပေါက်ကွဲလာတော့သည်။

"မင်း မချေငံတဲ့စကား တစ်ခွန်းမှ ထပ်မပြောတော့နဲ့"

"အိုး ... ကျွန်မ အတည်ပြောနေတာနော်၊ ရှင့်ကိုလည်း ကျွန်မ အတည်မေးနေတာ၊ ရှင့်မှာ ရည်းစားတကယ်မရှိခဲ့ဘူးလား"

"မရှိဘူး၊ မင်းတစ်ယောက်တည်းပဲ"

"ဟာ ... ဒါဆို ရှင် ရှုံးတာပေါ့"

"ဘာကို ရှုံးတာလဲ"



"ဟော် ... အခုခေတ်ထဲမှာ ရည်းစားမရှိတဲ့လူက တကယ် အရှုံးပဲ၊ ရည်းစားရှိတဲ့သူက အမြတ်ပဲလေ၊ ရည်းစားတောင်မှ စပါယ်ယာထားတဲ့လူက ပိုတောင်မြတ်သေး"

"နော ... မင်း"

"အား ... ကိုကိုရေ"

နော တစ်ချက်ပဲ အော်လိုက်ရသည်။ အဆင်သင့်စောင့်နေသည့် ကိုကိုက ဂုမ္ဘာန်တစ်ထောင်အားဖြင့် သူ့မျက်နှာတည့်တည့်ဆီက ပါးရိုးတည့်တည့်ကို ခွပ်ခနဲနေအောင် ဆုံးမပြီးသား ဖြစ်သွားရသည်။

"တောက် ... ယေဘုံရ ... မင်း"

"အေး ... မှတ်ထားကွ၊ ဒီမှာ ချစ်မင်း ... မင်းတို့သားအဖကို ငါတို့မောင်နှမက ဟောဒီလို ဟောဒီလို ဆုံးမပစ်ချင်နေတာ ကြာပြီကွာ ကြာပြီ၊ ဟိုက အဘိုးကြီးမို့လို့ ယဉ်ကျေးမှုအရ အောင့်ခံနေရတာ၊ မင်းကိုတော့ ဂရုစိုက်စရာမရှိဘူး၊ ချတယ်ကွာ ချတယ်၊ ဟား ဟား ... ငါ့ညီမကို မင်း လုံးဝ လွှတ်လိုက်စမ်း၊ မင်း ငါ့ညီမအသားကို လုံးဝ မထိနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ထိတယ် ထိတယ်၊ အဲဒါ ငါ့မိန်းမဖြစ်တော့မှာ၊ မင်းက ဘာဆိုင်လဲ"

"ဟာကွာ ... ငါ အသေလုပ်ရရင်တော့ ထောင်ကျဦးမယ်"

ယေဘုံရက သူ့ကို လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်တွင် သူက ဆတ်ခနဲထရပ်ပြီး နောက်ကို သူ့ကိုယ်လုံးဘက်ကို ဆွဲလှည့်ပစ်လိုက်ရင်းက ယေဘုံရ မျက်နှာဆီ လက်သီး ပစ်သွင်းချလိုက်သည်။

"သိပ်မိုက်ရိုင်းတဲ့ကောင်၊ ခွေးသူတောင်းစား"

"မင်းက ခွေးသူတောင်းစားထက်နိမ့်တဲ့လူ သူတောင်းစား၊ ငါ့ညီမအချစ်ကို တောင်းနေတဲ့ သူတောင်းစား"

"ဟား ... သေတော့မယ်ကွာ"

နဂိုကတည်းက ချစ်မင်းမှာ စိတ်ကြွပ်ခဲ့တာမို့ အသားလွတ်ကို ရန်စလာသည့် ယေဘုံရကို ဘာမျက်နှာမှ မထောက်တော့ဘဲ အဆက်မပြတ် လက်သီးတွေ ပစ်သွင်းချလိုက်ချိန်မှာ ထိတ်လန့်တကြား အော်လိုက်သည့် အန်တီအသံကြီးက နားထဲကို ထွင်းဖောက်သွားသည်။





"အမယ်လေး ... သား ချစ်မင်း၊ ယေဘုံရ ဒါ ... ဒါ ဘာဖြစ်ကြတာလဲ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ပတ်ဝန်းကျင်မှာ ကျော်မကောင်းကြားမကောင်း ဖြစ်ရအောင် မင်းတို့ မင်းတို့ဟာလေ၊ ငါ့ကို မြန်မြန်သေအောင် အရှိုးပြာဖြစ်အောင်လုပ်နေတာ၊ မင်းတို့ ငါ့ကို ကျိန်စာတိုက်နေတာ"

"အန်တီ ဒီအထဲမှာ ကျွန်တော် မပါဘူး၊ အန်တီ့သမီးကို ပြော၊ အန်တီ့သားကိုပြော"

"ဟောကောင် ... မင်း ငါနဲ့ ငါ့နမကို ဆွဲမထည့်နဲ့၊ ဆွဲထိုးလိုက်လို့ အခွက်စုတ်ပြီး ဘယ်မိန်းမမှ မသုံးတဲ့ဘဝရောက်ဦးမယ်"

"ယေဘုံရ ... မင်း ရိုင်းလိုက်တာ ... ဟင် ဟင်"

"မာမီ ဘာမှ ဝင်မပြောနဲ့"

ကိုကို့အော်သံက တစ်လမ်းလုံး ဟိန်းထွက်မတတ် မြင့်တက်သွားလေသည်။ အဲဒီတော့မှ မာမီက ဘာမှ မပြောနိုင်တော့ဘဲ ရင်ဘတ်ကြီးကို လက်နှစ်ဖက်နဲ့ဖိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... လိမ္မာလိုက်တဲ့ ငါ့သားနဲ့ ငါ့သမီး အရပ်ကတို့ရေ ... လာကြပါဦး"

ဟု ဆိုပြီး မာမီ သတိလက်လွှတ် ဒေါသကြီးသွားချိန်မှာပဲ နောက ကိုကို့နောက်ကို ပြေးလိုက်လာခဲ့တော့သည်။





## ၁၄

နောတို့မောင်နှမ လုပ်ချက်တွေကို အရှက်ကြီးရှက်ပြီး ရန်ဖြစ်ပြီးသည့်နောက်နေ့မှာ ချက်ချင်း ကောက်ပြန်သွားသည့်သူက အခုတော့ လက်ထပ်ဖို့ အရက်နှစ်ဆယ်ကြိုးတောင်လိုသေးတာ မနက်ဖြန် ပြန်လာမည်ဆိုတော့ နော ခေါင်းခဲရလေပြီဖြစ်သည်။

ပြီးတော့ ကြံစည်ထားသည့် အကြံအစည်ကိုလည်း အဖျက်မခံနိုင်ခဲ့တာမို့ သူငယ်ချင်းအရင်းကြီး ဝေလကိုပဲ အကူအညီတောင်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နင့်ပုံစံကြီးကတော့ ငါ့ကို မသာပေါ်အောင်လုပ်နေတာနဲ့ အတူတူပဲ၊ လုပ်မနေစမ်းပါနဲ့ဟာ၊ လက်ထပ်ခါနီး ယောက်ျားတစ်ယောက်က နင့်ကို စိတ်ပျက်ပြီး နောက်ဆုတ်ပေးဖို့ဆိုတာ လုံးဝ အဆိုမရှိဘူး"

"ဟာ ... နင်ကလည်း ဘူပိတ်စကား လာမပြောစမ်းပါနဲ့"

"ကဲ ... ထားလိုက်ဦး၊ ဒါဆို နင် သူ့ကို ဘာလို့ လက်မထပ်ချင်ရတာလဲ၊ အဲဒီလူက အရုပ်ဆိုးပြီး အသားမည်းလို့လား"

"အရုပ်လည်းမဆိုးဘူး၊ အသားလည်းမမည်းဘူး၊ ရုပ်ကခန့်ပြီး ချောတယ်"

"ဟာ ... ဒါဆို နင်နဲ့ အရုပ်မကိုက်လို့လား"

"ဘာအရုပ်လဲ"

"ဩော် ... အဲဒီလူက နင့်ထက်အရပ်ပုလို့ မင်္ဂလာဆောင်ရမှာ ရှက်လို့လား"

"ဟာ ... မပုပါဘူး ရှည်ပါတယ်၊ သူ့အရပ်က ငါ့ထက်နည်းနည်းရှည်တယ်"





"ဒါဆို အရပ်ကလည်း အရှည်ကြီးပေါ့၊ အင်း ... ဒါဆို ပိန်လွန်းလို့လား နင်က မကြိုက်ရအောင်"

"ဟာ ... အာ မပိန်ပါဘူးဟာ၊ ဂျီတောင့်တောင့် ဖြောင့်ဖြောင့်နဲ့ ရင်အုပ်အကျယ်ကြီးနဲ့ ယောက်ျားပီသပါတယ်"

"ဟာ ... ဒါဆို နင်က ဘာချွတ်ယွင်းချက်ရှိလို့ ဒီလူကို မကြိုက်ရတာလဲ၊ အဲဒီလူက ယောက်ျားမစစ်လို့လား ... ဟဲ ဟဲ"

"ဘာ ... နင် ... နင် မယုတ်မာနဲ့နော် ဝေလ"

"ဩော် ... မယုတ်ပါဘူး၊ မိန်းမလျာစိတ်ပေါက်နေတဲ့ အခြောက်လားလို့ ပြောတာပါ ... ဟဲ ဟဲ"

"သွား ... သွား တော်ပြီ တော်ပြီ၊ နင့်ကို ကူညီနိုင်းရတာ လေကုန်တယ်၊ တစ်သက်နဲ့တစ်ကိုယ် ငါ နင့်ကို ဘာ အကူအညီ တောင်းခဲ့ဖူးလဲ"

"မတောင်းခဲ့ဖူးပါဘူး"

နော စိတ်ဆိုးသွားတော့မှ ဝေလက မျက်နှာပိုးသတ်ပြီး ခေါင်းကလေးတညိတ်ညိတ်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နင်စိတ်ချမ်းသာအောင် ငါ ကူညီမယ်နော်၊ နင့်လူကြီးကိုသာ ငါ့မျက်နှာကို လက်သီးနဲ့ မထိုးမိအောင် နင် တာဝန်ယူ၊ ငါ့မျက်နှာသာ တစ်သက်သာဒဏ်ရာရသွားရင် ငါ့အသည်းက အနစ်နာခံပြီး ဆက်ချစ်မှာမဟုတ်တော့ဘူး၊ ငါ့ကို ပစ်သွားမှာ"

"အေးပါ အိုခေ ... ရပြီ၊ နင် ပြန်ရင်ပြန်တော့"

"အောင်မယ် ... ငါ အဲဒီလို ကူညီတဲ့အတွက် တစ်သိန်းပေးရမယ်"

"ပေးမယ်၊ ပေးမယ်ဟာ"

"ဒါဆို ငါ ဘယ်တော့ အလုပ်စရမလဲ"

"မနက်ဖြန် နင် ဘယ်မှ မသွားနဲ့၊ ငါ နင့်ကို ဖုန်းဆက်မယ်"

"အိုခေ ... ဒါဆို ငါ သွားပြီ သူငယ်ချင်း"

နောက်ကို လက်တကာကာနှင့် နှုတ်ဆက်ထွက်သွားသည့် သူငယ်ချင်းကို နောက လိုက်ငေးကြည့်နေရင်းမှ ကိုယ့်လုပ်ရပ်ကိုယ် မှားသွားသလားလို့ ပြန်မေးပစ်လိုက်တော့သည်။





အဲဒီအချိန်မှာ ပြန်ဖြေလိုက်သည့် ကောင်မလေးတစ်ယောက်ရဲ့ အသံကတော့ ...

"မှားပါတယ်"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်လာသည့်အချိန်မှာ နောက သူနှင့် သင့်သလို လိုက်လိုက်လျောလျောလေး စကားပြောလိုက်သဖြင့် သူ ကြည်လင်ကျေနပ်သွားတာကြီးကို စိတ်ထဲကနေ ကျိတ်လျောင်ပြီး အခွင့်အရေးရတာနှင့် ဝေလဆီကို ဖုန်းဆက်လိုက်သည်။

"ဝေလ သူတော့ ရောက်လာပြီဟ၊ Shopping ထွက်ဖို့ ငါ့ကိုပြောနေတယ်၊ မင်္ဂလာကိစ္စအတွက်လေ၊ အဟား ... သူကတော့ သူ့ကိုယ်သူ ရာနှုန်းပြည့်တွက်ထားတာ၊ ငါ ဒီလိုလုပ်ရမှာ သနားတော့ သနားပါတယ်နော်။ ဟဲ့ ... အဟင်း ဟင်း ... နောက်ထပ် နာရီဝက် အေး ... တစ်နာရီအတွင်း နင် ယုဇနပလာဇာ J'DONUTS မှာ ငါ့ကို အေးဆေးစောင့်နေ၊ ငါတို့နှစ်ယောက် အဲဒီဆိုင်ကို တန်းလာခဲ့





မယ်၊ အေး အေး ... ပိပြင်စေနော်၊ ရည်းစားအတု ... ဟား ဟား၊ ချစ်သည်းလို့သာ ငါ့ကို ပိတ်ခေါ်လိုက်၊ အေး ... ဒါပဲနော်"

နော ဖုန်းကလေးပိတ်ပြီး ဟန်းဘက်အိတ်ထဲထည့်ကာ ကိုယ့်လုပ်ရပ်ကိုယ် သဘောကျစွာ ကျိတ်ပြုံးလိုက်မိလေသည်။

အင်း ... သဘောကျတယ် ဆိုပေမယ့် ရင်တော့အခုန်သားကွယ်။

ဒါပေမဲ့ နောက ခုန်နေတဲ့ရင်ကို ရဲဆေးကျွေးကာ ဟန်သာသာပင် သူနှင့် Shopping ထွက်လာခဲ့တော့သည်။

လမ်းတစ်လျှောက်လုံး ကားပေါ်မှာ သူက နောကို စကားတစ်ခွန်းမှ မပြောသလို နောကလည်း သူ့ကို ဘာစကားတစ်ခွန်းမှ မဆိုခဲ့မိချေ။

အင်း ... သိပ်မကြာခင်တော့ သူနဲ့ အကြီးမားဆုံး ...ပွဲနွှဲရပြီပေါ့ဆိုသည့် အတွေးက နောရင်ကို ထိတ်လန့်ခုန်မြန်သွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ချိန်မှာတော့ သူ ဘယ်လို ပေါက်ကွဲမှုမျိုးနှင့် ပေါက်ကွဲမည်မသိ။

ဒီစိုးရိမ်စိတ်တွေက နောရင်ထဲကို တနင့်နင့်ကြီး ဖြစ်နေခဲ့ရပြီး ပလာဇာပေါ်တက်လာသည့် တစ်လျှောက်လုံး ရင် တထိတ်ထိတ်ဖြစ်နေခဲ့သည်။

ရင်တွေထဲမှာ ထိတ်လန့်နေသလို ကိုယ်က မဟုတ်တာလုပ်ရတော့မှာမို့ ချွေးတွေကလည်း ပြန်လာရပြီဖြစ်သည်။

တဖြည်းဖြည်းနှင့် ပွဲစကြေမယ့် ဆိုင်ကလေးဆီ နီးလာလေလေ နော ရင်တွေ ပူထူလာလေလေဖြစ်သည်။

ရင်ခုန် အသက်ရှူကျပ်လွန်းလို့ နော မျက်စိမျက်နှာ ပျက်နေတာကို သူက သတိထားမိသွားပြီး နောမျက်နှာကို တစ်ချက်ငုံ့ကြည့်ကာ ...

"မင်း ဘာဖြစ်နေတာလဲ နော"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်တယ်၊ မျက်နှာက တစ်ခုခုတို လန့်ပြီး ထိတ်နေသလိုပဲ"





"ဘာတစ်ခုခုလန့်လဲ၊ ရှင်စကားမပြောပါနဲ့ ပြောကိုမပြောနဲ့၊ ရှင်နဲ့ စကားပြောရတာ အကုသိုလ်ကို ရတယ်"

"အေး ... ငါကလည်း မင်းနဲ့အတူသွားရတာ အကုသိုလ် ရတယ်"

"ဒါဆို ရှင် အခုပြန်၊ အခု ပြန်လှည့်ပေတော့၊ ရှင့်ကို ကျွန်မ မလိုအပ်တော့ဘူး၊ ဒီဆိုင်ထဲမှာ ကျွန်မချစ်သူရှိတယ်"

"ဘာကွ"

"အ ... ရှင် ဆိုင်ရှေ့မှာနော်"

ဖျတ်ခနဲ မြောက်တက်လာသည့် သူ့လက်တစ်ဖက်က လက်သီးဆုပ်နှင့် ပြန်ကျသွားချိန် ဆိုင်အဝင်ဝမှာ ထိုင်နေသည့် ဝေလကလည်း မျက်နှာထားနှင့် နောတို့နှစ်ယောက်အရှေ့ကို ခါးထောက်ရပ်လာလေသည်။

နောက ဟာန်ဆောင်ကောင်းသူပီပီ ဝေလလက်ကလေးကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီး ...

"မောင် ... ဒါ နောနဲ့ စေ့စပ်ထားတဲ့ သူလေ၊ သူက နောမှာ ချစ်သူရှိတယ်ဆိုတာ မယုံလို့ မောင့်ကို နော



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုင်ကို ချိန်းလိုက်တာ၊ ကိုချစ်မင်း ... ရှင် ကျွန်မတို့ နှစ်ယောက်ရဲ့ အနာဂတ်ကို မဖျက်ဆီးချင်ပါနဲ့၊ ရှင် အေးအေးဆေးဆေး ကျွန်မကို စေ့စပ်ပွဲဖျက်ပေးပါလို့ တောင်းဆိုပါတယ်၊ မောင်ကရော ကိုချစ်မင်းကို ဘာပြောချင်သလဲ၊ ပြောစရာရှိတာ တစ်ခါတည်းပြောလိုက်လေ"

"ချစ်သည်း မောင့်ဘက်မှာရှိတာကိုပဲ မောင် ကျေနပ်တယ်"

တစ်ယောက်တစ်ပြန် အတိုင်အဖောက်ညီနေသည့် ဒီနှစ်ယောက်ကိုကြည့်ပြီး ရင်ထဲက ဒေါသကို ကြိတ်မှိတ်မျိုချပစ်လိုက်သည်။ အခုချိန်မှာ သူ ပေါက်ကွဲရင် သူ့ရင်ထဲကဆန္ဒတွေ အကောင်အထည်ပေါ်မှာ မဟုတ်တော့။

သူ့ကို ဒီလောက် အကဲစမ်းချင်သည့် မိန်းမကို သူ ဒီတစ်ခါတော့ ဒီနည်းနဲ့ပဲ အရှုံးသတ်ပစ်လိုက်တော့သည်။

"ကဲ ... နော မင်း စိတ်ချမ်းသာစေရမယ်၊ ကိုယ်တို့ သွားကြစို့"

အဲဒီတစ်ခွန်းကိုပဲ ပြောပြီး သူ နောလက်ကိုဆွဲကာ ဆိုင်ရှေ့ကနေ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်လာခဲ့သည်။





ဒီအချိန်မှာ နောရဲ့ရည်းစားအတုကတော့ သူ့ကို ဘာစကားမှ ဝင်ရောက်ကန့်ကွက်ခြင်း မရှိတော့ဘဲ ဒီအတိုင်း ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့ပါတော့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



၁၃

ညှော်ခန်းထဲမှာ ဖုန်းတစ်လုံးနှင့် တဟင်ဟင် တဟားဟား စိုးရိမ်သံဖြစ်နေသည့် မာမီ့ကို သူ ညှော်ခန်းအဝကနေပဲ ပေါ်ပေါ်တင်တင် နားထောင်နေလိုက်သည်။

"အေး … ဒီမိန်းကလေးက ဒီလိုလုပ်ပစ်မှ၊ အန်တီ စိတ်မဆိုးဘူး၊ စိတ်မဆိုးဘူး၊ ဖြစ်တယ် သား၊ သူက မင်္ဂလာရှိရှိ လက်ထပ်ရတာကိုမှ မလိုချင်တာ၊ အေး … အဲဒါ အကောင်းဆုံးပဲ၊ ရုံးမှာလက်မှတ်ထိုးတာ၊ အေး … စိတ်ဆိုးရုံပဲ သူ တတ်နိုင်တယ်၊ ဒါပဲ သူ့မှာ ဘာအစွမ်းအစမှ မရှိဘူး၊ မင်းကို ဒေါသထွက်အောင် သူ လီစယ်မယ်၊ လုပ်ဇာတ်ခင်းမယ်၊ အခုတော့ လုပ်ဇာတ်အခင်းကောင်းသွားပြီ၊ ကောင်းတယ်၊ ကောင်းတယ်၊ ဟင်း … မိရွှေမနော့ရ မိရွှေမနော့ရ၊ ငါ သင်းကို မွေးရတာ မွေးရကျိုးကိုမနပ်ပါဘူး၊ အေး … လက်မှတ်ထိုးပြီးရင် ပြန်လာခဲ့တော့"





မာမီစကားက သူ့ရင်ထဲက ဒေါသကို ဘယ်လိုမှ ချုပ်ထိန်းလို့မရ ဖြစ်သွားရတော့သည်။

သူ မာမီအရှေ့ အပြေးရောက်သွားပြီး …

"မာမီ ဘာဖြစ်တယ်၊ ဘာဖြစ်တယ်"

"မင်းရဲ့အချစ်ဆုံး ညီမလေးကို ချစ်မင်းက ဒီနေ့ လက်မှတ်ထိုးပြီး လက်ထပ်လိုက်ပြီ"

"အဲဒါကို မာမီက စိတ်မဆိုးဘူးပေါ့၊ ကျေနပ်တယ်ပေါ့ ဟုတ်လား"

"အေး … ကျေနပ်တယ်၊ စိတ်မဆိုးဘူး၊ ဒါ သူ့ထိုက်နဲ့သူ့ကံလေ၊ မင်္ဂလာအကြီးအကျယ်ဆောင်ရခါနီးမှ သူ့ဘာသာ ဂြိုဟ်မွှေတာ၊ ဒါ သူ့သမိုင်း၊ ကောင်းတယ်၊ မင်္ဂလာရှိရှိ မင်္ဂလာမဆောင်ရတော့ဘူး၊ လက်မှတ်ထိုးပြီးမှ မင်္ဂလာဆောင်ရတဲ့ဘဝကို ရောက်သွားပြီ၊ ကောင်းတယ်၊ ကောင်းတယ်"

"ဟာ … မာမီ … မာမီက မိခင်စကားပြောစမ်းပါ၊ မာမီ နောက်ယူမယ့်ယောက်ျားရဲ့အားဘက်ကနေ ထောက်ခံပေးနေရအောင် မာမီဟာ မိခင် မပီသဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မပီသဘူး၊ မပီသဘူးဟော့၊ ငါ မပီသတော့ မင်းက ဘာလုပ်ချင်သလဲ"

အသားလွတ်ကြီး သူ့ကို ရမ်းလာသည့် မာမိကို သူ့ နာကျင်စွာ စိုက်ကြည့်ပြီး မျက်ရည်တွေ စီးကျလာသည်။

"ကျွန်တော် ဒီကိစ္စကို လုံးဝ မကျေနပ်ဘူး၊ ဒီကောင်နဲ့လည်း နောက်ကို လုံးဝ သဘောမတူဘူး၊ လုံးဝ မကျေနပ်ဘူးဗျာ"

"မကျေနပ်တော့ မင်းက ဘာလုပ်ချင်သလဲ"

"ဘာမှ မလုပ်ချင်ပါဘူးဗျာ၊ ကျွန်တော် ဒီအိမ်ပေါ်က ဆင်းပေးရုံပေါ့၊ မာမီသာ မာမီ့သားအသစ်ကလေးနဲ့ ပျော်ပျော် ..."

သူ အခွမ်းကုန် ပေါက်ကွဲသွားပြီး မာမိကို အသံကုန်အော်ဟစ်ပစ်လိုက်သည်တွင် မာမီက မျက်နှာကြီးကို လက်ဝါးနှင့်အုပ်ကာ ဟီးခနဲ ငိုချလိုက်ပါတော့သည်။

"အမယ်လေး ... ပြော ပြော၊ သားက အခု အားရအောင် ပြောထား၊ နောက်ပြီး ဖအေတူသမီးက ငါ့ကို အသက်ထွက်အောင် စကားလုံးနဲ့ နှိပ်စက်ဦးမယ်၊ ငါ့မှာ ဘယ်ဘဝက





ဝင့်ကြွေးကြောင့်လည်း မသိပါဘူး၊ သားသမီးကို နိုင်အောင် ဆုံးမလို့မရတဲ့ဘဝကို ရောက်ခဲ့ရတာ၊ သေသာသေလိုက်ချင်တယ်၊ သေပစ်ချင်တယ်၊ စိတ်ဆင်းရဲလွန်းလို့"

ပြောပြောဆိုဆိုလုပ်နေသည့် မာမိကို သူကလည်း မျက်ရည်တွေနှင့် စိုက်ကြည့်ပြီး ညည်းခန်းထဲကနေ ချာခနဲလှည့်ထွက်လာခဲ့လိုက်တော့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ လုံးဝ မကျေနပ်ဘူး၊ ကျွန်မ အသက်ရှင်နေသရွေ့ ကာလပတ်လုံး မကျေဘူး၊ ကျွန်မ စိတ်ဆင်းရဲသလို ရှင်လည်း စိတ်ဆင်းရဲစေရမယ်"

လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ရလို့ သူ့ကို ကမ္ဘာမကြေတဲ့ အငြိုးတွေနှင့် ကြိမ်းလာသည့် နောက်ကို သူကလည်း ခပ်သာသာပဲ ခွင့်လွှတ်နားလည်ထားလိုက်သည်။

ဒီကလေးမနဲ့ အံတုပြီးလည်း ပြောချင်စိတ်မရှိတော့။ အိမ်ရောက်ရင်လည်း ပြဿနာက အကြီးအကျယ် တက်ဦးမှာမို့ သူ အေးအေးဆေးဆေးပင် ကားမောင်းထွက်လာခဲ့တော့သည်။

အဲဒီလို သူ အေးအေးဆေးဆေး ဘာမှ ပြန်မပြောတာကို သူမက အရှုံးအနိုင်ရခက်သွားသည်ထင်သည်။





ကားမောင်းနေသည့် သူ့လက်ကြီးကို ဆွဲခါလိုက်သည်တွင် ကားက ဘယ်ညာယမ်းသွားချိန် သူက သတိကြီးစွာ ထိန်းလိုက်ရပြီး နောက်ကိုပဲ အံကြိတ်ကြည့်ပစ်လိုက်သည်။

အဲဒီနောက် ရင်ထဲက အလိပ်လိုက် ထနေသည့် ဒေါသသံကြီးနှင့် ...

"တောက် ... လင်မယားဘဝမရောက်ဘဲ အသေဆောင်ဘဝ ရောက်ချင်လို့လား"

"ကူးမယ် ... ကူးမယ်၊ အဲဒီဘဝကို ကျေနပ်သေးတယ်"

သူမက ငိုရှိုက်သံ ဗလုံးဗထွေးနှင့် ပြောပြီး မျက်နှာလေးကို လက်နှင့်အုပ်ကာ ရှိုက်ငိုလိုက်ပါတော့သည်။

ဒီတစ်ခါတော့ မင်း အငိုမင်းသမီး ဖြစ်သွားပြီပေါ့ ဟုတ်လား။

"ဘဝမှာ အသက်ရှင်လျက်ကနေ သေသွားပါပြီ"

"အဲဒါ မင်းထွင်တဲ့စာတ်ပဲ၊ မဟုတ်မမှန် လုပ်ကြံဇာတ်ဆင်တော့လည်း အရက်နှစ်ဆယ်ကြာမှ အသစ်စက်စက် သတို့သားလေးနဲ့ ရွှေလက်တွဲပြီး ရင်ခုန်ရမယ့် မင်္ဂလာပွဲကြီးက ကိုယ့်ယောကျ်ားကို လက်တွဲပြီး မင်္ဂလာဆည့်ခံရ

www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်္ဂလာပွဲကြီး ဖြစ်သွားပြီပေါ့ကွာ၊ ကိုယ့်ယောက်ျား ဖြစ်သွားပြီဆိုတော့ အသစ်စက်စက် လူပျိုလေးလောက် မသစ်တော့ဘူးပေါ့၊ ငါကတော့ ငါ့ရဲ့သတို့သမီးလေးကို အချိန်မရွေး သစ်တယ်”

အဲဒီလို မခံချင်အောင် သူ ရိထေ့လိုက်ပေမယ့်လည်း သူမက သူ့ကို ဘာစကားမှ ဆိုမလာတော့ချေ။

သူမကလေး အာစီးပြီး ဝမ်းနည်းကြေကွဲသွားပြီဖြစ်သည်။

ပြီးတော့ Heart တစ်ခြမ်း ကွဲသွားပြီလားမသိ။

မှတ်ထား နော။ ချစ်မင်းကိုကို ဆိုတဲ့ ငါ့ကို မင်း ဘယ်တော့မှ အကဲစမ်းလို့မရဘူး။ အခုချိန်ကစပြီး မင်းဟာ ငါ့နေးဖြစ်သွားပြီဆိုတော့ ပိုပြီး အကဲစမ်းခွင့်မရှိတော့ဘူး။

ငါ့ကို မာယာနဲ့လာပြီး မလှည့်စားနဲ့။ ဘယ်တော့မှ မရဘူး။ ငါက မင်းကို သိစ်ချစ်ခဲ့ပေမယ့် ဒါမျိုးကိုတော့ ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး။

○ ❦ ○





၁၅

သူတို့ လက်ထပ်ပြီးတာ တစ်ပတ်ကြာသွားပြီးသည့် အချိန်အထိ နောက သူ့ကို စကားတစ်ခွန်းမှ မပြောတော့သလို သူ့ကိုကိုကလည်း အိမ်ကို အခုထိ ပြန်မလာသေးတာက အန်တီ့ကို ရောဂါပိုတိုးသွားရလေတော့သည်။

အဲဒီလို ရောဂါပိုပြီးတိုးသွားခဲ့ရသလို ...

သားနှင့်သမီးရဲ့ ဥပေက္ခာပြုမှုတွေကို ခါးစည်းခံနေသည့် အန်တီက သားသမီးတွေကို လွမ်းစိတ်နာတဲ့စိတ်ဖြင့် ကြေကွဲမှုအလုံးအထွေးနှင့် ထမင်းမစားနိုင် မသောက်နိုင်ဖြစ်ကာ အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့သည်အထိ စိတ်တွေခံစားချက်ပြင်းသွား နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီ အဲဒီလို ခံစားနေရတာကို လိုက်ပြီး ခံစားနားလည်ပေးတာကတော့ တစ်အိမ်လုံးမှာ သူနှင့် ဖေဖေပဲရှိခဲ့သည်။

အဲဒါကိုပဲ အန်တီက ဝမ်းနည်းကာ မျက်ရည်တွေစီးကျပြီး သူ့သားသမီးတွေ မလိမ္မာတာကို တဖွဖွ ဆိုညည်းငိုရှိုက်လိုက်ပါတော့သည်။

"အန်တီ့ သားသမီးတွေဟာလေ တစ်ယောက်မှ မလိမ္မာကြဘူး၊ မိဘကို စိတ်ဆင်းရဲအောင်လုပ်ရှာ၊ အန်တီတကယ် မခံစားနိုင်တော့ဘူး၊ အခုလည်းကြည့်၊ သမီးအန်တီ့ကို စကားတစ်လုံးမှ မပြောဘူးလေ၊ သားကတော့ အိမ်ကိုတောင် ပြန်မလာဘူး၊ အဲဒီလို ဖြစ်ခဲ့တာ အန်တီ့ကြောင့်လို့ သူတို့ စွပ်စွဲသတ်မှတ်နေတာ၊ အန်တီ ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲလွန်းလို့ သေပါစေလို့ပဲ ဆုတောင်းပါတယ်"

အန်တီက ပြောလည်းပြော ငိုလည်းငိုနှင့် ကြည့်ရသည့် သူ့ကို ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင် ဖြစ်သွားတော့သည်။ ဖေဖေကဆို ပို၍ ခံစားသွားရလေသည်။





ကြေကွဲရိပ်တွေ အပြည့်လွှမ်းသွားသည့် မျက်ဝန်းညိုကြီးဖြင့် အန်တီ ငိုနေတာကြီးကို စိတ်မခံစားနိုင်အောင် စိုက်ကြည့်နေရင်းမှ ကြေကွဲဆို့နင့်သံကြီးနှင့် ...

"တင့်ရယ် ... ဘာမှ စိတ်ထိခိုက် ခံစားမနေပါနဲ့ကွာ၊ သူတို့က တင့်သားသမီးတွေပဲ၊ သားသမီးနဲ့မိဘ စိတ်ဆိုးစိတ်နာ မထားပေါ့ကွာ၊ သမီး တင့်ကို စိတ်ဆိုးနေတာ ဖြစ်သလို သားကလည်း တင့်ကို စိတ်မျက်သွားတာလို့ပဲ ယုံကြည်ထားလိုက်စမ်းပါ၊ သားကလည်း ကြာကြာ သူများအိမ်မှာ မနေနိုင်ပါဘူးကွာ၊ သူ ပြန်လာတော့မှာပါ"

"ဟုတ်ပါတယ် အန်တီရယ်၊ ဘာမှ စိတ်ထဲမှာ အာရုံနှစ်မထားပါနဲ့၊ အန်တီ့ သမီးကို ကျွန်တော် ဆုံးမပါ့မယ်၊ သူအန်တီ့ကို နားလည်ပေးလိုက်ရင် အန်တီ့သားကလည်း အန်တီ့ကို နားလည်မှာပဲလို့ ကျွန်တော် ထင်တယ်၊ သူ့ကြောင့် အန်တီ့သား ဒီလောက်အထိ အန်တီ့ကို စိတ်မျက်သွားတာ၊ အဲဒါ သူ မကောင်းလို့"

"အမယ်လေး ... သူ မကောင်းလို့လို့တော့ သွားပြီး လတ်ညှိုးထိုးမချလိုက်ပါနဲ့ သားရယ်၊ အန်တီ့ကို တစ်ရှိုက်ဆိပ်ရှာနေမှ အန်တီ ဒီထက်ပိုမခံစားနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့် အန်တီ့အသံက တိမ်ဝင်သွားပြီး မခံစားနိုင်သော မျက်နှာကြီးနှင့် တစ်ဖက်လှည့်သွားသည်တွင် သူနှင့်ဖေဖေ အကြည့်ချင်း ဆုံသွားကြလေသည်။ အတန်ကြာ သားအဖနှစ်ယောက် စိတ်ပျက်လက်ပျက်ကြီး ငေးကြည့်နေပြီးမှ ပြိုင်တူခေါင်းကြီးခါယမ်းလိုက်မိကြသည်။

သူက ခေါင်းကြီးခါယမ်းပြီးမှ ဖေဖေ့ကိုလည်းဘာစကားမှမပြောတော့ဘဲ အန်တီ့အခန်းထဲကနေ လှည့်ထွက်လာခဲ့လိုက်သည်။

အဲဒီနောက် တစ်နေကုန် အိပ်ရာထဲက မထွက်တမ်းအိပ်နေသည့် ဇနီးဖြစ်သူဆီ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းဝင်လာခဲ့လိုက်သည်။

ဒီအချိန်မှာ စိတ်ကောက်ကျစ် နာနေသည့် နောကတစ်ကျော့ပြန် ပြန်ပြီး စောင်ခေါင်းမြီးခြုံကာ အိပ်နေပြီမို့ သူဒီတစ်ခါတော့ ဘယ်လိုမှ သည်းမခံနိုင်တော့အောင် ဒေါသစိတ်ကမြင့်သွားရပြီဖြစ်သည်။

သူမတို့မောင်နှမကြောင့် အန်တီ ခံစားနေရသည့်ခံစားချက်တွေကိုလည်း သူ ရင်နာသွားရကာ ဇနီးဖြစ်သူကိုခ





ဆုပ်မှာနိမ်မဖို့ သူမ ခြုံထားသည့်စောင်ကြီးကို ခပ်ကြမ်းကြမ်း ဆွဲခွာပစ်လိုက်ကာ သူမမျက်နှာနားမှာ မျက်နှာချင်းထိမတတ်ငုံ့ပြီးပေါက်ကွဲသွားတော့သည်။

"နော ... မင်း ထစမ်း၊ ထစမ်း၊ ဒီအချိန်က ပြန်အိပ်ရမယ့်အချိန်လား"

လက်ထပ်ပြီးတာ တစ်ပတ်ရှိပြီး သူ့ကို လုံးဝစကားမပြောသည့်ဇနီးကို ဒီနေ့တော့ သူ ရန်ပွဲနှင့် စကားခင်းလိုက်ပြီဖြစ်သည်။

အဲဒီလို ခပ်ကြမ်းကြမ်း သူမကိုယ်လုံးလေးကို ဆွဲခါလိုက်တာကို သူမက ဆတ်ဆတ်ခါနာသွားပြီး သူ့ကို မတန်စေး မတန်ရာ နာမည်ကို ကိုင်ပြီးခေါ်လိုက်ပြန်သည်။

"ချစ်မင်း ... နင့်မျက်နှာပြင်စမ်း၊ ငါ့ကို ဒီပုံစံလာချူးလို့ဘာယ်တော့မှ မရဘူး"

"နော ... မင်း သိပ်မိုက်ရိုင်းတဲ့မိန်းကလေး၊ ငါ့ကွာ ဒေါသထွက်တိုင်း လုပ်ရရင် မင်း သေမယ်၊ မင်း သေမယ်"

နော ကိုယ်လုံးလေးကို အရိုးတွေကြေမတတ် တအားဖျစ်ပြီး ဆုပ်ကိုင်ခါယမ်းလိုက်သည်တွင် နောကိုယ်လုံးလေးက

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ ပျော့ခွေလာရပြီဖြစ်သည်။ ဒီအချိန်မှာ သူ ဘယ်လို လုပ်လုပ် သူမကတော့ သူ့ကို ပြန်ခုခံမှာ သေချာသည်။

ဒီထက်ပိုပြီးလည်း သူမကို မနှိပ်စက်လိုတော့တာမို့ သူမကိုယ်လုံးလေးကို ခုတင်ပေါ်ပြန်ပြီး တွန်းပစ်လှဲချလိုက်ပြီး သူမမျက်နှာလေးကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"မင်းဟာ ယောကျ်ားကို ရိုသေရမှန်းမသိ လေးစားရမှန်း မသိ၊ မိဘကို ရိုသေရမှန်းမသိ လေးစားရမှန်း မသိတဲ့ မိန်းမရိုင်း"

"ရှင်က မိန်းမတစ်ယောက်ရဲ့စိတ်ကို နာအောင်လုပ်တဲ့ ယောကျ်ားရိုင်း"

"မင်းက ငါ့ကို စိတ်နာတယ် ဟုတ်လား ... ဟား ဟား၊ ကြားရတာ နားအရသာ ရှိလိုက်တာကွာ၊ မင်္ဂလာပဲ"

"ရှင် အမြန်သေပါစေ၊ ကျွန်မကို စိတ်ဒုက္ခရောက်အောင် လုပ်ထားတဲ့ ရှင့်ကို ကျွန်မကသေပါ့ပါစေလို့ ဆုတောင်းတယ်"

"တောက်"

သူ ဒီအခန်းထဲက အမြန်ဆုံးလှည့်ထွက်လိုက်တာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။





ကြာရင် သူမကို သူ ပါးမရိုက်မိဘူးလို့ အာမ မခံနိုင်။ ဒီထက်ပြဿနာပိုမကြီးသွားဘူးလို့လည်း အာမမခံနိုင်တော့တာမို့ ဒေါသစိတ်ကို မျိုသိပ်ပြီး အံကို တင်းတင်းဖိကြိတ် လက်သီးကို ကျစ်ကျစ်ဖိဆုပ်ပြီး သူမအရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့ပါတော့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူ အကြီးအကျယ် ဒေါသထွက်ခဲ့မိပေမယ့် ညဘက်မှာတော့ စိတ်က အလိုလိုပြေကာ ဇနီးဆိုးလေးကို ချော့မော့နစ်သိမ့်ဖို့ပဲ အာရုံနစ်ထားလိုက်သည်။

အမြဲတမ်း သူ့ကို ကျောခိုင်းအိပ်တတ်သည့် ဇနီးလေးကို သူက အနောက်ကနေ ခပ်တင်းတင်း သိမ်းဖက်ပြီး ချော့ချော့မော့မော့ ပြေရာပြေကြောင်းပြောဖို့ ကြိုးစားလိုက်သည်။

"နော"

"......"

"ညီမ"

"......"

"မိန်းမ"

"......"



"ဟော့ ဇနီးလေး"

"......"

သူ လေးခွန်းတိတိခေါ်တာကို လုံးဝ အရေးမစိုက်သည့် ဇနီးသည်ကို သူက ချော့အနမ်းတွေနှင့် နှစ်သိမ့်ချော့မော့လိုက်တာကို ဇနီးလေးကတော့ နည်းနည်းမှ ဘယ်လို ခံစားချက်မျိုးမှ မခံစားရဘဲ ရင်မခုန်ဖြစ်နေသည်လားမသိ။

သူမ အဲဒီလို အသက်မဝင်တာကိုပဲ သူက ရင်မော ရတာဖြစ်သည်။ ဒါပေမဲ့ ကိုယ့်ဘက်က အမှားကျူးလွန်ခဲ့ပြီမို့ သူ ကြိတ်မှိတ်သည်းခံပြီး သူမကို နားဝင်အောင် နှစ်သိမ့်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ဒီဆုံးဖြတ်ချက်တွေက သူ့ကို တကယ် ငြိမ်းချမ်း ရသွားပြီး နောက်ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲလှည့်ပြီး ခပ်တင်းတင်းဖက်လိုက်ကာ မျက်နှာလေးကို သူ့မျက်နှာနှင့် အနီးဆုံး ပူးယှက်လိုက်ပြီး ကြင်နာနွေးထွေးသည့် ရင်ထဲက အသံကြီးနှင့် ...

"ညီမ ငါ့ကို မကောက်ကျစ်ပြနဲ့ကွာ၊ ငါ ကောက်ကျစ်တာ လုံးဝ မကြိုက်ဘူး၊ စိတ်ဆိုးရင်ဆိုး၊ ဒေါသထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်လို့ ရန်တွေ့ရင်တွေ့၊ အဲဒီလို စကားမပြောဘဲ ကောက်ကျစ်တာတော့ ငါ မကြိုက်ဘူးကွာ၊ ဟင် … ဟော့ စကားပြော၊ စကားမပြောရင် ကလိထိုးမှာနော် ဟော့"

သူက သူ့ကို တစ်ပတ်လုံးလုံး စကားတစ်ခွန်းမှ မပြောသည့် ဇနီးလေးကို ပြောသည့် နည်းပရိယာယ်ဆင်လိုက်လေသည်။

အဲဒီလို သူမ ခါးကြားထဲကို ကလိထိုးလိုက်တော့မှ သူမက ကိုယ်လုံးလေး တွန့်လိမ်သွားကာ …

"မလုပ်နဲ့နော်"လို့ အော်ဖော်ရလာခဲ့သည်။ အခြေအနေက နည်းနည်းတိုးတက်လာခဲ့ပြီမို့ မနက်က အန်တီ့ ရင်တွင်း ခံစားချက်ကို ပြောဖို့ သူ စကားခင်းလိုက်သည်။

"ညီမ မိခင်တစ်ယောက်ရဲ့ ခံစားချက်ကို မင်း ဘယ်လို မြင်သလဲ ဟင်၊ အင်း … ထားပါ၊ ဒီစကားကို မင်းက မိခင်မဖြစ်သေးတော့ ဘယ်ဖြေနိုင်ဦးမလဲ၊ အခုလို ကိုယ့်အပေါ် မကျေနပ်ဆုံးဖြစ်လာတဲ့ အချိန်မှာဆိုတော့ ပိုဆိုးတာပေါ့နော် …





ထားပါ၊ ကိုယ် ထွေထွေထူးထူး ဘာမှ မပြောချင်ပါဘူး၊ အမိက ကိုယ်ချစ်တဲ့ဇနီးကို မိခင်အပေါ်မှာ နားလည်မှု စိတ်ထားကလေး ရှိစေချင်တာ၊ ကိုယ့်မိခင် ကိုယ့်ကြောင့် စိတ်ဆင်းရဲသောကရောက်ပြီး ထမင်းမစားနိုင် မသောက်နိုင်နဲ့ အိပ်ရာထဲ ဗုန်းဗုန်းလဲနေတဲ့ ဘဝကို မင်း မြင်ချင်သလားဟင် ညီမ"

သူ့စကားတွေကို ဘာမှ ပြန်ပြောဖော်မရပေမယ့် နားထောင်နေပုံကတော့ မိခင်အပေါ် နည်းနည်းသနားသွားသည့် ခံစားချက်လို့ သူက ယုံကြည်သွားကာ ပြောလက်စ စကားကို ဆက်ပြောလိုက်ပါတော့သည်။

"မနက်က အန်တီ ငိုတယ်၊ သူ့ကိုယ်သူ သေပါစေလို့လည်း ဆုတောင်းတယ်၊ သူ့အပေါ် နားလည်မှုမရှိတဲ့ သားသမီးတွေနဲ့ အတူနေရတာ စိတ်ဆင်းရဲတယ်၊ ဝမ်းနည်းတယ်ဆိုပြီး ငိုတော့ ကိုယ် တော်တော်ခံစားရတယ်၊ ကိုယ့်မိန်းမကိုယ် စားလည်း ရှက်မိတယ်၊ သမက်တစ်ယောက်အနေနဲ့ ငါ ငါ့ယောက္ခမကို ဒီထက်စိတ်ချမ်းသာအောင် ထားရမယ် စကားပြောရမယ်၊ နှစ်သိမ့်ရမယ်ဆိုတာကိုလည်း အရင်က ထက် ပိုပြီး သဘောပေါက်သွားတယ်"

www.burmeseclassic.com



သူက စကားခဏဖြတ်ပြီး ရင်ခွင်ထဲက ဧနီးလေးကို တစ်ချက်ငုံ့ကြည့်လိုက်မိသည်။ အဲဒီအချိန်မှာ နှုတ်ခမ်းလေးကိုက်လိုက်ပြီး ဝမ်းနည်းသွားသည့် ဧနီးဖြစ်သူကို သူက မသိချင်ယောင်ဆောင်ပြီး လိုချင်သည့် စကားတွေကိုပဲ ဆက်ပြောလိုက်ပါသည်။

"ကိုယ့်ရဲ့မိန်းမကိုလည်း ကြီးတဲ့သူအနေနဲ့ ဆုံးရမယ်ဆိုတာ နားလည်သွားတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ နော်ရယ်၊ ကိုယ့်မိခင်က မကောင်းတာ စီမံတာမှမဟုတ်တာ၊ မကောင်းတဲ့လမ်းကြောင်းကို လျှောက်ခဲ့တာမှ မဟုတ်တာ၊ သမီးကိုလည်း အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးခဲ့တာ မိခင်တစ်ယောက်ရဲ့ ကျေးဇူးကို မင်းတို့က သက်ရှိထင်ရှားရှိနေတုန်း ဘာမှ မသိတတ်ကြဘူး၊ ငါကတော့ ဆုံးရှုံးလိုက်ရပြီဆိုတော့ သိတယ်၊ တမ်းတတယ်၊ ကြေကွဲတယ်"

"... ... ..."

"ဟင် ... နော၊ အစ်ကိုပြောတာ သဘောပေါက်ရဲ့လား၊ မင်းတို့ မောင်နှမတွေ အန်တီ့အပေါ် နားလည်ပေးလိုက်စမ်းပါကွာ၊ ဘုရားတောင်မှ မိခင်ကျေးဇူးကိုဆပ်တာ နို့တစ်လုံးဖိုးပဲ ကျေတာ၊ မင်းတို့ ငါတို့ သာမန်လူသားတွေ



က နို့တစ်စက်ဖိုး ကျေအောင်တောင် မနည်းကြိုးစားရဦးမယ်၊ အစ်ကိုပြောတာ သဘောပေါက်လား ညီမ"

"အခု နော့က ဘာပြောနေလို့လဲ"

"အဲဒီလို ဘာမှမပြောဘဲ စိတ်ကောက်တာ၊ လင်သားအပေါ်မှာက အကြောင်းမရှိဘူး၊ မိဘအပေါ် အဲဒီလို မဆိုးရဘူး၊ ငရဲကြီးတယ်ကွ၊ ညည်း ... ညည်း မာမီ့အပေါ် လက်ခံစကားပြောသင့်ပြီနော်၊ ဒါ အစ်ကို သမက်တစ်ယောက်အနေနဲ့ ယောက္ခမ ခံစားရတာကို ကြည့်ပြီး မခံစားနိုင်လို့ပြောတာ၊ ကြားလား နော၊ မင်း ကိုကို့ကိုလည်း မင်းမာမီ မစားနိုင် မသောက်နိုင် ဖြစ်နေတဲ့အကြောင်း ဖုန်းဆက်ပြောပြီး အိမ်ပြန်လာဖို့ ပြောလိုက်နော်"

"ဒါတွေ ဘာမှလာပြောမနေပါနဲ့"

"နော ... မင်း နားမလည်သေးဘူးလား၊ မင်းကို အစ်ကိုဒူးထောက်တောင်းပန်မှ မင်းက ကျေနပ်မှာလား၊ ပြော"

သူက ပြောရင်းနှင့် စိတ်လွှတ်ကိုယ်လွှတ် ဖြစ်သွားပြီး နော ကိုယ်လုံးလေးကို ထူမတ်ကာ နောအရှေ့မှာ ဒူးထောက်ထိုင်ချပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သူ အကျပ်ကိုင်လိုက်တော့မှ နောက လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ သူ့ကို မျက်လုံးအဝိုင်းသားနဲ့ စိုက်ကြည့်ပြီး အသံမာမာနှင့် အော်ပြောလိုက်လေတော့သည်။

"ဒါ ... ဒါ ဘာလုပ်တာလဲ"

"အစ်ကို မင်းကို ဒူးထောက်တောင်းပန်တယ်"

"အို ... ဒုက္ခပါပဲ၊ ငရဲမပေးမနေပါနဲ့၊ အစ်ကိုကို နောက ဘာပြောနေလို့လဲ"

"အား ... ကမ္ဘာမြေပြင် တစ်ခွင်လုံး လင်းသွားသလို အစ်ကို့ရင်ထဲက နှလုံးသားတစ်ခုလုံးလည်း လင်းသွားပြီ၊ ဘာတဲ့ ... အစ်ကို ... ဟား ... အမြဲခေါ်ရမယ်နော်၊ ညည်း ဟား ... လိမ္မာလိုက်တာကွာ၊ မာမီ့ကိုလည်း လိမ္မာပေးလိုက်ရင် ဘာမှအပြစ်ဆိုစရာ မရှိတော့ဘူး၊ ကိုယ့်အတွက် ဇနီးဆိုးစာရင်းမဝင်တော့သလို မာမီ့အတွက်လည်း သမီးဆိုးစာရင်းမဝင်တော့ဘူးပေါ့ ... နော် ... ညီမ၊ ဟား ဟား ... ကောင်မလေးတစ်ယောက် ရင်ထဲက စကားတွေ ထွက်ကျသွားလို့ ရှက်သွားပြီ၊ ရှက်သွားပြီ"

"ရှင်နော်"



ဆိုပြီး ရှက်စနိုးလေး အိပ်ရာထဲ ပြန်လှဲအိပ်ချလိုက်သည့် ဇနီးလေးနှင့်အတူ သူကလည်း လှဲလျောင်းအိပ်စက်လိုက်ရင်းမှ ရင်ထဲက ကြင်နာနွေးထွေးသည့် ချစ်ခြင်းသံစဉ်တွေကို မပြတ်တမ်း ခြွေချလိုက်ပါတော့သည်။

ဒီတစ်ခါ သူ့ရင်ခုန်ချစ်ခြင်းတွေသည် အသက်ဝင်ပြီး ခံစားချက်ပြည့်ကာ နွေးမြသွားရှုပြီဖြစ်သည်။

ဘာကြောင့်လဲလို့ ခင်ဗျားတို့ ထင်သလဲ။ (ကျွန်တော် ဝန်ခံတယ်၊ ကျွန်တော်ချစ်တဲ့ မိန်းမက ကျွန်တော့်ကို ခွင့်လွှတ်နားလည်ပေးပြီး ကျွန်တော့်ကို ချစ်ခွင့်ပေးလိုက်လို့ပါပဲ။)

○ ❦ ○

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

သူ အိမ်ကိုပြန်ရောက်လာသည့် အချိန်မှာတော့ မာမီတစ်ယောက် အတိုင်းထက်အလွန် ဝမ်းသာသွားပြီး ထမင်းစားနိုင် သောက်နိုင် ဖြစ်သွားတာကို သူက မျက်မှန်းကျိုးသွားသည်။ သူ မျက်မှန်းကျိုးပေမယ့် မာမီ့အသစ်သမက်နဲ့ ခမက် (ချစ်သူ)ကတော့ ပျော်လုံးဆို့သွားသည့် မျက်နှာတွေနှင့် သူ့ကို အပြုံးရိပ်လွှမ်းနေသည့် အရိပ်တကြည့်ကြည့် ကြည့်နေတာကို သူ တကယ် အခံရခက်လှသည်။

ဒီနေ့မနက် ကော်ဖီဝိုင်းမှာလည်း ကော်ဖီအတူ သောက်ရင်းနှင့် သူ့ကို စကားရော ဖောရောနှင့် မာမီ့လူကြီးက





ပြောလာခဲ့တာ. သူ့ရင်ထဲက မျိုသိပ်ထားသည့် ဒေါသတွေကို ဘယ်လိုမှ ချုပ်ထိန်းလို့မရ ဖြစ်သွားတော့သည်။

ဒေါသမျက်လုံးတွေက အဲဒီလူကြီးဆီ ပစ်ကျသွားချိန် လူကြီးကလည်း အလိုက်မသိစွာဖြင့် သူ့ကို ပြောလာခဲ့သည်မှာ ...

"သား ... ယောက်ျားရတောင် နည်းနည်းမြှောင်းသွားသလိုပဲနော်၊ သားလည်း ကျန်းမာရေးဂရုစိုက်၊ အသက်ငယ်ငယ် ကြီးကြီး ကျန်းမာရေးက အဓိကပဲ၊ စိတ်ထောင်းကိုယ်ကြေ မဖြစ်စေနဲ့၊ ကိုယ့်စိတ်ကိုယ် သက်သာသလို နေပါကွာ ... နော်၊ မင်း ပြန်ရောက်လာတာနဲ့ မင်းမာမီလည်း ချက်ချင်းကို ထမင်းစားနိုင်သွားတာပဲ၊ အဲဒါ စိတ်ပေါ့ သားရယ်၊ သားလည်း စိတ်ထိခိုက်စရာတွေ ကြိဖန်တွေးပြီး မနေနဲ့"

"ခင်ဗျား ကျွန်တော့်ကိုလာပြီး ဆရာလုပ်စရာ မလိုပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော် ဘာမှဆိုင်တာ မဟုတ်ဘူး၊ ဘာမှ ကျွန်တော့်ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်ခွင့် မရှိဘူး၊ ခင်ဗျားဆိုင်တဲ့ ခင်ဗျားချွေးမကိုသာ ဆရာလုပ်ချင်လုပ်၊ ကျွန်တော့်ကို ဆရာလာမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သား"

"မာမီ ကျွန်တော့်ကို ဘာမှမပြောပါနဲ့၊ ကျွန်တော် မာမီ့ကိုချစ်လို့ မာမီစိတ်ဆင်းရဲမှာစိုးလို့ အိမ်ကိုပြန်လာခဲ့တာ၊ ဒီမျက်နှာတွေ ဒီအသံတွေကို လုံးဝကြည့်ချင် ကြားချင်နေတာ မဟုတ်ဘူး၊ အဲဒါ ခင်ဗျားတို့သားအဖနှစ်ယောက်စလုံးသဘောပေါက်"

သူ ဒီပိုင်းထဲကနေ ချာခနဲ လှည့်ထွက်လာခဲ့လိုက်သည်။

ရင်ထဲမှာ အခံရခက်လွန်းလို့ တဆတ်ဆတ် တုန်နေသလို မထုံတက်တေးလေး ဖြစ်သွားသည့် ညီမဖြစ်သူကိုကြည့်ပြီး သူ ပိုပြီးအသည်းနာသွားရပါသည်။

အစတုန်းက ပြောထားတာတော့ မိုးလားကဲလား၊ ချစ်မင်းဆိုရင် ချဉ်လွန်းလို့ ချဉ်မင်းတောင် ခေါ်ခဲ့တာ၊ အခုတော့ ယောက်ျားစကားထွက်တိုင်းကို နာခံလက်ခံနေတာ ကြည့်ရတာ ကြာရင် သူနဲ့ပြဿနာဖြစ်နိုင်သည်။

သူ အိမ်ကိုပြန်လာသည့် နေ့ကဆို လက်သီး Fight စရာ ဖြစ်ခဲ့တာ။ အဲဒီနေ့က သူ အိမ်ပြန်ရောက်ရောက်ချင်း အိပ်



ရာထဲမှာ မစားမသောက် ဖြစ်နေသည့် မာမီ့ကို ဝင်ကြည့်တော့ မာမီ ဝမ်းသာအားရ ကျေနပ်သွားတာ သူ ကျေနပ်မိပါသည်။

ဒါပေသည့် မာမီ့လူကြီး စကားပြောကြီးကို နားခါးသီးစွာ လက်မခံနိုင် ဖြစ်ခဲ့ရသည်က ပြဿနာတစ်ရပ် ဖြစ်သွားရသည်။

"သားရယ် ... ဦးတို့က မိသားစုဝင်တွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်ပေးလိုက်ရင် အားလုံး အဆင်ပြေသွားမှာပါကွာ၊ မင်းမာမီလည်း စိတ်ချမ်းသာသွားတာပေါ့"

ဆိုပြီး သူတော်ကောင်းစကား ဆိုလိုက်တာကို သူက လုံးဝလက်မခံနိုင် ဖြစ်သွားကာ မာမီ့လူကြီးမျက်နှာကို ခါးခါးတူးတူး စိုက်ကြည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"တော်စမ်းပါဗျာ၊ ခင်ဗျား စကားတစ်ခွန်းမှ ဝင်မပါနဲ့၊ ဒီမှာ ... ကျွန်တော် ရှင်းရှင်းပဲပြောမယ်၊ ခင်ဗျား ကျွန်တော့်မာမီကို မျှော်ဖို့တော့ လုံးဝစိတ်မကူးနဲ့၊ တစ်ယောက်ပဲ မဖြစ်မနေ အပါခံမယ်၊ ကျွန်တော် ခင်ဗျားကို လုံးဝအလိုမရှိဘူး၊ မာမီနဲ့လည်း လုံးဝသဘောမတူဘူး၊ ဒီမှာ နေ၊ နင်လည်း ပြောလိုက်စမ်း၊ နင်ပြောမယ်ဆိုတဲ့စကားကို"

www.burmeseclassic.com

www.burmeseclassic.com



“ဟာင်”

ဒီအချိန်မှာ မျက်နှာလေး မဲ့သွားသည့် နောက်ကို သူဖြစ်နိုင်ရင် အားလုံးရှေ့မှာ နားရင်းသာ ဆွဲတီးပစ်လိုက်ချင်သည်။ အဲဒီလောက်ကို အခံရခက်သွားတာဖြစ်သည်။

ရင်ထဲမှာ အခံရခက်လွန်းလို့ ဟိုကောင့်ဘေးမှာ ခေါင်းလေးငုံ့ပြီး ရှေ့င့်နှုတ်ပိတ် ဖြစ်သွားသည့် နောပခုံးတစ်ဖက်ကို ဆွဲလှည့်ကာ မျက်လုံးကြီးအပြူးသားနှင့် အံကြိတ်ပြောလိုက်မိသည်။

“နော … ပြောစမ်း၊ ဒီလူကို မာမိနဲ့ လုံးဝသဘောမတူဘူး ဆိုတာ”

“ဟေ့ကောင် … မင်း ငါ့မိန်းမ အသားကို လုံးဝနာအောင် မလုပ်နဲ့နော်”

“ဘာကွ … မင်းက … မင်းက …”

“ဟေ့ကောင် … မင်းက မောင်၊ ဘာမှမဆိုင်တော့ဘူး၊ ငါက သူ့ယောကျ်ား၊ ငါ့စကားပဲ သူ လက်ခံရမယ်၊ နော … မင်း ဘာစကားမှ ပြောစရာမလိုဘူး၊ သွား … သွား … မင်း အခန်းထဲ ပြန်နေ နော”



“နော … နင်”

“သား … မင်း … မင်း စိတ်လျှော့လိုက်ပါ သားရယ်၊ မာမိကို စိတ်ချမ်းသာစေချင်ရင် မင်းစိတ်လျှော့လိုက်ပါနော်”

မာမိက သူ့လက်ကြီးကို တင်းတင်းဆုပ်ပြီး သတိပေးလိုက်တော့မှ သူ ခေါင်းကြီးငိုက်စိုက်ချ ငြိမ်သက်သွားရလေတော့သည်။

နောကိုလည်း လက်ထဲကနေ ဖြေလွှတ်ပေးလိုက်ရတော့သည်။ ဒီအချိန်မှာ သူ့ရင်ထဲမှာ ဘယ်လိုခံစားချက်ကြီးမျိုး ခံစားနေရသည်ဆိုတာကိုတော့ မာမိနှင့် နောက နားလည်ပေးလိမ့်မည်မထင်။ (ခံစားရမည်လည်း မဟုတ်။)

သူကတော့ ရင်ထဲမှာကို တနင့်တနဲကြီး ခံစားလိုက်ရတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောရေ ... မိန်းမရေ"

ဆိုသည့် အသံက သူ့နားထဲကို အူအူထွက်သွားသည်အထိ ခါးသီးသွားတာဖြစ်သည်။

အခုလည်း ရေချိုးခန်းထဲမှာ ပလူးပလဲ အသံတွေကို နားမခံနိုင်စွာ ကြားနေရသေးသည်။

တောက် ... ဖြစ်နိုင်ရင် ဒီကောင့်မျက်ခွက်ကို ချေးအလိမ်းလိမ်း ဖြစ်သွားအောင် ဖွတ်ရွတ်ထိုးပစ်လိုက်ချင်တာပါ။

နားထောင်ပါဦး၊ ကြားနေရသည့် အသံက သူ့ကို တကယ် အစ်ရခက် ရင်ဆူပွက်စေသည်။

"အဟား ... မျက်စောင်းမထိုးနဲ့ တကယ်လှတယ်"

"ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာသစ်မှာဖြင့် မြန်မြန်သစ်၊ တော်ကြာ ကိုကိုလာတာနဲ့ ပက်ပင်းတိုးနေမှ ရှင် စားသာရာမရ ဖြစ်နေမယ်"



"အောင်မယ် ... မင်းကိုကို ဖလံလေးကို ငါ တစ်မွေ့ရှိတယ်၊ ဒီမှာ ပျော်လို့ပါ မိန်းမရဲ့၊ ကိုယ် ကြားလာရတဲ့ စကားလေးတွေ သစ်လို့ပါ" ,

"ဟင် ... ဘာစကားလဲ၊ ပြောပါဦး"

"သိချင်တယ်ပေါ့၊ ပြောမယ် နားထောင် ကလေးမ။ အင်း ညက ဖေဖေနဲ့ မာမီ ပြောနေတဲ့အသံကို ကိုယ်ကြားခဲ့တယ်"

"ဟင် ... ဘာတွေပြောလဲ၊ ပြောပါဦး"

"ဖြတ်မမေးနဲ့ နားထောင်၊ ပြောမယ်လေကွာ၊ မာမီ့ကို ဖေဖေက ညဆယ်နာရီမှာ ချော့မလို့တဲ့"

"ဘာရယ်"

"ချော့မလို့တဲ့ သီချင်းနဲ့"

"ဟဲ့ ... အယ်၊ ကလက်လိုက်တာ ရှက်စရာကြီး၊ ရှင့်ဖေဖေကလည်းနော် သိပ်ကဲတာပဲ"

"သားအတိုင်းပဲနော် နော"

"ဘာ ... ရှင်နော်၊ ပြော ... ဆက်ပြော၊ နောက်ပြီးတော့ ဘာတဲ့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောမယ် နားထောင်၊ မေမေက ကိုယ်တို့ခေတ် လင်မယားထက်တောင် ခေတ်မီသေးတယ်၊ မာမီ လွမ်းခဲ့ ဆွေးခဲ့၊ ဝမ်းနည်းခဲ့ရတဲ့ ခံစားချက်တွေကို သူက အချစ်သီချင်းနဲ့ စိတ်ပျော်အောင် ချော့မယ်တဲ့၊ တင့်က ကိုယ့်ရင်ခွင်မှာ ခေါင်းကလေးမှီပြီး ငြိမ့်ငြိမ့်လေး ခံစားနားဆင်ပေးပါတဲ့ကွာ၊ အဟား ဟား ... မေမေ့စကားလုံးတွေက သစ်လွင်းလို့ ကိုယ့်ဇနီးလေးကို ကိုယ် ဘယ်လို ဘယ်လို ချော့ရမယ်ဆိုတာတောင် ကိုယ် သင်ခန်းစာရတယ်"

"အစ်ကိုနော် ... ဒါပဲထတ်တယ်"

"အကုန်လုံး တတ်ပါတယ်ကွာ၊ မိန်းမကလည်း ဟဲ ဟဲ"

"ကြည့်ပါလား၊ သိပ်မှန်းစရာ ဖြစ်နေပြီနော်၊ နေပါဦး၊ အဲဒီတော့ မာမီက ဘာပြောလဲ"

"ဟင် ... ဘာပြောရမလဲ နောကလည်း၊ မိန်းမဆိုတာ အသက်ဘယ်လောက်ကြီးကြီး ယောကျ်ားရဲ့အချော့ကိုခံချင်သေးတာပေါ့၊ ညီမလည်း အစ်ကို အချော့ကောင်းလို့ အခုဆို အားကို အားကို ဖြစ်နေပြီ"

"ဟင် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ သိပ်စိတ်ညစ်ဖို့ ကောင်းနေပြီ"



"စိတ်မညစ်နဲ့၊ ညကျ ပျော်စရာအကွက်ကို ချောင်းရမယ်၊ မေမေက မာမီ့ကို ပန်းခြံထဲက ကိုယ်တို့ထိုင်ခဲ့တဲ့ ခုံတန်းကလေးမှာ ချော့မတဲ့ဗျာ ချော့မတဲ့၊ ဆယ်နာရီတဲ့၊ ကိုယ်ကြားခဲ့တာ၊ အဲဒီတော့ ကိုယ်တို့ လင်မယား ချောင်းကြစို့၊ မေမေချော့ပုံချော့နည်းလေးကို သင်ခန်းစာ ယူရအောင်ကွာ ဟဲ ဟဲ"

"ဟာ ... ဒုက္ခပဲ"

သူ ဒီနေရာကနေ လှည့်ထွက်ဖို့ သင့်ပါပြီ။ ရှေ့ဆက် နားထောင်နေရင် နမလေးထားရသည့်သူက တကယ့်ကို မျက်နှာပူစရာ မျက်နှာနာစရာ ဖြစ်ရလိမ့်မည်။

အင်း ... ဒီလောက်ကဲသည့် ဒီအဘိုးကြီးသားအဖကိုတော့ သူ တစ်ခုခုနှင့် ပညာပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဒီဆုံးဖြတ်ချက်ကတော့ ...။

o ❦ o

www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... တိုးတိုး၊ ဟိုမှာ ဖေဖေနဲ့မာမီ ထိုင်ခုံလေး၂ နေပြီ"

"အင်း ... အစ်ကို၊ ဒီပန်းချီလေးမှာထိုင်မယ် မမြင်ရဘူး၊ စကားသံကိုလည်း အတိုင်းသား ကြားရတယ်၊ ပြီးတော့ ချောင်းကြည့်ရင်လည်း အထင်းသားကြီး အဟင်း ဟင်း။ အစ်ကို့ကို ကိုကို Fingt တဲ့နေ့က ချောင်းတဲ့ ပန်းချီလေး"

"ဒါကို ထည့်မပြောနဲ့ကွာ"

"အဟင်း ဟင်း"

"အေးပါ ... ရယ်ပါ ... ရယ်ဝါ၊ တော်ကြာမှ ဖေဖေ သူ့မာမီကို နမ်းချော့ ချော့မှ သဝန်တိုမယ် မပြင်နဲ့"

"အစ်ကိုနော်"



နောက သူ့ကို တံတောင်နဲ့တွက်ပြီး မျက်စောင်း လှမ်းချိတ်လိုက်မိသည်။ ဟင်း ... သူကတော့ ပြောလိုက်ရင်တော့ တစ်ကွက်ကျော့ကြီးပဲ၊ အဲဒါကို နောက မျက်မှန်းကျိုးသွားခဲ့ရ တာဖြစ်သည်။

"ဟော ... စပြီ ... စပြီဗျာ၊ ပွဲက မြိုင်တယ်ဗျာ"

နော စိတ်ထဲမှာ တစ်ယောက်တည်း မကျေမနပ် ဖြစ်နေသည့် အချိန်မှာ ကြားလိုက်ရသည့် သူ့အသံက ရင်ထဲက ကလိထိတိ အသံကြီးမို့ နောရင်ထဲမှာ မအီမလည်ကြီး ဖြစ်သွား ရသည်။

သူ့ကိုလည်း မကျေမနပ် စိုက်ကြည့်ပစ်လိုက်မိသလို မာမီနဲ့ သူ့ဖေဖေကိုလည်း လှမ်းကြည့်မိသွားချိန်မှာ မျက်လုံးက လေးကို ဖျတ်ခနဲ ဖိမှိတ်လိုက်မိသည်အထိ ရှက်သွားရသည်။

"ဟဲ ဟဲ ... တွေ့လား၊ တွေ့လား"

"ဘာတွေ့တာလဲ"

"ဖေဖေ နှာခေါင်းပွတ်နေတာ"

နော တကယ်ရှက်သွားပါသည်။ ရင်တွေလည်း ခုန်သွားချိန်မှာ သူကလည်း နောကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



တဟီးဟီး ရယ်နေသည်က နောက်ို တကယ် အခံရခက်စေခဲ့ရသည်။

အခံရခက်လွန်းလို့ သူ့ကို တိုးတိုးကျိတ်ကျိတ်မာန်ပစ်လိုက်မိသည်။

"ဘာဖြစ်နေတာလဲ၊ ရှင်နော်"

"ဟဲ ဟဲ ... သစ်လို့ပါဗျာ၊ အဘိုးကြီးပေမယ့် ဖေဖေ့ကို လျှော့မတွက်နဲ့နော် ကလေး၊ အဲ ... စပြီဗျာ ပွဲက၊ အခု တကယ့်ကို အစစ်အမှန် မြင်ပြီ၊ နားထောင် ... နားထောင် ... ဖေဖေချော့တဲ့ အသစ်နည်းနဲ့ အသစ်သီချင်းကလေးကို"

ဒီအချိန်မှာ ဦးဖေမောင်ကတော့ သူ့ခံစားချက်နှင့်သူ ပြည့်ကာ တင့်ဆံစနနလေးတွေကို တစ်ချက် နှစ်ချက် သပ်တင်ပေးလိုက်ရင်းမှ ...

"တင့် ... ဒီအချိန်မှာ ကိုယ်တို့ အခက်အခဲတွေနဲ့ ကျော်ဖြတ်ခဲ့တဲ့ ချစ်ခြင်းတွေ အေးမြသွားပြီ၊ တင့်ရင်ထဲက သားနဲ့ သမီးနဲ့ ပတ်သက်တဲ့ ခံစားမှုတွေလည်း ဘာမှမထားတော့နဲ့၊ ကိုယ် တင့်ကို အချစ်သီချင်း နုနုလေးနဲ့ချော့





မယ်၊ ဒါမှ တင့်ရင်ထဲက အလွမ်းတွေက အချစ်အပြစ် ပျော်ဝင်ကူးခတ်သွားမှာ"

"အင်း ... ကဲ ... ပြောပါဦး၊ အစ်ကိုက ဘာအချစ်သီချင်းနဲ့ ချော့မှာလဲ"

"အခုခေတ် အဆိုတော်ကွာ၊ ကောင်းမြတ် သီချင်းလေး အရမ်းနုပြီး အရမ်းသစ်တာပဲကွာ"

"ဟဲ့ အယ် ... ရှင့်အသက်အရွယ်နဲ့ အခုခေတ် အဆိုတော်လေးတွေသီချင်း ဆိုလို့ကိုက်တော့မလား၊ ရှင်တို့နဲ့ရွယ်တူ ထူးအိမ်သင်သီချင်း နုနုလေးတွေလည်း ကောင်းပါတယ်"

"ဟာ့အေးကွာ၊ ကိုယ်ကတော့ သားဖွင့်တဲ့ ကောင်းမြတ် သီချင်းလေးကိုပဲ နားထဲမှာစွဲနေပြီ၊ ကိုယ်တို့ရှိတဲ့ အသက်ထက် နှစ်ဆယ်ပိုငယ်လိုက်နော်၊ ဟုတ်ဖူးလား"

"အင်းပါ ... အင်းပါ၊ ကဲ ... ဆိုကြည့်ပါဦးရှင်"

ဒီတစ်ခါတော့ တင့်ရဲ့ခွင့်ပြုချက်နှင့် သူက ကောင်းမြတ်ရဲ့သီချင်းလေးကို ခံစားချက်အပြည့်ထည့်ကာ ဆိုပြဖို့ ဆုံးဖြတ်လိုက်သည်။ (တင့်ကို ချော့မော့နှစ်သိမ့်တယ်လို့လည်း [illegible] လို့ရပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်နော် တင့်"

"အင်းပါ"

တင့်ကို ရင်ခွင်ထဲ ဆွဲဖက်ပြီး တင့်ရဲ့ဆံပင်ရှည်ကြီး တွေကို သူက တစ်ချက်ငုံ့နမ်းလိုက်ရင်းမှ မျက်စိကို စုံလုံးမှိတ်ကာ ခံစားချက်အပြည့် အသံကြီးနှင့် ...

"မင်းရဲ့ဆံနွယ်တွေ လေမှာလွင့်နေတယ် ညင်သာစွာ နမ်းခွင့်ရချင်လည်း ..."

"ဟား ... မဆိုနဲ့၊ မဆိုတော့နဲ့၊ တအားရက်ဖို့ကောင်းတာ၊ ကလေးစုံတွဲလေးတွေရဲ့ ဒါရိုက်သီချင်း၊ တင့် မခံစားတတ် ဘူးကွယ်၊ အစ်ကိုကလည်းနော်၊ ဘာတွေလျှောက်ဆိုနေ တာလဲ"

တင့်က ရက်လန့်တကြား သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး မျက်နှာရဲသွားသည်အထိ ရက်သွားတာကို သူ ကြည့်ရင်းနှင့် စိတ်ပျက်သွားပေမယ့် ခွဲက မလျှော့ချင်သေးဘဲ တင့်လက်ကလေး ကို ဆွဲထိန်းကာ ...

"နေပါဦးကွာ၊ ဟိုနေရာလေးဆို တင့် မရှက်တော့ပါဘူး ဆိုပြမယ်၊ နားထောင် ..."





မင်းအနား ရောက်ချင်ပြီ၊ ချစ်ခွင့်ရချင်ပြီ၊ ငါဟာ တစ်ယောက်တည်း ထိန်းချုပ်လို့ မရနိုင်ပြီ"

"အင်း ... အင်း ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ကဲ ... မကောင်းဘူးလား"

"ကောင်းတယ် ... ကောင်းတယ်၊ အား ... ယားလိုက်တာ၊ အစ်ကို မယားဘူးလား၊ တင့် ... တင့် တစ်ကိုယ်လုံး ယား တယ်"

"ဟင် ... ဟုတ်လား"

ဒီတော့မှ သူလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားကာ ထိုင်သည့်နေရာကနေ တင်ပါးတစ်ပြင်လုံး စိုးစိုးစစ်စစ် ဖြစ်လာသည်အထိ ဖြစ်လာတာကို တဗြိုးဗြိုးကုတ်ပြီး ...

"အား ... ဟုတ်တယ်၊ ယားလိုက်တာ၊ ဒုက္ခပါပဲ၊ ဝဲ ... ဝဲများ ပေါက်ချင်လို့လား"

"အာ ... ဘယ်က ဝဲပေါက်ချင်ရမှာလဲ၊ တစ်ခုခု တစ်ခုခု အမယ်လေး ယားလိုက်တာ၊ ဒုက္ခပါပဲဟယ်၊ ဒုက္ခပါပဲ"

"ဒါဆို အစ်ကို ... အစ်ကို ကုတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ... သေချင်စော်ကို နံတာပဲ၊ ဒါ ... ဒါ တင့်ကလေးတွေ လက်ချက်ပဲနေမယ်၊ ဟား ... ဒုက္ခပါပဲ"

မာမီနှင့် သူ့ဖေဖေ အသံနှင့် ရုပ်ရှင်ပြကွက်တွေက နော်နှင့် သူ့ကို အကျယ်ကြီး မရယ်မိအောင် မနည်း သတိထား ထိန်းလိုက်ချိန်မှာ သူ့ဖေဖေအသံကြီးက မခံချိမခံသာ ထွက်လာတော့သည်။

"ဟာ ... ဟုတ်တယ်၊ ယားတဲ့အသီးရှိတယ်၊ အဲဒါ ... အဲဒါ တင့်သမီးများ လုပ်တာလား"

"မဟုတ်လောက်ဘူး၊ သား ဖြစ်လောက်မယ်၊ အား ... အစ်ကိုရဲ့ လုပ်ပါဦး၊ ကျောတစ်ပြင်လုံး ယားလာပြီ၊ ကုတ်ပေးပါဦး"

"အေး ... အေးပါကွာ"

ဆိုသည့် သူ့ဖေဖေ စကားသံကြီးနှင့်အတူ မာမီ ကျောပြင်ကြီးကို တဗြီးဗြီးကုတ်ပေးနေတဲ့ ပုံကြီးက နော်ကို ရယ်ချင်လွန်းလို့ နှုတ်ခမ်းလေးကို သတိလက်လွတ် ဖိကိုက်ထားလိုက်မိသည်။ အဲဒီအချိန်မှာပဲ နော် ကျောပြင်ကလေးကို ကုတ်လိုက်သည့် အထိအတွေ့ကြောင့် နော် လန့်ဖျပ်ပြီး အနောက်ကိုလှည့်





ကြည့်လိုက်တော့ သူက နော် ကျောပြင်ကို ကျကျနနကြီး မျက်လုံးစုံမှိတ်ပြီး ကုတ်နေတာမို့ ...

"အား ... ဒါ ဘာလုပ်တာလဲ"

"ဖေဖေနဲ့ မာမီလို Dance တာ"

"ဘာဒန့်တာလဲ"

"အာ ... မှုတ်ဘူး ... မှုတ်ဘူး၊ ညောင်ကြီးအိုနတ် ယောင် ဝင်သွားတာ၊ ယောင်လို့ ... ယောင်လို့ ဘွာတေးနော်၊ ဘွာတေး ...

မိန်းမ စိတ်မဆိုးနဲ့ ဖေဖေ့သင်ခန်းစာကွ၊ သင်ခန်းစာ"

ဆိုပြီး အရှက်မရှိ ပြောလိုက်သည့် သူ့အသံကြီးကို နော်က ရှက်လွန်းလို့ မျက်နှာလေး အပ်ဖွက်လိုက်ပေမယ့် သူကတော့ ယောက်ျားပီပီ အရှက်နည်းစွာဖြင့် တဟားဟား ရယ်ချလိုက်ပါတော့သည်။

အဲဒီလို ရယ်ချလိုက်သံကြီးနှင့် နောက်ဆက်တွဲပြောလိုက်သည့် သူ့စကားကတော့ ...

"သိပ်ကြည်ကောင်းတယ်ဗျာ၊ မင်္ဂလာဂွတ်ဒ်ရှယ်ပဲ၊ မင်္ဂလာ ဂွတ်ဒ်ရှယ်၊ ဟား ဟား ... ဖေဖေ ကိုးဝင်သွားပါပြီတဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့အယ် ... သား ... သားတို့တော့ အစ်ကိုရဲ့လုပ်ပါဦး"

ဆိုသည့် မာမီအသံကလည်း နောက်ကို တကယ်ရယ်စရာ ဟာသတစ်ကွက်ကောင်း ရသွားရလေတော့သည်။

ပြီးတော့ ရှက်သလိုကြီးလည်း ခံစားရပါသည်။ အင်း ... သူ့သားကတော့ တကယ့်ကို အရှက်မရှိစွာဖြင့် တဟီးဟီး တဟားဟား ရယ်မဆုံး ဖြစ်သွားရလေပြီ။

"ဟား ဟား ဟား"

အဲဒီလို ရယ်လိုက်တဲ့ သူ့အသံကြီးက သူ့အဖေအတွက် မင်္ဂလာရှိစွာဖြင့် အထူးဂုဏ်ယူမဆုံး ပျော်ရွှင်လုံး ရိုက်သွားသည့် အသံကြီးဆိုတာကိုတော့ မော် ကောင်းကောင်းကြီး နားလည်လိုက်ပါသည်။

ဗရိုသတ်အတွက်

ဆုမြတ်စမ်း

ရှင်မိထယ်

www.burmeseclassic.com